# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ရီရီ ၊ ဒေါက်တာ | Yi Yi , Dr. | Ri¯ Ri¯ , Dok‘ ta¯ | **Art.** YI0006 |

**Article Title**
မြန်မာရာဇဝင်သုံးစောင် နှင့် သရေခေတ္တရာ မင်းဆက်
Myanmar: Three Histrical Texts of the Srikhetra Dynasty
Mran‘ma¯ ra¯ja van‘ sum‘ con‘ nhan' Sarekhetara¯ man‘" chk‘

**Title (Book/Serial)**
ရှုမဝ
Shamawa

**Issue and Volume** Vol. 28, No. 332

**Edition**

**Place/ Publisher**

**Distributor**

**Ed. Date** Feb , 1975

**Pagination** p. 33 - 40

**Annotation** Article is about the Srikhetara Dynasty and is a thorough study based on three Myanmar sources: "U Kalar's Maharazawingyi"; "Mhannan Razawin"; and " Twinthin Razawin". Dr. Yi Yi describes the Srikhetra dynasty, then contrasts these historical sources for what they reveal about the Srikhetra Dynasty. These articles were published over a 9 month period in Shumawa magazine.

**Subject Terms** Myanmar - History - Srikshetra period

**Key Words**

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

### ရာဇဝင်သုံးစောင်

မြန်မာရာဇဝင် သုံးစောင်ဟူသည်ကား **မဟာရာဇဝင်ကြီး**၊ **မဟာရာဇဝင်သစ်** နှင့် **မှန်နန်းမဟာရာဇဝင်တော်ကြီး**တို့ ဖြစ်ကြ၏။ **မဟာရာဇဝင်ကြီး**ကို စဥ့်ကိုင်းသူဌေးသား ဦးကုလားသည် ၁၈-ရာစု အစောပိုင်းကာလ ညောင်ရမ်းဆယ်ဆက်မှ တနင်္ဂနွေမင်း လက်ထက်တွင် ပြုစုသည်။ **မဟာရာဇဝင်သစ်**ကို တွင်းသင်းတိုက်ဝန် မဟာစည်သူက ၁၈ ရာစု အကုန်ခန့်၊ ကုန်းဘောင်မင်းဆက် ဗဒုံမင်း (ဘိုးတော်ဘုရား) လက်ထက်တွင် ရေးသားသည်။ **မှန်နန်းမဟာရာဇဝင်တော်ကြီး**ကို စစ်ကိုင်းမင်း (ဘကြီးတော်ဘုရား) လက်ထက်တွင် မင်းမိန့်ဖြင့် ခန့်ထားသော ပညာရှိအဖွဲ့က စီကုံးရေးသားကြသည်။ ဤတွင် အသုံးပြုသော မူများမှာ ဆရာပွားတည်းဖြတ်၍၊ မြန်မာသုတေသနအသင်းမှ ၁၂၉၅-ခု၊ နတ်တော်လ ထုတ်ဝေသော **မဟာရာဇဝင်ကြီး** ပထမအုပ်၊ ဦးမြင့်ဆွေတည်းဖြတ်၍၊ မင်္ဂလာပုံနှိပ်တိုက်၊ ရန်ကုန်မှ ၁၉၆၈-ခု၊ ဒီဇင်ဘာလ ထုတ်ဝေသော **တွင်းသင်းမြန်မာရာဇဝင်သစ်** ပထမတွဲနှင့် မအေးတင် စာပုံနှိပ်တိုက်၊ မိတ္ထီလာမြို့မှ ၁၂၉၈ ခု၊ နတ်တော်လ ထုတ်ဝေသော **မှန်နန်းမဟာရာဇဝင်တော်ကြီး** ပထမတွဲတို့ ဖြစ်ပါသည်။

ရာဇဝင်တို့တွင် ပါသည့် သရေခေတ္တရာ မင်းဆက်အကြောင်းကို မဆွေးနွေးမီ ရာဇဝင်သုံးစောင်နှင့် စပ်ဆိုင်သည့် အကြောင်းအရာအနည်းငယ်ကို တင်ပြရန် ရှိပါသည်။ ရာဇဝင်သုံးစောင်လုံး၌ ကျမ်းပြုပုဂ္ဂိုလ်တို့သည် မိမိတို့ရာဇဝင် ရေးသားရာ၌ ထားရှိသည့် ရည်မှန်းချက်၊ ရေးသားရသည့် အကြောင်းရင်း စသည်များကို ဖော်ပြကြပါသည်။ ဦးကုလားသည် ရာဇဝင်ကြီး ရေးသည့်အတွက် ပညာရှိတို့က မိမိအား မင်းစကား၊ အမတ်ကြီးစကား၊ ဒိုးယူစကား၊ စစ်အင်္ဂါစကား အစရှိသည်တို့နှင့် ယှဥ်သော ရာဇဝင်ကျမ်းကို ပြုစုခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။ တိရစ္ဆာနကထာ- နတ်ရွာနိဗ္ဗာန်နှင့် ဖီလာသာ ဖြစ်သည်ဟု ကဲ့ရဲ့ အပြစ်တင်မည်ကို လွန်စွာစိုးရိမ်ရှာသည်။ (စာမျက်နှာ- ၃) ထို့ကြောင့် မိမိ၌ အပြစ်တင်ဖွယ် မရှိစေရန် နိဒါန်းတွင်-

ဤသို့ ပါဠိ၌ မင်းစကား အစရှိကုန်သော စကားတို့ကို တိရစ္ဆာနကထာဟူ၍၊ သမ္မာသမ္ဗုဒ္ဓ ဟောတော်မူသော်လည်း မြတ်စွာဘုရားအလိုတော်ကို သိကုန်သော အဋ္ဌကထာဆရာတို့သည် မဟာသမ္မတမင်း၊ မန္ဓာတ်မင်း၊ ဓမ္မာသောကမင်းတို့သည် ကြီးသော အာနုဘော် ရှိကုန်၏။ ဤသို့ အစရှိသည်ဖြင့်အိမ်၌နေသောလူတို့၏စကားသည်သာလျှင်တိရစ္ဆာနကထာမည်၏။

ထိုသို့သော မင်းစဉ်လျက်လည်း။ ပျက်ခြင်း၊ ကုန်ခြင်းသို့ ရောက်ခဲ့၏ဟူ၍ ဆိုသောစကားသည် ကမ္ဘဋ္ဌာန်းအဖြစ်ဖြင့် တည်၏ဟူ၍ ၀ိသေသအားဖြင့် ခွဲခြမ်း၍ ဖွင့်တော်မူသောကြောင့်။ ယခု ပြုလတံ့သော ရာဇ၀င်ကျမ်းသည်လည်း ဂေဟာသိတကထာဖြင့် သာမည မဆိုမူ၍။ အနိစ္စ အစရှိသော ကမ္ဘဋ္ဌာန်းနှင့် ယှဉ်၍ ဆိုလတံ့သည်ဖြစ်၍။ သူတော်ကောင်းတို့သည် များသော အစီးအပွားဖြစ်လတံ့။ ကောင်းစွာ မှတ်ကုန် နာကုန်ရာ၏။

....ဟူ၍ အများသူ အပြစ်တင်မည်ကို ကြိုတင်ကာကွယ်ထားလေသည်။ (စာမျက်နှာ ၄)

တွင်းသင်းတိုက်ဝန် မဟာစည်သူက မိမိရာဇ၀င်ရေးသားရသည့် အကြောင်းရင်းမှာ ဗဒုံမင်း၏ တိုက်တွန်းချက်ကြောင့် ဖြစ်သည်ဟု **ရာဇ၀င်သစ်** နိဒါန်းတွင်–

> ရှေးပညာရှိတို့ စီရင်ခဲ့သော ရာဇ၀င်ကျမ်းတို့၌ ကျောက်စာသံပိုင်း စသည်တို့နှင့် မညီ၊ ပျက်စီးယိုယွင်း မသန့်မရှင်း ရှိသည်ကို ငါတို့ ရွှေနန်းသခင် ဆင်ဖြူများရှင် မင်းတရားသည် မြင်တော်မူ၍- ကျောက်စာသံပိုင်း စသည်နှင့် ညီညွတ်အောင် မဟာစည်သူ ရာဇ၀င်သစ် ထိုးဘိ ဟု အမိန့်တော်ရှိ၍ ကျောက်စာသံပိုင်း စသည်တို့နှင့် ညှိနှိုင်း ဆင်ခြင်၍ ယခုအခါ ရာဇ၀င်သစ် ထိုးပေအံ့။ ။

....ဟူ၍ ဖော်ပြပေသည်။ (စာမျက်နှာ ၂)

**မှန်နန်း ရာဇ၀င်တော်ကြီး**ကို ရေးသားသည့် ပညာရှိ အဖွဲ့ဝင်တို့မှာ မုံရွေးဆရာတော်၊ သော်ကပင် ဆရာတော်၊ မင်းတိုင်ပင်အမတ် မဟာဓမ္မရာဇသင်္ကြံ၊ မြင်းစုကြီး ဝန် ဦးရောက်၊ သံတော်ဆင့်ဦးချိန်၊ စာရေးတော်ကြီး ဦးဖျော်၊ ဘိသိက်တော်ဆက် ပုဏ္ဏားတော်ပညာရှိ ရာဇဒေ၀၊ ဘိသိက်တော်ဆက် ပုဏ္ဏားတော်ပညာရှိ ကုမုဒြာ မြို့တိုက်သံဆင့် ဦးရွှေ၊ စာရေးတော်ကြီး **ဦးလှ**ကြီး၊ စာရေးတော် ဦးအောင်သာ၊ **ဆောမြို့**စား အတွင်းဝန် မင်းကြီး သီရိမဟာ**နန္ဒသင်္ကြံ**၊ စဥ့်ကူမြို့စား အတွင်းဝန် အသည်ဝန်တို့ ဖြစ်ကြသည်။ ၎င်းတို့က ရာဇ၀င်ရေးသားရသည့်အကြောင်းကို ဘော်ပြရာ၌– ရှေးသူဟောင်းတို့ ရေးသားခဲ့သော ရာဇ၀င်ကျမ်းတို့သည် တစောင်နှင့်တစောင်ကွဲပြား၍ မညီမညွတ်ရှိချေ၏။ ရာဇ၀င်ကျမ်းမည်သည် မင်းမူ မင်းရေးတိုင်းရေး ပြည်ရေး သာသနာရေး အလုံးစုံတို့၏ အတိုင်းအရှည် ပမာဏ စင်းချိန်ခွင်သဖွယ်လည်းဖြစ်သည်။ ထိုသို့ချိန်ခွင်သဖွယ်ဖြစ်သော ရာဇ၀င်ကျမ်းတို့သည် အချင်းချင်း မကွဲပြား သင့်ဟု ဘုရင်မင်းမြတ်က သဘောပိုက်၍ ပညာရှိအဖွဲ့အား မှန်နန်းစနုဆောင်တွင် စည်းဝေးစေလျက် များစွာသော ရာဇ၀င်ကျမ်းစုနှင့် ကျောက်စာစုတို့ကို ညှိနှိုင်းတိုက်ဆိုင်၍ ရာဇ၀င် ပြုစုစေသည်ဟု ဖော်ပြ၏။ ထို့ပြင် ပညာရှိအဖွဲ့သည် မိမိတို့၏ ရည်မှန်းချက်ကို ဖော်ညွှန်းရာ၌ မဖောက်မပြန် မှန်ကန်သော မဟာရာဇ၀င် စကားသည် အလွန်တရာ ရခဲဘိသည်ဖြစ်၍ ဤရာဇ၀င်ကို ဖတ်ရှုကြားနာခြင်းအားဖြင့် ကံသာဥစွာ ဖြစ်ချေသည်ဟု သိရသော ဉာဏ်သည် လည်းကောင်း၊ ဖြစ်ပွားသော သုတမယ အစရှိသော ဉာဏ်သည် လည်းကောင်း၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းသည် လည်းကောင်း၊ ပွားများမည် ဖြစ်သည့်ပြင် ရာဇ၀င်ကို ပညာဖြင့် ရှုဘတ်ကုန်သော သူတို့အတွက်လည်း ကမ္ဘဋ္ဌာန်း ဖြစ်ပေမည်ဟူ၍ ဆိုထားပါလည်း။

ရာဇ၀င် သုံးစောင်လုံးသည် ကမ္ဘာတည်ခြင်းကစ၍ မဟာသမ္မတမင်းမှသည် မဇ္ဈိမဒေသမင်းတို့၏ အစဉ်အဆက်ကို သီရိဓမ္မာသောကမင်းကြီး နတ်ရွာစံသည်အထိ ရေးသားကြ၏။ ထို့နောက်တွင်မှ မြန်မာရာဇ၀င်ကို ရေးသားကြသည်။ ထိုသို့ ရေးသားကြရာ၌ **ရာဇ၀င်ကြီး**နှင့် **ရာဇ၀င်သစ်**တို့သည် တကောင်း ရာဇ၀င်ကို သိပင် သိငြားသော်လည်း တကောင်းမင်းဆက် အကြောင်းကို တသီးတခြား မရေးသားကြချေ။

မှန်နန်းကသာ တကောင်းပြည် အကြောင်းကို မင်းစဉ် မင်းဆက်နှင့်တကွ ဖော်ပြရေးသားသည်။ ဤသို့ ရေးသားရသည့် အကြောင်း ကိုလည်း တကောင်းမင်းဆက်ကို ဆိုပြီးသည့်အဆုံး၌....

ဤချိုသောက်သော စကား အစဉ်ကား။ ရာဇဝင်ကြီး ရာဇဝင်သစ်တို့၌ မဆိုမပြ ကြွင်း ကျန်လေသည်ကို။ မြန်မာဦး စွန်း ထွန်း စ ဖြစ်သော တကောင်းပြည်ကြီး၏ အခြေ အ မြစ်ကို လည်းကောင်း၊ အာဒိစ္စဝံသသာကီယ ဖြစ်သော မြန်မာမင်းတို့၏ အနွယ်အလာကို လည်းကောင်း။ နောက်နောင် ထင်ရှားစိမ့် သောငှာ။ ဓမ္မပဒ အဋ္ဌကထာ စသော သာသနာ ကျမ်း တို့မှ လည်း ကောင်း။ ဂေါတမပူဇာဏစသော လောကီကျမ်းတို့မှ လည်း ကောင်း။ ရက္ခိုင်ရာဇဝင်။ တကောင်း ရာဇဝင်တို့မှ လည်းကောင်း။ တကောင်း ရွှေနန်းတည်သမိုင်း။ရက္ခိုင် မဟာမုနိသမိုင်း တို့မှ လည်းကောင်း။ အရပ်ရပ် ရာဇဝင် ရာဇပုံ စာဟောင်း မှုဟောင်း တို့မှ လည်းကောင်း။ ယုတ္တိအာဂုံ အလုံးစုံညှိနှိုင်း၍ ထုတ်နှုတ် ပြဆိုသော စကားတည်း။

....ဟူ၍ ဖော်ပြသည်။ (စာမျက်နှာ ၁၇၁-၂)

သရေခေတ္တရာ ရာဇဝင်ကဲ့သို့ အလွန်ရှေးကျ သော အကြောင်းအရာကို ရေးသားရာ၌ အထောက်အထား ချို့တဲ့မှုကြောင့် ရာဇဝင် တို့မှာ ဒဏ္ဍာရီဆန်လှသည်ကိုကား ငြင်းပယ်၍ မရသော အချက်ဖြစ်သည်။ သို့သော် ဤဒဏ္ဍာရီ ဆန်သော အကြောင်းအရာထဲမှပင် သမိုင်း အတွက် ထုတ်ယူနိုင်သည့် အချက်အလက်အချို့ ပါသည်ကို လည်းကောင်း၊ သမိုင်းသုတေသီတို့ စဉ်းစားဖွယ်များ ပါသည်ကို လည်းကောင်း တွေ့နိုင်မည်ဟု ယူဆပါသည်။ ဤယူဆချက်ကို လက်မခံနိုင်စေကာမူ ဒဏ္ဍာရီဆန်သော ရာဇဝင် ထဲမှ ရာဇဝင်သုံး ဝေါဟာရ၊ ရာဇဝင် အရေး အသားနှင့်ဆိုင်သည့် အချက်အလက်၊ မြန်မာ တို့၏ နိုင်ငံရေး အုပ်ချုပ်ရေး သာသနာရေးနှင့် စပ်လျဉ်းသည့် အတွေးအခေါ်အယူအဆ၊ မြို့ရွာ အမည်မှတ်နှင့်ဆိုင်သည့် ရာဇဝင် ပုံပြင် စသည့် အဖိုးတန် အချက်အလက်များ ရနိုင်သည်ကို ကား လက်ခံအံ့ ထင်၏။

လူမျိုးတိုင်းသည် ရှည်ဝေးသော အစဉ် အဆက်ကို နှစ်သက်ကြသည်။ မိမိတို့မှာ ရှေး ပဝေဏီကပင် ထင်ရှားသည့်လူမျိုး ဖြစ်သည်ဟု ဆိုချင်ကြသည်။ မိမိတို့နေရပ်မှာလည်း အလွန် မြင့်မြတ်သော ဒေသ ဖြစ်စေလိုကြသည်။ ဗုဒ္ဓ သာသနာ ထွန်းကားသည့်ဒေသတို့၌ ထိုရပ်ရွာနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက မည်ကဲ့သို့ ဗျာဒိတ် ထားခဲ့သည်ဟု ဖော်ပြလိုက်ကြသည်။ ဤအယူ အဆတို့ကြောင့် မည်သည့် လူမျိုး၏ ရာဇဝင် တွင်မဆို ထိုလူမျိုး ဖြစ်ပေါ်လာပုံ၊ အလွန်ရှေးကျ ပုံ၊ ၎င်းတို့၏နေရပ် မြင့်မြတ်ပုံနှင့် ဆိုင်သည့် ဒဏ္ဍာရီများ ပါရှိကြသည်။

**ရှင်တော်မြတ်စွာ လယ်ကိုင်းအရပ်သို့ ကြွတော်မူခြင်း**

မြန်မာ ရာဇဝင်တို့သည် သရေခေတ္တရာ မင်းဆက်အကြောင်း ရေးသားရာ၌ မြတ်စွာ ဘုရားက သရေခေတ္တရာပြည်နှင့် ဒွတ္တပေါင်မင်း ဖြစ်လတံ့သည်ကို မည်ကဲ့သို့ ဗျာဒိတ်ပေးခဲ့သည် မှ စတင် ရေးသားကြ၏။ ဂေါတမရှင်တော် သည် ဘုရားအဖြစ်ကို ရတော် မူပြီးနောက် ...ဝါမြောက်သောအခါ မဇ္ဈိမတိုက်၏ အရှေ့ ကောင်ယွန်း၌ တည်ရှိသော သုနာပရန္တကိုင်း တွင် မဟာပုဏ္ဏ၊ စူဠပုဏ္ဏ ညီနောင်တို့သည် စန္ဒကူးနံ့သာကျောင်း တည်ဆောက်၍ မြတ်စွာ ဘုရားအား လှူကြ၏။ ဘုရား ရှင်တော်သည် ထိုကျောင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံး တော်မူ၍ တိုင်းသားပြည်သူတို့အား တရားတော် ဟောကြားရာ၊ ရှစ်သောင်းလေးထောင်သော လူအပေါင်းတို့သည် အကျွတ်တရား ရကြကုန် ၏။ သစ္စဗန္ဓရသေ့အားလည်း ဆုံးမတော်မူ၍ အရဟတ္တဖိုလ်၌ တည်စေသည်ဟု ဆိုကြသည်။

ရာဇဝင်တို့သည်အထက်ဖော်ပြပါအကြောင်းအရာများကို စီကုံးရာ၌ ရေးသားပုံ ကွဲပြားသည်များရှိ၏။ ဘုရားမြတ်စွာကို ရည်ညွှန်းရာ၌ **ရာဇဝင်သစ်**က ဘုရားသခင်ဟု သာမန်ရေးသား၍ **ရာဇဝင်ကြီး**နှင့် **မှန်နန်း**တို့က ဝိသေသပုဒ်များနှင့် ဖွင့်ဆိုကြသည်။ **ရာဇဝင်ကြီး**က 'ဂုဏ်တော် ၉-ပါး၊ ဘုန်းတော် ၆-ပါး၊ အစိန္တေယျ ၄-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်ဘုရား' ဆို၍ **မှန်နန်း** ကမူ 'အောင်သူတကာတို့၏ အထွဋ်ဖြစ်တော်မူသော သဗ္ဗညုတ မြတ်စွာဘုရား'ဟု အထူးပြုသည်။ မဟာပုဏ်ညီနောင်တို့နေရပ်ကို ဖော်ညွှန်းရာ၌ **ရာဇဝင်ကြီး**က 'မဇ္ဈိမဒေသတိုက်၏ အရှေ့တောင်ယွန်းဖြစ်သော ဤသူနာပရန္တအမည်ရှိသောတိုင်း' ဟူ၍ ဖော်ပြသည်ကို **ရာဇဝင်သစ်**က 'မဇ္ဈိမတိုက်၏ အရှေ့တောင်ယွန်း သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော သူနာပရန္တတိုင်း ဝါဏိဇဂါမရွာ' ဟူ၍ ပိုမိုပြည့်စုံစွာ ဖော်ပြသည်။ သို့သော် ရွာအမည် ဖော်ပြခြင်း မရှိသဖြင့် **မှန်နန်း**က 'သူနာပရန္တတိုင်း လယ်ကိုင်းမည်သော ဝါဏိဇဂါမ'ဟု ဖြည့်စွက်ပြန်သည်။

မဟာပုဏ်ညီနောင်တို့ ရှင်တော်ဘုရားအား စန္ဒကူးနံ့သာကျောင်း လှူဒါန်းသည့်အကြောင်းနှင့် စပ်လျဉ်း၍လည်း အရေးအသား ကွဲလွဲမှုများရှိသည်။ **ရာဇဝင်ကြီး**က-

> ရှင်ပုဏ်- မဟာပုဏ် အမည်ရှိသော ညီနောင်နှစ်ပါးတို့သည် ဘုရားသခင်အား နားတော်လျှောက်၍ စန္ဒကူးနံ့သာကျောင်းကို တည်၏။ ဘုရားသခင်သည်လည်း နောင်လာလတံ့သောအခါ၊ သာသနာတော်၏ တည်ရာ ဖြစ်လတံ့သည်ကို မြင်တော်မူ၍၊ ပြာသာဒ်ယာဉ်ရှင် ၅၀၀-စီးတော်မူလျက်။ ထိုကျောင်းကို လုပ်သည်မှစ၍၊ မပြီးမချင်း အကြိမ်ကြိမ် ကောင်းကင်ဖြင့် ကြွတော်မူ၏။ ကျောင်းကိုလုပ်၍ ပြီးသောအခါ ခံတော်မူ၍၊ ခုနစ်ရက်ပတ်လုံး ဈာန်၏ချမ်းသာဖြင့် မွေ့လျော်တော်မူ၍၊ ထိုတိုင်းသားတို့အား တရားဟောတော်မူလျှင်၊ ရှစ်သောင်းလေးထောင်သော သူတို့သည်လည်း အမြိုက်ဘည်း ဟူသော အရသာကို သောက်ရကုန်၏။ သစ္စဗန္ဓ ရသေ့အားလည်း ဆုံးမတော်မူ၍၊ မြတ်သော အရဟတ္တဖိုလ်၌ တည်စေ၏။ (စာမျက်နှာ ၁၁၄)

....ဟု ဖော်ပြရာ၊ မြတ်စွာဘုရားအား လျှောက်ထားပြီးမှ ကျောင်းတည်ဆောက်သည့် အဓိပ္ပာယ်ရ၏။ ဤအပိုဒ်တွင် မြတ်စွာဘုရားသည် ပြာသာဒ်ယာဉ်ရှင် ၅၀၀-စီးတော်မူလျက်၊ ကြွတော်မူကြောင်း ပါရှိသည်မှာလည်း မရှင်းချေ။ မြတ်စွာရှင်ပင် တကိုယ်တည်းက ယာဉ်ရှင် ၅၀၀ စီးသကဲ့သို့ ဖြစ်နေပေသည်။ ထို့ပြင် ကျောင်းမပြီးမချင်း အကြိမ်ကြိမ် ကြွလာဟန် ဆိုထားပြန်သည်။

**ရာဇဝင်သစ်**က ဤအကြောင်းကို ရေးသားရာ၌ **ရာဇဝင်ကြီး**နှင့် ကွဲလွဲသည့်အချက်များရှိသည်။မဟာပုဏ်ညီနောင်တို့သည်စန္ဒကူးနံ့သာကျောင်းဆောက်၍ ဘုရားသခင်အား ပင့်ဖိတ်ရာ၊ ရှင်တော်ဗုဒ္ဓသည် သာသနာတော်အရှည်တည်မည်ကို မြင်တော်မူသဖြင့် 'သင်္ဃာတော် ငါးရာနှင့် ပြာသာဒ်ယာဉ်ရှင် ငါးရာစီးလျက်' ကြွတော်မူသည်ဆို၏။ ဤအကြောင်းကို ဆိုရာ၌ **မှန်နန်း**သည်**ရာဇဝင်ကြီး** နှင့် **ရာဇဝင်သစ်** တို့၏ အဆိုနှစ်ရပ်ကို ဆက်စပ်ယူကြောင်း တွေ့ရသည်။ ဘုရားမြတ်စွာကို ပန်၍ ကျောင်းတော်တည်ဆောက်ကြောင်း၊ကျောင်းမပြီးမချင်းအကြိမ်ကြိမ် ကြွလာတော်မူ၍ ပြီးမြောက်သော အခါ အလှူတော်ခံ၍ ခုနစ်ရက်ပတ်လုံးဈာန်၏ချမ်းသာဖြင့် မွေ့လျော်သည်။ တိုင်းသားပြည်သူတို့ကို ဒေသနာအမြိုက် တိုက်ကျွေးသည်ဆိုသည့်အချက်များမှာ **ရာဇဝင်ကြီး** အတိုင်းဖြစ်၏။ **ရာဇဝင်သစ်နှင့်** တူသည့်အချက်မှာ ပြာသာဒ်ယာဉ်ရှင် ၅၀၀၊ ရဟန္တာ ၅၀၀-နှင့် ကောင်းကင်ခရီး

ဖြင့် ကွဲလွဲခြင်းဖြစ်သည်။ **ရာဇဝင်ကြီး** နှင့် **ရာဇဝင်သစ်** တို့ထက် ပိုသည်မှာ နောင်အခါ သာသနာတော် ထွန်းလင်းမည့် အရပ်မှာ မြန်မာပြည် ဖြစ်သည်ဟု ဖော်ပြခြင်း၊ 'နောင်လာလတ္တံ့သော အနာဂတ်နိုက်၊ ဤမြန်မာပြည်တွင် ငါ၏သာသနာတော် အမွန်ရှည်စွာ တည်ရာ ဖြစ်လတ္တံ့သည်' မြတ်စွာဘုရား၏ ဒေသနာတော်ကို ကြားနာရသောအခါ သုနာပရန္တတိုင်းသား ယောက်ျား ၅၀၀၊ မိန်းမ ၅၀၀ ရဟန္တာ ဖြစ်ကုန်သည်ဆိုသော အချက်များဖြစ်သည်။

## စက်တော်ရာ ချတော်မူခြင်း

ထို့နောက် သစ္စဗန္ဓထေရ်၏တောင်းပန်ချက်အရ သစ္စဗန္ဓ တောင်ထိပ်၌ စက်တော်ရာတဆူ၊ နမ္မဒါ နဂါးမင်း တောင်းပန်သဖြင့်မန်းချောင်းနား၌ ခြေတော်ရာတဆူ၊ ရွှေစက်တော်ရာနှစ်ဆူ ချမှတ်တော်မူခဲ့သည်။ နောင်အခါ ထိုတိုင်းကြီးတို့၌ သာသနာတော် ကောင်းစွာ ထွန်းလင်းမည်ဟု ဗျာဒိတ်ထားခဲ့၍၊ ဒေသစာရီ ကြွချီတော်မူကြောင်း ရာဇဝင်တို့က ဆိုကြ၏။ စက်တော်ရာနှစ်ဆူ ချတော်မူခြင်းနှင့် စပ်လျဉ်း၍ **ရာဇဝင်ကြီး** က သစ္စဗန္ဓထေရ် တောင်းပန်သဖြင့်-

> ထိုတောင်ထိပ်၌ ရွှေစက်တော်ရာတဆူ မန်းချောင်းနား၌ ရွှေစက်တော်တဆူ၊ ဤနှစ်ဆူသော စက်တော်ရာတို့ကို ခံသိမ်းသော သတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာဖြစ်စေခြင်းငှာ၊ ရာဇနာချက်မြတ်ဘံဆိပ်ဖြင့် ခပ်ဘိသကဲ့သို့ ထားတော်မူ၏။

....ဟူ၍ ရေးသားသည်။ မည်သည့်အချိန်၌ ခြေတော်ရာ ချခဲ့သည်ကို သိသာစေရန် **ရာဇဝင်သစ်**က သာဝတ္ထိပြည်သို့ အပြန်တွင်ဖြစ်ကြောင်း ဖော်ပြသည့်ပြင်၊ ခြေတော်ရာတဆူ ချတော်မူသည့် တောင်ထိပ်မှာ သစ္စဗန္ဓ တောင်ထိပ်ဖြစ်ကြောင်းလည်း ဆိုသည်။ သစ္စဗန္ဓ တောင်ထိပ်ဆိုသည်မှာ ယခု မန်းစက်တော်ရာရှိသော တောင်ထိပ်ကို ဆိုလိုသည်။ မှန်နန်းက စက်တော်ရာကို အထူးပြု၍ 'ဤနှစ်ဆူသော ပါဒနက်သန် စေတီတော်ကိုလည်း ကျောက်ထက်နှိပ်၍ တံဆိပ်ခပ်ဘိ သကဲ့သို့ ထားတော်မူ၏' ဟု ဆိုသည်။ ထိုသို့ ခြေတော်ရာ ချတော်မူပြီးနောက် ရှင်တော်ဗုဒ္ဓသည် နောင်အခါ သုနာပရန္တ တမ္ပဒီပ ဤတိုင်းကြီးနှစ်တိုင်း၌ သာသနာတော် ကောင်းစွာတည်မည်။ ဗျာဒိတ်ထားတော်မူပြီးနောက်- ဒေသစာရီ ကြွချီတော်မူသည်ဟု **ရာဇဝင်ကြီး**က ဆိုသည်။ ယင်းသည်တွင် မှန်နန်းက တိုင်းကြီးနှစ်တိုင်းကို 'သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းစသော မြန်မာတို့တိုင်းပြည်'ဟု ဖွင့်ဆိုသည်။

## ဖိုးဦးတောင်၌ ဗျာဒိတ်တော်

ဖိုးဦးတောင်ဖျားသို့ ရောက်၍ ယင်းသည်မှ အရှေ့တောင်ယွန်းသို့ ကြည့်တော်မူရာ၊ သမုဒ္ဒရာမျက်နှာပြင်၌ နွားချေးခြောက် ပေါလောမြောသည်ကိုလည်းကောင်း၊ ပွေးငယ်တစုသည် မြေဆွမ်း ပူဇော်သည်ကို လည်းကောင်း မြင်တော်မူ၍ ဘုရားရှင်တော် ပြုံးတော်မူ၏။ ညီတော်အာနန္ဒာက လျှောက်ထားမေးမြန်းရာ၊ ရှင်တော်ဘုရားက ငါနိဗ္ဗာန်ဝင်ပြီးနောက်၊ တရာ့တနှစ်ရောက်သောအခါ ဤအရပ်၌ နိမိတ်ကြီးငါးပါးထင်ရှား၍ ပြည်ကြီးဖြစ်ကာ ပွေးငယ်သည်လည်း ဒွတ္တပေါင်အမည်နှင့် မင်းပြုအံ့။ ထိုအခါ ငါ၏ သာသနာတော် ထွန်းပမည်ဖြစ်ကြောင်း ရှင်တော်ဗုဒ္ဓ ဗျာဒိတ်ထားခဲ့သည်ဟု ရာဇဝင်တို့က ဆိုကြသည်။ ဒေသစာရီ ကြွချီကာ 'ဖိုးဦးအမည်ရှိသော တောင်ဖျားသို့ ရောက်တော်မူ၍' ဟု **ရာဇဝင်ကြီး**က ဆိုသည်ကို **ရာဇဝင်သစ်**က 'နောင်ဖြစ်လတ္တံ့သည့် ပြည်တို့ကို ဗျာဒိတ်ထားတော်မူလို၍ ညီတော် ရှင်အာနန္ဒာနှင့် ဖိုးဦးတောင်ထိပ်သို့ ရောက်တော်မူသည်တွင်' ဟု ဖြည့်ဆိုသည်။ မှန်နန်းကမူ **ရာဇဝင်ကြီး**အတိုင်း ရေး၏။ ဒွတ္တပေါင်ဆိုသည်မှာ ပျူတို့ဘာသာဖြင့် မင်းကို ခေါ်ခြင်းဖြစ်သည်။ နိမိတ်ကြီးငါးပါးကို ဖော်ပြရာ၌ ရေးသားပုံ အနည်းငယ် ကွာခြားသည်မှအပ အကြောင်းအရာအားဖြင့် တူညီကြ၏။

ထို့ကြောင့် ဤတွင် ရာဇဝင်တစောင်၏ အဆိုကိုသာ ဘင်ပြပါမည်။

> ဤအရပ်၌ ထန်ပြင်းစွာ မြေကြီးလှုပ်ခြင်း၊ ဘိုးဦးမော်အရပ်၌ အင်းကြီးပေါက်ခြင်း၊ ပုပ္ပါးတောင်မြေမှ စုန့်စုန့်တက်ခြင်း၊ သရေခေတ္တရာပြည် တည်ရာ ပင်လယ်ခန်းခြောက်ခြင်းဟူသော နိမိတ်ကြီးငါးပါး။

....ဟု ရာဇဝင်သစ်၌ ပါသည်။ နိမိတ်ကြီးငါးပါးတွင် ပါသည့် စကားစုများမှာ ဘူမိဖြစ်စဉ်နှင့် ဆိုင်သည်ဟု ဆိုသော် ရကောင်း၏။ ဘူမိဖြစ်စဉ်သည် ရှေးပဝေဏီက ဖြစ်ရပ်များ ဖြစ်ရကား၊ ဤသည်မှာ ရှေးအခါက ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများတည်းဟု ဖော်ပြသည် ရှိသော်၊ ကြားနာဖတ်ရှုသူတို့ လက်ခံရန် ခဲယဉ်းချေမည်။ အဘယ်ကဲ့သို့ သိသနည်း စသည်ဖြင့် စောဒနာဖွယ်ရှိ၏။ ထိုဖြစ်ရပ်များကို ဘုရားရှင်ဟော် ဗျာဒိတ်တော် ရှိခဲ့သည်ဆိုမူကား လက်ခံကြမည်သာဖြစ်၏။ ထို့ကြောင့် ဘူမိဖြစ်စဉ်နှင့် ဆိုင်သည်ကို ဘုရားဗျာဒိတ်တော်အဖြစ် ရှေးပညာရှင်တို့ရေးသားခဲ့ခြင်း ဖြစ်လေသလောဟု စဉ်းစားဖွယ်ရှိသည်။

ပွေးငယ်သည် ဒွတ္တပေါင်အမည်နှင့် မင်းပြု၍ ၎င်းလက်ထက်၌ သာသနာတော် ထွန်းပမည် ဖြစ်ကြောင်း ဆက်လက် ဗျာဒိတ်ရှိသည်ဟု ဖော်ပြရာ၌ **ရာဇဝင်ကြီးက** -

> ထိုသို့ နိမိတ်ကြီး ငါးပါး ရောက်လာသောအခါ၊ ဤအရပ်၌ ပြည်ကြီး ဖြစ်၍ ဤပွေးငယ်သည် "မျက်စိသုံးခု၊ အတုမဲ့ခေါင်၊ ဒွတ္တပေါင်"ဟူသော အမည်ကိုခံ၍ မင်းပြုလတ္တံ့၊ ထိုမင်း လက်ထက် ငါ၏ သာသနာတော် ထင်ရှားဖြစ်လတ္တံ့....

....ဟု ဆို၏။ မျက်စိသုံးခု အတုမဲ့ခေါင်ဟူသော စကားစုသည် မည်သည်ကို ရည်ညွှန်းသနည်း။ ဟိန္ဒူတို့က သိဝနတ်ဘုရား၌ မျက်စိသုံးလုံးရှိသည်ဟု ယူကြ၏။ တိဘက်လူမျိုးတို့ကလည်း အကြားအမြင်ရှိခြင်းကို တတိယမျက်လုံး ရှိသည်ဟု ဆိုကြ၏။ မျက်စိသုံးခု အတုမဲ့ခေါင်ဟူသည့် အယူအဆမှာ အထက်ဖော်ပြပါ ယုံကြည်ချက်တို့နှင့် ဆက်စပ်မှု ရှိမရှိမှာ စဉ်းစားဘွယ် ဖြစ်သည်။ တဖန်တုံလည်း **ရာဇဝင်ကြီးက** ဒွတ္တပေါင်မင်းလက်ထက် သာသနာတော် ထွန်းလင်းမည်ကိုသာ ဆိုသည်၊ ဒွတ္တပေါင်က သာသနာတော်ကို ပြုစုမည်ဟု မဆိုချေ။

**ရာဇဝင်သစ်က**....

> ဤပွေးငယ်သည် ဒွတ္တဘောင်ဟူသော အမည်ကိုခံ၍ ငါ၏သာသနာတော်ကို ချီးမြှောက်သော မင်းဖြစ်လတ္တံ့....

....ဟု ဤအကြောင်းကို သာမည ဆိုသော်လည်း ဒွတ္တဘောင်မင်းကြီးသည် သာသနာတော်ကို ပြုစုမည် ဖြစ်ကြောင်းကိုမူ အထင်အရှား ဆို၏။

ရာဇဝင်သုံးဆောင်တွင် **မှန်နန်း**၏ အဆိုမှာ အရှည်လျားဆုံး ဖြစ်သည်။

> ထိုသို့ နိမိတ်ကြီးငါးပါး ထင်ရှားစွာ ဖြစ်လတ်သောအခါ။ ဤပွေးငယ်သည် ဤကိုယ်၏ အဖြစ်မှ စုတေပြီးလျှင်။ လူဖြစ်၍ ဒွတ္တပေါင်ဟူသောအမည်ဖြင့်။ မြို့ကြီး ပြည်ကြီး ထီးနန်းကနက် တည်ထောင် ပြုစု၍ မင်းဖြစ်သတ္တံ့။ ထိုမင်းကြီး၏ လက်ထက်တော်မှစ၍၊ မြန်မာတို့ တိုင်းပြည်နိုက်။ ငါ၏ သာသနာတော်သည် အမွန်ရှည်စွာလျှင် ထင်ရှားဖြစ်လတ္တံ့ ဟူ၍ ဗျာဒိတ်ကြားတော် မူခဲ့၏။

ဤတွင်ဒွတ္တပေါင်မင်း လက်ထက်မှစ၍ မြန်မာပြည်၌ သာသနာတော် ထင်ရှားမည် ဟူသော **မှန်နန်း**၏ စကားမှာ ယခင် ဆိုထားသည်များနှင့် ဆန့်ကျင်ဘိ၏။ အကြောင်းမှာ ရှင်တော်ဂေါတမ ထင်ရှားရှိစဉ် လယ်ကိုင်းအရပ် မဟာပုဏ္ဏ ညီနောင်တို့၏ စန္ဒကူးနံ့သာကျောင်း၌ သီတင်းသုံးကာ ဒေသနာတော် ဟောကြားရာတွင် ယောကျ်ား မိန်းမ တထောင် ရဟန္တာ

ဖြစ်၍ ရှစ်သောင်း လေးထောင်သော ပရိသတ်တို့ အကျွတ်တရား ရကုန်ကြောင်း အထက်တွင် ဆိုခဲ့ပြီး ဖြစ်၏။ အထက်ပါ စကားကို ထောက်လျှင် ထိုစဉ်ကပင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိပြီး ဖြစ်သည်ဟု ယူဆရန် ရှိသည်။ ထို့ကြောင့် ဒွတ္တပေါင်မင်း လက်ထက်မှ စ၍ မြန်မာပြည်၌ သာသနာတော် ထင်ရှားသည် ဟူသော မှန်နန်းအဆိုမှာ ရှေးစကားနှင့် မညီသည်သာမက နောင်တွင် ဆိုသည့်....

....သဗ္ဗညု မြတ်စွာဘုရား ထင်ရှားရှိစဉ်။ အရှင်ပုဏ္ဏထေရ်မှ အရင်းစ၍။ မြန်မာပြည်ဖြစ်သော တကောင်း။ သရေခေတ္တရာ။ အရိမဒ္ဒနာ သီရိပစ္စယာ ပြည် တို့၌။ မင်းအဆက်ဆက်တို့ လက်ထက်။ ပရမတ္ထသင်္ဃာ သမုနိ သင်္ဃာ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာတော် တည်ထွန်း လေသည်။

....ဟူသောစကား (စာမျက်နှာ –၂၄၇)နှင့် လည်း မညီချေ။

ရှင်တော်မြတ်စွာ ဖိုးဦးတောင်ထိပ်၌ ဗျာဒိတ်တော်ထားရှိ၍ သက်ခဲ့ပြီးသော် စကြံ့တော်မူရာ အရပ်ကို စကြံ့ကျွန်းဟု ယခုတိုင် တွင်ကြောင်း ရာဇဝင်သုံးစောင်အနက် **ရာဇဝင်သစ်** တစောင် ကသာ ဆိုသည်။ မြို့ရွာမည်မှတ် ဖြစ်ပေါ်ပုံနှင့် စပ်လျဉ်းသည့် စကားတည်း။

သရေခေတ္တရာပြည် ဖြစ်လတ္တံ့သည့် ဗျာဒိတ်ခန်းကို ရေးသားရာ၌ ရာဇဝင်တို့ သုံးနှုန်းသည့် မပါပဘာ ရ အ ချို့မှာ မှပ်သားဖွယ် ဖြစ်၏။ စန္ဒကူး နံ့သာကျောင်း ဆောက်ပြီးသောအခါ မဟာပုဏ္ဏ စူဠပုဏ္ဏ ညီနောင်တို့ထံမှ ရှင်တော်ဗုဒ္ဓအလှူခံသည်ကို **ရာဇဝင်ကြီး**က "ကျောင်းတော် လုပ်ပြီးသောအခါ **ခံတော်မူ၍**" ဟု အလှူခံသည်ကို **ခံတော်မူ** ဟူ၏။ ထို့ပြင် မြတ်စွာဘုရား၏ တရားတော် နာရသည်ကို "အမြိုက်တည်းဟူသော အရသာကို သောက်ရကုန်၏"ဟု ဖွဲ့ဆိုသည်။ **ရာဇဝင်သစ်** ကလည်း ယင်းသည်ကို "တရားရည်မြိုက် တိုက်တော်မူခဲ့၍"ဟု ရေးသားပြန်သည်။

**သတိုးမဟာရာဇာ နန်းတက်ခြင်း**

ဗျာဒိတ်တော် ခန်းကို ရေးပြီးသည့်နောက် ရာဇဝင်တို့သည် သရေခေတ္တရာပြည် ဖြစ်ပေါ်လာပုံကို ရေးသားကြ၏။ ဤသို့ ရေးသားရာ၌ သရေခေတ္တရာ တည်ထောင်သော မင်းတို့သည် တကောင်းမင်းဆက် အနွယ်အလာများ ဖြစ်ကြောင်း သိသာစေရန် ဒုတိယ တကောင်းဆက်တွင် အဆုံးစွန်ဖြစ်သော သတိုးမဟာရာဇာ အကြောင်းကို ထည့်သွင်း ရေးသားကြသည်။ **ရာဇဝင်ကြီး** နှင့် **ရာဇဝင်သစ်** တို့သည် ဤအကြောင်းကို ဆိုရာ၌ သုံးနှုန်းသည့် ဝေါဟာရနှင့် ဝါကျဖွဲ့ပုံ ကွာခြားသည်မှလွဲ၍ အကြောင်းအရာများမှာ အတူတူပင် ဖြစ်သည်။ ရှေးဦးစွာ တကောင်းပြည်၌ သတိုးမဟာရာဇာ နန်းတက်သည်ကို ခုနှစ်သက္ကရာဇ်နှင့်တကွ ဖော်ပြကြရာ ဤတွင် **ရာဇဝင်ကြီး** အဆိုကို တင်ပြပါမည်။

ထိုသို့ ဗျာဒိတ်တော် ထားတော်မူခဲ့သည် အတိုင်း သာရေခေတ္တပြည် ဖြစ်သော အကြောင်းကို ဆိုပေအံ့။

ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသော နှစ်၌ အဇာတသတ်မင်းသည် အရှင်မဟာကဿပအားတောင်းပန်၍။ သက္ကရာဇ် ၁၄၈ တရား့လေးဆယ့်ရှစ်ခုကို ဖြိုတော်မူ၍။ တခု တည်းသော သက္ကရာဇ်မှစ၍ သာသနာတော် သက္ကရာဇ် ၂၀ နှစ်ဆယ် ရောက်သော အခါ။ မြန်မာတို့တိုင်းဖြစ်သော တကောင်း ပြည်ကြီးကို အစိုးရသော ဆင်ဖြူ၊ ဆင်နီ၊ ဆင်နက်တို့၏ အရှင် ဖြစ်တော်မူသော တကောင်းမင်းကြီးသည် အနိစ္စရောက်တော်မူ၍။ သားတော် အိမ်ရှေ့မင်း သတိုးမဟာရာဇာ (သတိုး ၁၇- ဆက်မြောက်) သတိုးမင်းကြီး နန်းတက်တော်မူ၏။ (စာမျက်နှာ ၁၁၅)

## အိမ်ရှေ့မင်း ဝက်ရန်ကို နှိမ်နင်းခြင်း

ထို့နောက် သတိုးမဟာရာဇာ နန်းသက် ၁၂ နှစ်၊ သာသနာတော် သက္ကရာဇ် ၃၂ခု ရောက်သောအခါ၊ တကောင်း မိဖုယားတွင် သားတော် မထွန်းကားသဖြင့် ယောက်ဖတော် ဖြစ်သော မိဖုယားကြီးမောင်တော်ကို အိမ်ရှေ့ အရာနှင်း၏။ ဤသို့ အိမ်ရှေ့ ထား ပြီး နောက်၊ ၈-နှစ်မြောက်ဖြစ်သောသာသနာတော်သက္ကရာဇ် ၄၀ ပြည့်တွင် တကောင်းပြည်ကို ဝက်ကြီး တကောင် နှောင့်ရှက် ဖျက်ဆီးလေ၏။ ဤ အကြောင်း ရေး သား ရာ ၌ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၁၅) က အကျယ်ဆိုသည်ကို **ရာဇဝင်သစ်က** အနည်းငယ်ခြုံ၍-

> နန်းတက် (၁၂) တဆယ့်နှစ်နှစ်ရှိသော အခါ သားတော်မရှိသဖြင့် မိဖုယား မောင်တော်ကို အိမ်ရှေ့ ပေးတော်မူ၏။ ၈ နှစ် ရှိလျှင် တကောင်းပြည်သို့ ဝက်ကြီးတခု ရောက်လာ၍၊ ကျေးစွန်ရွာနားတို့ကို မသွား သာအောင် ဖျက်ဆီးသောကြောင့်-

....ဟူ၍ဆို၏။ (စာမျက်နှာ ၁၆)

**မှန်နန်း**ကမူ သတိုးမဟာရာဇာတွင် သား ယောကျ်ား မရှိသဖြင့် ကိန္နရီ ဒေဝီ မိဖုယားကြီး၏ မောင်တော် ခေပဒူတအား အိမ်ရှေ့နှင်းရပုံကို တကောင်းအကြောင်း ရေးသားရာ၌ ဖော်ပြပြီး ဖြစ်ရာ၊ (စာမျက်နှာ ၁၁၁) တကောင်းပြည် တွင် ဝက်ကြီး ပေါ်ပေါက် နှောင့်ရှက်ကြောင်း ကိုသာ-

> ထိုဗျာဒိတ်တော်နှင့်အညီ မြတ်စွာဘုရား ပရိနိဗ္ဗာန် ယူတော်မူ၍၊ သာ သနာ တော် သက္ကရာဇ် လေး ဆယ် ရောက် သော အ ခါ၊ ပဉ္စာ တကောင်းပြည်ကြီးနိုက် ဆိုအပ်ပြီး သော သာကီဝင် မင်းမျိုး သတိုးတဆယ့် ခုနစ်ဆက်မြောက် ဖြစ်သော သတိုးမဟာ ရာဇာမင်းကြီးလက်ထက် အရပ် တဆယ့် နှစ်တောင်ရှိသော တောဝက်ကြီးတခု ရောက် လာ၍၊ ကျေးစွန်ရွာနားနိုက်ခနေသော လူသူ တို့ကို မသွားသာအောင် ဖျက်ဆီးလေ၏။

....ဟု တိုက်ရိုက် ရေးသားလေ၏။ (စာမျက်နှာ ၁၈၃) **မှန်နန်း**ကသာ ဝက်ကြီး၏ အရပ် ၁၂-တောင်ရှိကြောင်း ဆိုလေသည်။

ဝက်ကြီးသောင်းကျန်းကြောင်း တကောင်း မင်းကြီး ကြားတော်မူလျှင် ယောက်ဖတော် အိမ်ရှေ့မင်းအား ဝက်ရန်ကို နှိမ်နင်းစေရာ၊ အိမ်ရှေ့မင်းလည်း ထိုဝက်မသေမချင်း နေပြည် တော်သို့ မပြန်ပြီဟု အာမခံ၍ ဝက်ကြီးနောက် သို့ လိုက်လေ၏။ ယင်းအကြောင်းကို **ရာဇဝင်** သုံးဆောင်၌ အညီအညွတ်ဆိုကြရာ၊ (**ရာဇဝင် ကြီး** ၁။ ၁၁၆။ **ရာဇဝင်သစ်** ၁၆။ **မှန်နန်း** ၁။ ၁၈၃-၄) ရာဇဝင်တစောင်၏ အရေး အသားကို ဖော်ပြပါမည်။

> ....ယောက်ဖတော် အိမ်ရှေ့မင်းကို ဖမ်း စိမ့်သောငှာ စေတော်မူ၏။ အိမ်ရှေ့မင်း လည်း ဝက်ကြီးမသေဘဲကို နေပြည်တော် သို့ ကျွန်ုပ်မပြန်ပြီဟု လျှောက်ပြီးလျှင်၊ လက် နက်ငါးပါး စွဲလျက် ဝက်ကြီးရှိရာသို့ သွား လေ၏။
>
> အချို့သော ရာဇဝင်မှာ တောကစားရာ ဝက်ကြီးနှင့် တွေ့သည်ဟု ဆိုလေသည်။ ဝက်ကြီးလည်း ဘုန်းရှိသူဖြစ်၍ ရန်ပြုခြင်း ငှာ မဝံ့ရကား၊ ရှမ်းပြည်မေသို့ ပြေးလေ သဖြင့် ခြေရာအစဉ်မှီး၍ လိုက်လေသော်၊ သေအံ့သောကေးကို ကြောက်၍ကောင်ကြား တခုသို့ ပြေး ဝင် လေ သည်။ ထိုအရပ်ကို ‘ဝက်ဝင်’ဟု ယခုတိုင်အောင် တွင်၏။

....ဟု **ရာဇဝင်သစ်က** ဆိုသည်။ (စာမျက်နှာ ၁၆) ဤတွင် ဝက်ကြီးသည် ဘုန်းရှင် ကံရှင်ကို ရန်မပြုဝံ့ခြင်း၊ သေအံ့သောဘေးကို ကြောက်ရွံ့ ခြင်းဟူသော ယူဆချက်များနှင့် ဝက်ဝင်ဟူသော အရပ်အမည် ဖြစ်ပေါ်ပုံတို့မှာ သဘိပြုထိုက်သည့် အချက်များဖြစ်၏။

ဝက်ဝင် အရပ်မှသည့် အနောက်တောင် အရပ်သို့ ဝက်ကြီးပြေးလေ၍၊ ရောဝတီမြစ်ကို ကူးရာ၌ ဝက်သည် ကြီးလှသောကြောင့် ဝမ်းပျဉ်မျှ မစွတ်စိုသဖြင့် ထိုအရပ်မှာ ယခုတိုင် ဝက်မစွတ်တွင်သည်ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၁၆) နှင့် **ရာဇဝင်သစ်** (စာမျက်နှာ ၁၇) တို့ကဆိုကြ၏။ ထို့နောက် ပုဂံပြည်၌ ပျူစောထီး နှိမ်နင်းသော ဝက်ကူးရာတွင်မှ ဝက်မစွတ် တွင်သည်ဟုရာဇဝင်အချို့၌ဆိုကြောင်း **ရာဇဝင်ကြီး** က—

> အချို့သော ရာဇဝင်မှာပုဂံဝယ်ပျူမင်းထီး လုပ်ကြံလေသော၊ ဝက်ကူးလေသည်အဟန် ဆိုလေသည်။

....ဟု ဆို၍ **ရာဇဝင်သစ်**ကမူ-

> အချို့သော ရာဇဝင်မှာ ပုဂံဝက်ကြီးဟု ဆိုလေသည်။ ပုဂံဝက်ကြီးကား ပုဂံတွင်ပင် ပျူမင်းမီးလေးနှင့် ခွင်း၍ သေဆုံးခြင်းသို့ ရောက်သတည်း။

....ဟု ဆိုသည်။ **မှန်နန်း**က ဝက်မစွတ်နှင့် စပ်လျဉ်းသည့် အဆိုကို လုံးဝ လက်မခံချေ။ အကြောင်းပြချက်မှာ -

> ရာဇဝင်ကြီးတွင် ထိုအရပ်မှလည်း အစဉ့်အတိုင်း အနောက်တောင်အရပ်ကို ပြေးသေ၍၊ ရောဝတီမြစ်ကို ကူးလေ၏။ ဝက်သည် ကြီးမားလှသည်ဖြစ်၍၊ မြစ်ကို ဆင်းသောအခါ ဝမ်းပျဉ်မျှ ရေမစွတ်ဟူ၍ ထိုအရပ်ကို ယခုတိုင်အောင် ဝက်မစွတ်တွင်ဟန် ဆိုလေသည်။ ရာဇဝင်ဟောင်းမှာ ပုဂံ ပျူမင်းထီး လုပ်ကြံလေသောဝက်ကူးလေသည်ဟု ဆိုလေသည်။ တကောင်း အိမ်ရှေ့မင်းလုပ်ကြံသော ဝက်ကား၊အရပ်တဆယ့်နှစ်တောင်ရှိကြောင်း ကို သမိုင်းဟောင်း- ရာဇဝင်ဟောင်းတို့ နှုတ်ဆိုသည်ကို ထောက်လျှင်၊ ရောဝတီမြစ် ကို ကူးရာ၊ ဝမ်းပျဉ်မျှ မစွတ်ဟူသော စကား နှင့် ဆန့်ကျင်ရန် ရှိလေသည်။

....ဟူ၍ဖြစ်၏။ (စာမျက်နှာ ၁၀၄) ဝက်ကြီးသည် သရေခေတ္တရာပြည် တည်ရာအနီး ကျွန်း တကျွန်းအထိ ပြေးလေရာ၊ အိမ်ရှေ့မင်းမှာ ဝက်ကြီးကို ထိုအရပ်တွင်မှ ခွင်းနိုင်ခဲ့၏။ ယင်းသည်ကို အကြောင်းပြု၍ ထိုကျွန်းကို ယခုတိုင်အောင် ဝက်ထိုးကျွန်း- ခေါ်တွင်သည်ဟု ရာဇဝင်တို့က ဆိုကြ၏။ [**ဆက်ရန်**]

**ဒေါက်တာရီရီ**

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှ အဆက်။]

### အိမ်ရှေ့မင်း ရသေ့ပြုခြင်း

အိမ်ရှေ့မင်းလည်း သံသရာအရေးကို ထောက်ရှု၍ တကောင်းသို့ မပြန်ဘဲ ထိုအရပ်တွင်ပင် ရသေ့ရဟန်းပြုကာနေရာ မကြာမီ ဈာန်အဘိညာဉ်ကို ရလေ၏။ အထက်ပါ အကြောင်းအရာများကို ရာဇဝင်သုံးစောင်လုံး အညီအညွတ်ဆိုကြရာ၊ ဤတွင် **ရာဇဝင်သစ်** အဆိုကိုသာ ဖော်ပြပါမည်။

ထိုမှသည် သရေခေတ္တရာပြည်ရာအနီး ကျွန်းတခုသို့ ရောက်လေ၍။ ဝက်ကြီးကို အောင်မြင်လေသော်၊ ထိုကျွန်းကိုလည်း ဝက်ထိုးကျွန်းဟု ယခုတိုင်အောင် တွင်၏။ ဝက်ကို အောင်မြင်ပြီးလျှင် ယခု ငါလာခဲ့သည့် ခရီးကား၊ အလွန်ဝေးလှ၏။ တကောင်းပြည်သို့ပြန်၍ ဝက်သေလေသော အကြောင်းကို မင်းကြီးအား လျှောက်လေသော်လည်း၊ မယုံပေရာ၊ ယုံစိမ့်သောငှာ၊ အစွယ်မှင်ဆံ ဝက်ခွာတို့ကို ဆောင်ယူပြသ၍ ယုံပါငြားသော်လည်း၊ ပစ္စုပ္ပန်စီးပွားမျှသာဖြစ်သည်။ ငါလည်း အသက်အရွယ် တန်ပြီ။ တကောင်းသို့ပြန်၍ အိမ်ရှေ့မင်း၏ စည်းစိမ်ကို ခံစားသည်ထက် ရသေ့ရဟန်းပြု၍ သံသရာစီးပွားကို ရှာရသော်၊ မြတ်၏ကြံပြီးလျှင် ရသေ့ရဟန်းပြု၍ များမကြာ ဈာန်အဘိညာဉ် (သမာပတ်) ကို ရတော်မူ၏။ (စာမျက်နှာ ၁၇)

အထက်ဖော်ပြပါ စာပိုဒ်တွင် သတိပြုသင့်သည်များမှာ ဝက်ထိုးကျွန်းအမည်ဖြစ်ပေါ်လာပုံနှင့် အသက်အရွယ်ကြီးပြီ ဖြစ်သည်ကို 'အသက်အရွယ် တန် ပြီ' ဟူသော အသုံးအနှုန်းတို့ ဖြစ်၏။

ရှင်ရသေ့သည် ထိုအရပ်တွင်ပင် သီတင်းသုံးလျက်နေရာ၊ ဘေဒါရီအမည်ရှိ သမီးတယောက် ရရှိ၏။ ဘေဒါရီ အသက် ၁၇-နှစ်အရွယ် ရောက်သောအခါ၊ ရဟန်းနှင့် မိန်းမအတူ နေခြင်းသည် မအပ်မရာဟု ရှင်ရသေ့သည် ဘေဒါရီအား မထွင်းသောဖူးနှင့် နေ့စဉ် ရေခပ်စေ၏။ ဤအကြောင်းကိုလည်း ရာဇဝင်တို့က အညီအညွတ် သီကုံးကြသည်။

ထိုသို့နေသောအခါ ရှင်ရသေ့သည် ကျောက်ခွက်၌ ရေဟောင်းမပြတ်သန့်စင်တော်မူ၏။ သမင်မယ်တခုသည်လည်း။ ထိုရသေ့စွန့်သော ရေဟောင်းကိုမပြတ်။ လျက်စမှတ်ပြု၍ ရှည်လျားလတ်သော်။ ထိုသမင်မဝမ်း၌ ပဋိသန္ဓေ တည်လေ၏။ နေ့လစေ့သော် လူမိန်းမငယ် ဖွား၏။ အမိဖြစ်သော သခင်မငယ်သည်း တိရစ္ဆာန်ဖြစ်၍၊ သူငယ် ငိုသံကြားလတ်သော်၊ လန့်၍ပြေးခဲ့၏။ ရှင်ရသေ့လည်း ဤလူမနီးသော တောအရပ်တွင် သူငယ် ငိုသံကြားသည်။ အကြောင်းရှိမည်ဟူ၍ ကြည့်လေသော်၊ အဆင်းအင်္ဂါ

လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သတို့သမီးကို မြင်လေ၍၊ ငါသွားသောရေဟောင်းကို လျက်စမှတ်ပြုသော သမင်မ,ငယ်သည်၊ ငါ၏ သုက်နှင့် တကွသော ရေဟောင်းကို လျက်မိလေသဖြင့် သူငယ်မကို ပဋိသန္ဓေနေ၍ ဖွားသည် ဖြစ်ရာသည်၊ ဤ ငါကြံသည့်အတိုင်း ပဋိသန္ဓေမှန်လျှင်။ ငါ၏ လက်ညှိုး၊ လက်ခလယ်တို့သည် နို့ရည် ထွက်၍ ဤသူငယ်မ သောက်ရသည် ဖြစ်စေသောဟူ၍ မိဋ္ဌာန်လျှင်။ လက်နှစ်ချောင်းမှ နို့ရည်တို့သည် ယိုထွက်၍ သူငယ်မ သောက်ရလေ၏။ ရှင်ရသေ့လည်း ယူ၍ သမီးအဖြစ် မွေးလေ၏။ (**ရာဇဝင်ကြီး ၁။ ၁၁၇**)

ဘေဒါရီဟူသော အမည်ကို သမုတ်တော်မူ၍ ခုနစ်နှစ်အရွယ်သို့ ရောက်လတ်သော်၊ ရှင်ရသေ့အား မပြတ် ခစားမြဲဖြစ်သော နတ်တို့သည် သတို့သမီးနှင့် ထိုက်တန်သော တန်ဆာတို့ကို ပေး၍ ဝတ်စားဆင်ယင်ရ၏။ (**ရာဇဝင်သစ် ၁၇**)

ဘေဒါရီ တဆယ့်ခုနစ်နှစ် အရွယ်သို့ ရောက်လတ်သော်၊ ဤသို့ ကြံတော်မူ၏။ ငါတို့ ရသေ့ရဟန်း မည်သည်ကား၊ မိန်းမနှင့်အတူ နေခြင်းသည် မတင့်အပ်။ လူသူမြင်လေသော်လည်း၊ မသင့်ဟူ၍ ကြံပြီးမှ၊ တနေ့လုံး ရေမှာကြာ၍! ညဉ့်အချိန်တန်မှ ရောက်လာအောင် မထွင်သောဘူးမြောက်မြီးဖြင့် ရေကို နစ်စေပြီးလျှင်၊ ထိုဘူးစက်တွင် ကျည်ထောက်ဖြင့် ခံ၍ ပြည့်စေ၏။ ထိုသို့ပြုသဖြင့် နေ့လုံး နှင်နှင်ကြာ၏။ ထိုနေ့မှစ၍ ဤကဲ့သို့လျှင်၊ သမီးတော် ဘေဒါရီအား၊ နေ့တိုင်း နေ့တိုင်း အမြဲ ရေခပ်စေတော်မူ၏။ (**မှန်နန်း ၁။ ၁၀၅**)

အထက်တွင် ထုတ်နှုတ် ပြခဲ့သည်တို့မှာ ရာဇဝင်တို့ ဤအကြောင်းကို ရေးရာ၌ တညီတညွတ်တည်းရှိကြောင်း သိသာစေရန် ဖြစ်၏။

ဤအခန်းတွင် မှတ်သားဖွယ် ကောင်းသော အသုံးအနှုန်းများ ပါသည်။ **ရာဇဝင်ကြီး**က ကျင်ငယ်စွန့်သည်ကို ‘ရေဟောင်းသန့်စင်သည်’ ဟု ရေးသည်။ သမင်မ,က ကျင်ငယ်ကို မှိဲသည်ကို **မှန်နန်း**က ‘အမှိဲပြု၍’ ဟု ဆိုသည်။ ဘေဒါရီ ရေခပ်သော ဗူးကို **ရာဇဝင်ကြီး**က ‘မထွင်းသေးသော ဗူးကို မျောက်မြီးဖြင့်’ ဟူ၍ လည်းကောင်း၊ **ရာဇဝင်သစ်**တွင် ‘မျောက်မြီးဘူးကို’ ဟူ၍ လည်းကောင်း၊ **မှန်နန်း**၌ ‘မထွင်းသောဘူး မြောက်မြီးဖြင့်’ ဟူ၍ လည်းကောင်း၊ အသီးသီး ရေးသားကြသည်။

တကောင်း အိမ်ရှေ့မင်း သရေခေတ္တရာပြည် တည်ရာသို့ ရောက်သည့်အခန်း ပြီးကြောင်းကို သိသာစေရန် ရာဇဝင်တို့က တမျိုးတဖုံစီ ရေးကြ၏။

ဤဘွင် ရွှေ့ကား တကောင်းမင်း ယောက်ဖတော် ရသေ့သူမြတ် တကောင်းပြည်မှသည် သရေခေတ္တရာပြည် တည်ရာအရပ်သို့ ရောက်သော အခန်းဘည်း။

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၁၈) က ရေးသားလေသည်။

## တကောင်းပြည်

တကောင်းပြည်၏ အမည်များနှင့် ယင်းတွင် ရတနာမိုး ရွာသည်တို့ကို **ရာဇဝင်ကြီး** နှင့် **ရာဇဝင်သစ်**တို့က ဆက်လက်၍- တကောင်းပြည်သည် ကကုသန် ဘုရားရှင် လက်ထက်၌ သံသယဟူ၍ လည်းကောင်း၊ ကောဏာဂုံဘုရားရှင်လက်ထက်တော်၌ ရဋ္ဌဟူ၍ လည်းကောင်း၊ ကဿပဘုရားရှင်လက်ထက်တော်တွင် သင်းတွဲဟူ၍ လည်းကောင်း၊ ဂေါတမရှင်တော်ဘုရား လက်ထက်တွင် တကောင်းဟူ၍ လည်းကောင်း တွင်သည်။ ဒုတိယတကောင်းဆက် သတိုးတိုင်းရမင်းလက်ထက်တွင် ရတနာမိုး လေးကြိမ်ရွာ၍၊ သတိုးရွှေမင်းလက်ထက်တွင် ရတနာမိုး နှင်ကြိမ်ရွာကြောင်းတို့ကို ဆိုကြပြန်သည်။ **မှန်နန်း**ကမူ ဤ အကြောင်းအရာတို့ကို တကောင်းပြည်မင်းဆက် ရေးသားရာ၌ ဆိုပြီးဖြစ်၍ ဤဘွင် မဆိုတော့ပြီ။

## မဟာသမ္မဝညီနောင်

ရာဇဝင်တို့သည် မဟာ သမ္မဝညီနောင် ဖွားမြင်ကြောင်းကို ဆိုရာ၌ **ရာဇဝင်ကြီးနှင့် မှန်နန်း**တို့က အတူအညီ ဆိုကြ၏။

ထိုတကောင်းပြည်ကြီးကို အစိုးရတော်မူသော သတိုးမင်းကြီး ယောက်ဖတော် အိမ်ရှေ့မင်း။ ဝက်ကြီးကို ခွင်းမည်ဟု လိုက်လေသောနှစ်။ သာသနာသက္ကရာဇ် ၄၀ လေးဆယ်တွင်။ တကောင်းမင်း၏ မိဖုရားသည် သားတော် မဟာသမ္မဝ စူဠသမ္မဝ မျက်မမြင်ညီနောင်ကို အမွှာ ဖွားတော်မူ၏။ (**ရာဇဝင်ကြီး** ၁။ ၁၁၀။ **မှန်နန်း** ၁။ ၁၀၆)

**ရာဇဝင်သစ်ကမူ....**

တကောင်းမင်း သတိုးမင်းကြီး မိဖုရားတွင် ယောက်ဖတော် အိမ်ရှေ့မင်းမရှိနောက်၊ မျက်မမြင်သားတော် အမွှာ ဖွားတော်မူ၍၊ (စာမျက်နှာ ၁၀)

....ဟု မင်းသားညီနောင် ဖွားမြင်သည်မှာ အိမ်ရှေ့မင်း ထွက်သွားပြီး၊ နောက်မှဟု သာ မည်ဆိုသည်။ ခုနှစ်သက္ကရာဇ်ကို အတိအကျ မဆိုချေ။ တကောင်းမင်းကြီးသည် မျက်မမြင်သားမွှာ ဖွားသည့်အတွက် ရှက်စနိုး၍ မိဖုရားအား ဖျောက်ဖျက်စေသည့်အကြောင်း ရာဇဝင်သုံးစောင်လုံးက ဆိုကြသည်။

တကောင်းမင်းကြီးလည်း ရှက်စနိုး၍ မိဖုရားကို ဤသို့ မိန့်တော်မူ၏။ ယခုဖွားသော သူငယ်နှစ်ယောက်ကို သူမသိအောင် ဖျောက်လေဟု မိန့်တော်မူ၏။ ရှင်မိဖုရားလည်း၊၊ ရင်တော်၌ဖြစ်သော အသွေးအရည်ဖြစ်၍ ဝှက်ထားလေ၏။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၁၀) တွင် ဆိုသည်။ သတိပြုသင့်သော အသုံးအနှုန်းတခုမှာ ဖျောက်ဖျက်အစား သုံးသည့် 'ဖျောက်' ဖြစ်သည်။ ပျောက်ပျက်ရန် ဆောင်ရွက်သမျှကို **ဖျောက်**ဟု ရေးသားရာ၊ ယားယံသည်ကို ပျောက်ပျယ်စေရန် ပြုလုပ်သည်ကိုလည်း ဖျောဟု ရေးသည်။ ဥပမာ- '**ဖျောက်** ဘိဟူ၍သာ မိန့်တော်မူ၏။ သူငယ်မလည်း မင်းကြီးယားမှံသည်ကို စိုက်ချည်း **ဖျောက်**ပေ၏။' (**ရာဇဝင်ကြီး** ၁။ ၂၉၀) နောက် သတိပြုသင့်သည့် အသုံးအနှုန်းတခုမှာ ရင်သွေးအစား သုံးသည့် '**ရင်တော်၌ဖြစ်သော အသွေးအရည်**' ဖြစ်၏။

ထို့နောက် **ရာဇဝင်ကြီး** (စာမျက်နှာ ၁၁၀–၁၉) နှင့် **မှန်နန်း** (စာမျက်နှာ ၁၀၆) တို့က သားတော်များ ဝှက်ထားသည်ကို တကောင်းမင်းကြီး သာသနာသက္ကရာဇ် ၅၉ ခုနှစ်တွင် သိသွားသဖြင့် မိဖုရားအား မိမိ၏ အသရေတော်ယုတ်အောင် ပြုဘိသည်။ ယခုပင်သတ်လေဟု မိန့်တော်မူရာ၊ မိဖုရားလည်း မင်းအာဏာတော်ကို ကြောက်သောကြောင့် လတ်တလောသေသည်ထက်မျက်ကွယ်၌ကံအလျောက်ဖြစ်စေတော့ဟု ခိုင်ခန့်သော လှေဖောင်ကို စီရင်ပြီးလျှင်၊ ကာလကြာမြင့်စွာ စားသောက်နိုင်သည့် စမြိန်စာနှင့် မုံ့တို့ကို ထည့်ပြီးကာ မင်းသားတို့အား ဖောင်ထက်၌တင်၍ မျှောလိုက်ကြောင်း ဆိုကြသည်။ **ရာဇဝင်သစ်ကမူ....**

မင်းသားညီနောင် တဆယ့်ခြောက်နှစ်အရွယ်ရောက်လျှင် ဆင်ပြောင်အားနှင့်တူသော အစွမ်းရှိ၏၊ မင်းတို့ကျင့်စရာ ရာဇမာယာ အတိတ် အနာဂတ် ပစ္စုပ္ပန်၌ဖြစ်သော အကျိုးအကြောင်း ကောင်းမကောင်း ထုံးဟောင်းနည်းနာတို့ကို နာခံမေးမြန်းလေ့ရှိ၏၊ ဗေဒင် ဓမ္မသတ်စသော တဆယ့်ရှစ်ပါးသော အတတ်တို့ကို အပြီးသို့ရောက်၏။ (စာမျက်နှာ ၁၀)

....ဟု **ရာဇဝင်ကြီး**တို့တွင် မပါသည့် မင်းသားတို့၏ စွမ်းပကားနှင့် ပညာကြီးပုံကို ဆိုသည်။ ထို့ပြင် ဖောင်နှင့်မျှောသည့် အကြောင်းကိုလည်း ပိုမိုပြည့်စုံစွာ စီကုံးထားသည်။ (စာမျက်နှာ ၁၀–၉)

သတိုးမင်းကြီးလည်း မင်းသားညီနောင် အတတ်ပညာနှင့် ပြည့်စုံသောအကြောင်းကို

ပြည်သူတို့ ချီးမွမ်းပြောဆိုသံ ကြား၍ ဟယ်- မိဖုရားယုတ် ငါ၏အသရေကို ယုတ်နွမ်းအောင် မူရာသလော၊ သင်းတို့ ညီနောင်နှစ်ယောက်ကို အသေသတ်လေဟူလျှင် မင်းအာဏာကို ကြောက်သဖြင့် မထားဝံ့၍ ယခု စိန်းလိန်းတင်လင် သေသောထက် မျက်ကွယ်ရာမှာ ကြမ္မာအလျောက် ဖြစ်ပါစေဟု လှေဖောင် ခိုင်ခံ့ ကောင်းမွန်စွာ လုပ်ပြီးလျှင်၊ စမြိန်စာ မုန့်ပဲတို့ကို တာရှည်လေးမြင့် စားသောက်အောင် စီရင်၍ ဤသည်ကား အချဉ်၊ ဤသည်ကား အချိုဟု အမှတ်ပေး၍ အသေအချာ ထားသိုပြီးမှ သားတော်နှစ်ယောက်တို့ကို မစက်မရက် ငိုယိုဖက်ယမ်း၍ ဖောင်နှင့် ဧရာဝတီမြစ်တွင် မျှောလိုက်၏။

ဤစာပိုဒ်တွင် မှတ်သားဖွယ် ကောင်းသော သုံးစွဲပုံတို့မှာ ပြုမူအစား သုံးသည့် **မူရာသလော**၊ ပြောလျှင်၊ မိန့်လျှင်အစား သုံးသည့် **ဟူလျှင်**၊ လတ်တလော အစားသုံးသည့် **စိန်းလိန်းတင်လင်**၊ မြတ်နိုးစွာ အစားသုံးသည့် **မစက်မရက်** တို့ ဖြစ်ကြသည်။

မင်းသားညီနောင်တို့သည် မယ်တော် ထည့်ပေးလိုက်သော စမြိန်စာတို့ကို စားသောက်လျက် အစဉ် အတိုင်း မျှောလာ၍၊ စကိုင်းအရပ်သို့ ရောက်သောအခါ မြစ်တွင်းသို့ ကိုင်းကျနေသည့် စစ်ပင်ကြီးနှင့် ဖောင်တိုက်မိသဖြင့် ထိုအရပ်မှ စန္ဒမုခိ အမည်ရှိသော ဘီလူးမသည် ဖောင်သို့ တက်၍ မင်းသားတို့၏ စမြိန်စာကို မပြတ် ဝင်ရောက်စားကြောင်း ရာဇဝင်တို့ ညီညွတ်စွာဆိုကြသည်။ ယင်းနောက်တွင်မူ ရာဇဝင်တို့၏ အဆိုအမိန့်၌ ကွဲလွဲချက်များ ရှိလာသည်။ **ရာဇဝင်ကြီး** က စစ်ပင်ကြီး ကိုင်းလိုင်းရှိသော အရပ်ကို စစ်ကိုင်းဟု ယခုတိုင်အောင် တွင်သည်ဟု စကိုင်းအမည် တွင်ပုံကို ဆိုပြီးနောက်၊ အချို့ ရာဇဝင်တို့ကမူ ညောင်ဦးကမ်းပါးသို့ ရောက်သည်တွင်မှ စန္ဒမုခိ ဘီလူးမ ဖောင်သို့တက်လာ၍ မင်းသားတို့ စမြိန်စာကို စားသည် ထွက်ဆိုကြောင်း ဖော်ပြ၏။ (စာမျက်နှာ ၁၁၉) **ရာဇဝင်သစ်** ကမူ စကိုင်းအမည် ဖြစ်ပေါ်ပုံနှင့် စပ်လျဉ်း၍ မည်သို့မျှမဆို။

> စကိုင်း အရပ်သို့ ရောက်လျှင် သစ်ပင်ကြီး မြစ်သို့ ကိုင်းညွတ်လျက်ရှိသည်ကို ဖောင်တိုက်မိ၍ ထိုသစ်ပင်တွင် စောင့်နေသော စန္ဒမုခိ ဘီလူးမ ဖောင်သို့တက်၍ မင်းသားတို့ စားသော ဘောဇဉ် စမြိန်စာကို ဝင်၍ စားလေ၏။
>
> အချို့သော ဆရာတို့ကား မြေလပ်တွင် စောင့်နေသော ဘီလူးမဟူ၍ လည်းကောင်း၊ ညောင်ဦးကမ်းပါးတွင် နေသော ဘီလူးမဟူ၍ လည်းကောင်း ဆိုလေသည်။

....ဟု မိန့်မြွက်၏။ (စာမျက်နှာ ၁၉-၂၀) **မှန်နန်း** (စာမျက် ၁၀၆-၇) က **ရာဇဝင်ကြီး** အဆိုအမိန့် အကုန်ကို လက်ခံသည့်ပြင်။

> အချို့သော ရာဇဝင်တို့နှက်လည်း။ ပုဂံမြို့ကျေး။ ဘီလူးတက်ချောင်းသို့ ရောက်မှ ဘီလူးမ ဘောင်သို့တက်ဟန် ဆိုလေသည်။

....ဟူ၍လည်း ဖြည့်စွက်သေး၏။

တဖန် မင်းသားတို့က မိမိတို့၏ စမြိန်စာသည် ရှေးကကဲ့သို့ မလောက်သည့်အဖြစ်ကို စူးစမ်းရာ၌ စန္ဒမုခိ ဘီလူးမကို ဖမ်းမိ၍၊ ၎င်းက မင်းသားတို့ စက္ခုနှစ်ကွင်း အလင်းရအောင် ကုပေးမည်ဆိုသည့် အချက်တို့ကို ရာဇဝင်တို့သည် စကားအနည်းအများ၊ အပိုအလို ကွဲပြားသည်မှအပ၊ အတူအညီ ဆိုကြသည်။ ရာဇဝင်သုံးစောင်တွင် အစောဆုံးဖြစ်သည့် **ရာဇဝင်ကြီး** အဆိုကို ရှုပါ။ (စာမျက်နှာ ၁၁၉)

> မင်းသားညီနောင်တို့လည်း ဤသို့ ဆိုကြကုန်၏။ ငါတို့စားသော စမြိန်စာထုပ်သည် အခါတပါးကား စားလောက်သည်။ ယခုမူကား မစားလောက်။ အကြောင်းတပါး ရှိမည်။ စမြိန်စာ စားသောက်သောအခါ။ ညီတော်လက် ငါ့လက်ဟူ၍ အမှတ်ရှိကြစေဟူ၍ ဆိုတော်မူ၏။ မင်းသားတို့လည်း နှလုံးပြု၍ စမ်းကြလေသော်။ စန္ဒမုခိ အမည်ရှိသော

ဘီလူးမလက်ကို စွဲကိုင်မိလေ၏။ မင်းသား ညီနောင်လည်း အအိမ်မှ သန်လျက်ကို နှုတ်၍ ခုတ်မည်ပြု၏။ ဘီလူးမလည်း ဘုန်းကြီးသော မင်းသားချည်းဖြစ်၍ မရုန်းထွက်နိုင်သောအားဖြင့် အသက် သေအံ့သည်ကို ကြောက်၍ ဤသို့ဆို၏။ အရှင်သားတို့ ကျွန်ုပ်အသက်ကို မသေပါစေနှင့်။ အရှင့်သားတို့ အလိုရှိသော အမှုကို ထမ်းပါမည်ဟု ဆို၏။ မင်းသားညီနောင်လည်း ဟယ်.... ဘီလူးမ၊ ငါတို့ညီနောင် မျက်လုံးကို မြင်အောင် နင်ပြုနိုင်အံ့လောဟု မေး၏။ ဘီလူးမလည်း မြင်အောင်ပြုနိုင်သော အကြောင်းကိုလျှောက်ပေ၏။မင်းသားတို့လည်း အမှန်အကန် ဘီလူးမကို ဆိုစေပြီးမှ လွှတ်လေ၏။

**ရာဇဝင်သစ်** (စာမျက်နှာ ၂၀) တွင် ဘီလူးမကို မင်းသားတို့ သန်လျက်ဖြင့် ခုတ်မည်ပြုရာ၌ စန္ဒမုခိဆိုသည့် စကားမှာ **ရာဇဝင်ကြီး**ထက် စုံလင်သည်။ 'ကျွန်ုပ်ကား မည်မည် ရွားရွား မဟုတ်၊ နတ်ဘီလူးမတည်း၊' ဤတွင် **မည်မည်ရွားရွား** ဟူသော အသုံးမှာ မှတ်သားဖွယ်ဖြစ်၏။ မည်ကာမတ္တ၊ သာမည စသည့် စကားတို့နှင့် အဓိပ္ပာယ်တူ ဖြစ်သည်။

မင်းသားတို့၏ မျက်စိကို စ၍ ကုမသည့်နေရာ၊ မျက်စိမြင်သည့် နေရာများနှင့် စပ်လျဉ်း၍ ဆိုရာ၌ ရာဇဝင်တို့တွင် မညီညွတ်သည့် အရာများ ရှိကြ၏။ **ရာဇဝင်ကြီး**(စာမျက်နှာ ၁၁၉-၂၀) က-

> ဘီလူးမလည်း တန်ခိုးကြီးသော နတ်ဘီလူးတို့အား ထိုအကြောင်းကို ကြားလေ၏။ တန်ခိုးကြီးသော နတ်တို့လည်း ထိုမင်းသား ညီနောင်တို့သည် ဘုရားရှင် သာသနာတော်ကို အစဉ်ရှောက်ဆောင်လတံ့သော အကြောင်းကို မြင်၍၊ အထူးထူးသော မျက်စဉ်းတို့ကိုလည်း ပေးလိုက်ပေ၏။ ဘီလူးမလည်း မင်းသားညီနောင်တို့ ဘောင်နှင့် မျောသည်ကို လိုက်၍ ကုစားလေ၏။ ထိုသို့ စ၍ ကုသောအရပ်ကို စကုဟူ၍ ယခုတိုင်အောင် တွင်၏။ မင်းသားတို့ မျက်စိ စ၍ လင်းသည်ကို အကြောင်းပြု၍ ယခုထက်တိုင် စလင်းဟု တွင်၏။ မျက်စိမြင်၍ မိုးကားအဖုံး၊ မြေကား အထဲဟု မင်းသားတို့ ဆိုသော အရပ်ကို မိုးဖုံးမြေထဲဟူ၍ ယခုတိုင်အောင် တွင်၏။

....ဟု ဆိုသည်။ မင်းသားတို့ မျက်စိကို ဘီလူးမ စ၍ ကုစားသည့် အရပ်နှင့် ပတ်သက်ပြီး **ရာဇဝင်သစ်** (စာမျက်နှာ ၂၀) က အယူအဆ ကွဲလွဲသည်။ ၎င်းက-

> ဘီလူးမသည် စကိုင်း စကုမော်အရပ်က စ၍ နတ်တို့ဆေးဝါးဖြင့်ကုပေ၏။ ထို့ကြောင့် ထိုအမော်ကို စကုမော်ဟု တွင်၏၊ အချို့သော သူတို့သည် စကုအရပ်တွင်မှ စ၍ ကုသည်ဟု ဆိုလေသည်။

....ဟူ၍ စကုသည့် အရပ်မှာ စကုမော် အရပ်ဖြစ်ကြောင်း ဆိုသည်။ ကျန်သည့် အချက်တို့မှာ **ရာဇဝင်ကြီး**အတိုင်း ဖြစ်၏။

အထက်တွင် (စာမျက်နှာ ၁၀၃) ဒွတ္တပေါင်မင်းလက်ထက်မှ စ၍ မြန်မာတို့ တိုင်းပြည်၌ သာသနာတော် အမွန်ရှည်စွာ ထင်ရှားမည်ဟု ရေးသားခဲ့သော **မှန်နန်း**က မဟာသမ္ဘဝ ညီနောင်တို့သည် သာသနာတော်ကို အစဉ်ရှောက်ဆောင်မည့် အကြောင်းမြင်၍ တန်ခိုးကြီးသော နတ်တို့သည် မင်းသားတို့ကို ကုမရန် အတွက် ဘီလူးမအား အထူးထူးသော မျက်စဉ်းတို့ ပေးလိုက်သည်ဆိုသော **ရာဇဝင်ကြီး** စကားကို လက်မခံနိုင်ချေ။ မိမိ အထက်ဘွင် ဆိုခဲ့သည်တို့နှင့် ညီစေရန် **ရာဇဝင်ကြီး** အဆိုကို—

> တန်ခိုးကြီးသောနတ်တို့လည်းထိုမင်းသား ညီနောင်တို့မှ အစဖြစ်သဖြင့် အဆက်ဆက်သော မင်းတို့သည် ဘုရားရှင် သာသနာတော်ကို အစဉ် ရှောက်ဆောင် လတံ့သော အကြောင်းကိုမြင်၍ အထူးထူးသော မျက်စဉ်းတို့ကို ပေးလိုက်ပေ၏။

....ဟူ၍ ပြင်ရသည်။ မင်းသားတို့ မျက်စိ စ၍ ကုသောနေရာ၊ မျက်စိ အလင်းရသည့် နေရာ

များကို ဆိုရာ၌ မှန်နန်းသည် ရာဇဝင်ကြီး အသူသို့လိုက်ပြီး၊ ရာဇဝင်သစ် အဆိုကိုမူ လုံးဝ လက်မခံချေ။ သို့သော် မှန်နန်းသုံးသည့်ရာဇဝင် ကြီးမူတွင် စလင်းအစား ရှာလင်း ဖြစ်နေသည်။ ရှုလော့ (စာမျက်နှာ ၁၀၇)

ဤအရာ၌ ရာဇဝင်ကြီးတွင် မင်းသား ညီနောင် မျက်စိပွင့်လင်းစိမ့်သောငှာ စန္ဒမုခိ ဘီလူးမသည် စကုမြို့တည်ရာအရပ်မှ စ၍ ကုသည်။ ရှာလင်းဟူသော အရပ်သို့ရောက်မှ မျက်စိလင်းသည်ဟု ဆိုသည်။

ရာဇဝင်ကြီး အဆိုကို လက်ခံ၍ ရာဇဝင်သစ် စကားကို ငြင်းပယ်ရာ၌ မှန်နန်းသည် သိပ္ပံနည်းကျကျ အထောက်အထားများကို တင်ပြ ဆွေးနွေးသည်။ (စာမျက်နှာ ၁၀၈)

ပြည့်ရွှေဆံတော် သမိုင်းတွင်။ မင်းသား တို့ ထမင်း မဝဘန်များလျှင် ဘီလူးမကို ဖမ်း၍ ကုစေသည်။ တက်နွယ်ချောင်းသို့ ရောက်လျှင်။ ဆေးမြစ် တက်၍ရှာသည်။ စကု သို့ ရောက်လျှင်။ စ၍ကုသည်။ ရလင်းသို့ ရောက်လျှင်။ အလင်းကို ရသောကြောင့် ရလင်းတွင်သည်။ မြေကားအထဲ။ မိုးကား အဘုံးဟု ဆို၍။ မြေထဲမိုးဘုံး တွင်သည် ဆိုသည်။ ထိုသမိုင်းနှင့်အညီ။ ပုဂံ သမိုင်း ဟောင်းတွင်လည်း။ ထိုအရပ်တွင် မျက်စိ လည်း လင်းသည်။ ဘီလူးမပေးသော နတ် ဆေးနှစ်တောင့်လည်း ရသည်ကို အမှတ်ထား ၍၊ ရလင်းဟူသော အမည်ကို ခေါ်ခဲ့သော ကြောင့်။ ရလင်း တွင်သည်ဟု ဆိုသည်။ မလွန်မြို့ကျေး ရလင်းဟူသော အရပ်နှင့် မိုးဘုံးမြေထဲဟူသောအရပ်လည်း။အထောက် အလှမ်း သင့်လေသည်။

ဤသို့ အထောက်အထားများကို ဖော်ထုတ် ပြီးမှ မှန်နန်းက အောက်ပါအတိုင်း စိစစ်ပြီး ကောက်ချက်ချလိုက်၏။

ထို့ကြောင့်။အချို့သော ရာဇဝင်ဟောင်း တို့နှိုက်။ မလွန်သို့ရောက်မှ မျက်စိလင်းသည် ဟု ဆိုလေသည်။ အချို့သော ရာဇဝင်မှာ ညောင်ဦးကမ်းပါးသို့ ရောက်မှ။ ဘီလူးမ တက်သည်ဟူသော စကားကို ထောက်လျှင် လည်း။ စကုနှင့် ရလင်းသာ အထောက် အလှမ်း သင့်လေသည်။ စစ်ပင်ကိုင်းလိုင်း စကိုင်းအရပ်မှ ဘီလူးမ ဘောင်သို့တက်၍။ စာမြိန်စာထုပ်ကို စားဘန်များသဖြင့်။ဘီလူးမ ကို မင်းသားညီနောင် ဘမ်းလေသည်ဟူသော စကားကို ထောက်လျှင်လည်း။ ဘီလူးမ ဘောင်သို့ တက်သောအရပ်နှင့်။ မင်းသားတို့ ဘမ်းသော အရပ်။ ခရီးအခွန့် ကွာဝေး ကြောင်းကို ထင်ရှား သိသာသောကြောင့်။ စကိုင်းနှင့် စကုမော် တစပ်တည်း ဖြစ်၍။ စားဘန်များသဖြင့် ဟူသော စကားနှင့် ဆန့်ကျင်လေသည်။

မှန်နန်းသည် ဤသို့ သိပ္ပံနည်းကျကျ ရေး သားပြီးနောက်၊ ရာဇဝင်သစ် အဆိုကို ကျိုးကြောင်းပြကာ

တပါးသော ရာဇဝင် အစောင်စောင်တွင် လည်း။ စကုမော်က စ၍။ ကုသည် စလင်း မှာ လင်းသည်ဟု တစောင်တဘွဲ့မျှ မထွက် မဆိုမရှိ။ ရာဇဝင်သစ်တွင်သာ ဆိုလေသည်။ စလင်းသို့ရောက်မှ လင်းသည်။ မိုးဘုံးမြေထဲ သို့ရောက်မှ မိုးမြေကို မြင်သည် ဟူသော စကားမှာလည်း လင်းရပ်နှင့် မြင်ရပ် မစပ် မနီး ခရီး ကွာဝေးလွန်းသည် ဖြစ်၍။ ယုတ္တိ ဆန့်ကျင်လေသည်။ ဆရာတို့လည်း စလင်းကို စလင် ပူရဟူ၍သာ ပါဠိပြုကုန်သည်။ ရာဇဝင် သမိုင်း အစောင်စောင်။ စကုနှင့် ရလင်းကို။ အညီအညွတ် ထွက်လေသည်။ ထို့ကြောင့်။ စကုမော်အရပ်က စ၍ ကုသည်။ စလင်းသို့ ရောက်မှ လင်းသည်ဟူသော။ ရာဇဝင်သစ် စကားသည်။ အတွေနော မတိမျှသာဟု မှတ် အပ်၏။

....ဟူ၍ မညှာမထောက် ဝေဖန်ကာ ငြင်းပယ် လိုက်သည်။ (စာမျက်နှာ ၁၀၈)

မင်းသားတို့ကို စန္ဒမုခိ မျက်စိ ကုသည့် အကြောင်း ဆိုရာ၌ ရာဇဝင်တို့တွင် ရပ်ရွာမည် မှတ် ဖြစ်ပေါ်ပုံစကားများပါသည်။ **ရာဇဝင်ကြီး** တွင် စကု၊ စလင်း (နွှာသင်း)နှင့် မိုးဖုံးမြေထဲ အမည်များ ဖြစ်ပေါ်ပုံကို ဆိုကာ **ရာဇဝင်သစ်** က စကုမော် တွင်သည်နှင့် စပ်လျဉ်း၍ မိန့်၏။ **မှန်နန်းက ပြည်ရွှေဆံတော်သမိုင်းနှင့် ပုဂံ သမိုင်းဟောင်း**တို့ကို ကိုးကား၍ ရလင်းနှင့် မြေထဲမိုးဖုံး တွင်သည့်အကြောင်းကို ဖော်ပြသည်။ ထို့ပြင်ရလင်းမှာ မလွန်မြို့အဝင်အပါဖြစ်ကြောင်း ကိုလည်း သိရသည်။

မင်းသားတို့ ဖောင်ဖြင့် အစဉ်တစိုက် လာခဲ့ကြ ၍ ကူစ္စပြင်သို့ ရောက်ပြီးလျှင် ဘေဒါရီ ရေခပ် သွားသည့် ခြေရာတွေ့ကြောင်း ဆိုရာတွင် ရာဇဝင်တို့သည် အချက်အလက်အားဖြင့် တူကြ သော်လည်း၊ အရေးအသား ပြည့်စုံမှုမှ ကွာ ခြားကြ၏။

မင်းသားတို့လည်း မျက်စိ မြင်ပြီးသော် ဘောင်နှင့် အစဉ်အတိုင်းသွား၍။ ကြိုးကြာ ငှက်တို့ ပုံကြရာဖြစ်သော ကူစ္စပြင် အရပ်သို့ ရောက်လေသော်။ ဘောင်ကို ဆိုက်ထားခဲ့ ပြီးလျှင်။ လက်နက်ငါးပါးကို ယူ၍ သွားကြ လေသဖြင့်။ ဦးရီးတော်ရှင်ရသေ့ သီတင်းသုံး သောအရပ်သို့ ရောက်ကြလေရာ။ ဦးရီးတော် ရှင်ရသေ့ သမီးဘေဒါရီ ရေခပ်သွားသော ခြေရာကို အစဉ်လိုက်၍ တွေ့လေသော်။

....ဟု ရာဇဝင်ကြီး (စာမျက်နှာ ၁၂၀)က ရေးသားသည်။ ယင်းအကြောင်းကို....

ဘီလူးမသည် လူ့အသွင်ဖြင့် လှမြတ် သော အဆင်းကို ဆောင်၍ မင်းသားအငယ် အား လှည့်ကျွေး၏၊ မင်းသားတို့ အစဉ် အတိုင်း မျောလေသော် ကြိုးကြာငှက်တို့ နေရာ ကောဋ္ဌပြင်အရပ်သို့ ရောက်လေ၏။

ကောဋ္ဌပြင် ဟူရာ၌ ကောဋ္ဌသဒ္ဒါကြိုးကြာ ကို ဟောသည်၊ ပြင်သဒ္ဒါကျွန်းကို ဟော သည်၊ ထို့ကြောင့် ကြိုးကြာငှက်တို့ နေရာ ကျွန်း ဆိုလိုသည်။

မင်းသားညီနောင်လည်း ထိုအရပ်တွင် ဖောင်ကို ဆိုက်ထား၍ ဖောင်ကသက်ပြီးလျှင် အရပ်ကို လှည့်ပတ် ကြည့်ရှုသော် အကျိုး စီးပွား ဖြစ်အံ့သည်ကို မြင်၍ ထိုအရပ်၌

မနေမူ၍ အစာရှာမှီးခြင်း လူသူအဖော် တွေ့လိုခြင်းငှာ နေ့တိုင်း လက်နက်ငါးပါး စွဲလျက် လှည့်ပတ်ကြ၏။

တနေ့သ၌ တယောက်သွားရောက်ရှိသော ခရီးကို တွေ့၍ အစဉ်မှီးလေသော်....

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၂၀-၁)က ပိုမိုပြည့်စုံစွာဆိုသည်။ **မှန်နန်း**သည် ကုဠုပြင်အရပ်နှင့် စပ်လျဉ်း၍....

ထိုကုဠုပြင်အရပ်ကို။ ယခု ကုန်းတလင်းတွင်၏။ ရွှေစည်းခုံသမိုင်းတွင်မူကား။ ဤကုန်းသည် လင်းလင်းရှိသည်ဟု။ မင်းသားတို့ဆိုသည်ကို စွဲ၍။ ကုန်းတလင်း တွင်သည်ဟု ဆိုလေသည်။

....ဟု ဖော်ပြ၏။ (စာမျက်နှာ ၁၀၉) ဤဘွင် ရာဇဝင်သုံးစောင်၏ အဆိုကို ၊ ဆက်စပ်လျှင် ကုဠုပြင် ဟူသည်မှာ ကြိုးကြာငှက်တို့ နေရာကျွန်း ဖြစ်၍၊ ရှေးက ကုဠုပြင် သို့မဟုတ် ကောဠုပြင်ဟု တွင်ရာမှ ကာလလျှားသော် ကုန်းတလင်း တွင်ကြောင်း သိရသည်။ ထို့ပြင် ကုန်းတလင်းတွင်ကြောင်းနှင့် စပ်လျဉ်း၍ **မှန်နန်း**က **ရွှေစည်းခုံသမိုင်း** အဆိုကိုပါ တင်ပြသေးသည်။ မြို့ရွာမည်မှတ် ဖြစ်ပေါ်မှုနှင့် စပ်ဆိုင်သည်များတည်း။ အသုံးအနှုန်းနှင့် ပတ်သက်၍ လမ်းကို **ခရီး**၊ ခြေရာခံလိုက်သည်ကို **မှီးလေသော်** ဟူသော **ရာဇဝင်သစ်** စကားများမှာလည်း မှတ်သားဖွယ် ဖြစ်၏။

မင်းသားတို့ ဘေဒါရီ ရေခပ်သည်ကို တွေ့ရာမှ စ၍ ရှင်ရသေ့က မဟာသမ္မတနှင့် ဘေဒါရီကို ထိမ်းမြားပေးသည်အထိ အကြောင်းအရာများကို အရေးအသား အနည်းငယ် ကွဲလွဲသည်မှအပ ရာဇဝင်တို့က အညီအညွတ် ဆိုကြ၏။ ဤဘွင် ရာဇဝင်တစောင်၏ အဆိုကိုသာ နမူနာအဖြစ် တင်ပြပါမည်။

....ရသေ့သမီးဘေဒါရီမျောက်မြီးဘူးမထွင်းကို လက်တံက ကိုင်၍ ရေ၌ နှစ်ပြီးလျှင် ပါသည့်ရေစက်ကို ရေကျည်၌ တစက်တစက် ချ၍ ရေခပ်သည်ကို တွေ့လေ၏၊ ဟယ်.... မိန်းမ နားမထွင်းသော ဘူးလုံးနှင့် ရေခပ်သည်၊ သင်ကား မိုက်လှ၏ဟု ဆိုပြီးလျှင် ဘူးကိုယူ၍ သန်လျက်နှင့် မျက်နှာဝကို လှီးပြီးလျှင် အစေ့ကို သွန်မှ ရေခပ်စေ၍ ကျည်ထောက် ပြည့်စေ၏၊ ထိုစကားကို စွဲ၍ ဘူးလုံး နားမထွင်းဟု အစဉ်ဆိုရိုးပြုသတည်း။

ဘေဒါရီလည်း ရေကျည်တောက် ပြည့်လျှင် ခမည်းတော် ရသေ့ သင်ခမ်းသို့ သွား၍ ရေလောင်းလျှင် ချစ်သမီး ယနေ့ ရေခပ်သည်ကား ပြည့်လွယ်စွဟု မိန့်တော်မူ၍ ဘေဒါရီက ခမည်းတော် ရှင်ရသေ့အား အကြောင်းမျိုးစုံကို လျှောက်လျှင် လုလင်နှစ်ယောက်ကို ခေါ်စေ၍ မေးတော်မူ၏။ မင်းသားညီနောင်လည်း တကောင်းမင်းကြီး၏ မိဖုရား သားတော် ဖြစ်ကြောင်း ဖွားရင်းက မျက်စိမမြင်ရှိကြောင်း စန္ဒမုခိ ဘီလူးမ ဆေးကု၍ မျက်စိမြင်ကြောင်းများကို စေ့စုံစွာ လျှောက်ကြသဖြင့် သင်တို့ နှစ်ယောက်ကား တပါးမဟုတ်၊ ငါ၏ နှမတော်သား၊ ငါ့တူရင်းချည်းဟု သမီးတော် ဘေဒါရီကို မဟာသမ္မတအား ပေးတော်မူ၏။

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၂၁-၂)က မိန့်ဆိုသည်။ **မှန်နန်း**၌ မင်းညီနောင်တို့သည် တကောင်းပြည့်ရှင်မင်း၏ မိဖုရားကြီး ကိန္နရီဒေဝီတွင် မြင်သည့်သားများဖြစ်၍၊ ဖွားရင်းက နဂါးငွေ့ သင့်သဖြင့် မျက်စိမမြင်ခြင်း ဖြစ်သည်ဟု ပိုမိုပြည့်စုံစွာ ဆို၏။ (စာမျက်နှာ ၁၀၉) ထို့ပြင် **ရာဇဝင်ကြီး**နှင့် **မှန်နန်း**တို့က ဘေဒါရီနှင့် မဟာသမ္မတတို့ကို ထိမ်းမြားသည့် နှစ်မှာ သာသနာတော် သက္ကရာဇ် ၆၀-ပြည့်ဖြစ်ကြောင်း ဆိုကြပြန်သည်။ ဤတွင် ဘူးလုံး **နားမထွင်း** ဟူသော ဆိုရိုးစကား၏ အရင်းအစကို ဖော်ပြသည်မှာလည်း စိတ်ဝင်စားဖွယ် ဖြစ်သည်။

[ဆက်ရန်]

**ဒေါက်တာ ရီရီ**

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှအဆက်]

**ပျူတို့အကြောင်း**

ရာဇဝင်သုံးစောင်တို့သည် ပျူတို့အကြောင်းကို ဆိုရာ၌၊ ပျူနှင့် ကမ်းယံ စစ်ဖြစ်ကြ၍ ပျူတို့နိုင်သည်ဟု အကြောင်းအရာအားဖြင့် တညီတညွတ်တည်း ဆိုကြ၏။ သို့သော် အသေးစိတ် ဆိုကြရာ၌မူ ကွဲပြားကြသည်။ ရာဇဝင်ကြီးက စစ်ဖြစ်သည့် အကြောင်းရင်းကို ဤသို့ဆိုသည်။

> ထိုအခါ ဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ။ ထိုအရပ်၌ နိမိတ်ကြီး ၅-ပါးတို့သည် ညွှန်ချင်း ဖြစ်လေ၍။ မြေအပြင်သည် သာယာ ညီညွတ်စွာ ဖြစ်လေ၏။ ပြူနှင့် ကမ်းယံလည်း ထိုအရပ်ကို နေလိုကြသည် ဖြစ်၍။ စစ်ကြီးဖြစ်လေသော်။ ပြူနိုင်၍ ကမ်းယံ ပြေးလေ၏။

....ဟု ဖော်ပြသည်။ ရာဇဝင်သစ်ကမူ ကမ်းယံတို့ အကြောင်းကို....

> ကံရမ်းဟူသည်ကား သံတွဲမှစ၍ အနောက်တောင်စဉ်ခုနှစ်ခရိုင်၌ နေသော သူတို့ကို ဆိုလိုသည်။ ယခုအခါ ကံရမ်ဟူ၍ ရေးသား ဖတ်ရွတ်ကြသည်။ **နေမိဘုံခန်း**တွင်လည်း 'သက်သာကံရမ်း၊ ကြွမ်းနှင့် ကံစက်'ဟု ရှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူသည်ကို ထောက်၍ ကံရမ်းဟု ရေးသားဖတ်ရွတ်ရမည်။

....ဟူ၍ (စာမျက်နှာ ၂၂) ကမ်းယံတို့နေရာကို ညွှန်ပြသည်။ ထို့ပြင် **နေမိဘုံခန်း**ပျို့ကို ကိုးကား၍ 'ကံရမ်း'ဟု ရေးသားသင့်ကြောင်း ဆိုသည်။ ကျန် ရာဇဝင်နှစ်စောင်တို့က ဤသို့မဆိုချေ။

**မှန်နန်း**တွင်လည်း

> ထိုအခါ တမ္ဗူလမည်သော ပြူမင်းကို။ ဒေဝတီက နှောင့်ရှက် သိမ်းယူလေ၍။ ထိုမင်း မိဖုရားနန်းခန်း ထိုအရပ်တွင် နေလာသည်ကို ကမ်းယံတို့က။ ထိုအရပ်တွင် နေလိုသောကြောင့်။ ပြူနှင့် ကမ်းယံ စစ်ကြီး ဖြစ်ကြလေသော်။ ပြူနိုင်၍။ ကမ်းယံ ပြေးလေ၏။

....ဟူ၍ (စာမျက်နှာ ၁၈၉-၉၀) ရာဇဝင်ကြီးနှင့် ရာဇဝင်သစ်တို့တွင် မပါသည့် အကြောင်းအရာများကို ထည့်သွင်းဆိုပြန်သည်။

ထို့နောက် ပျူမိဖုရား မောင်နှမတို့ နန်းလုကြ၍ နှမနိုင်ရာတွင်၊ နှမသည်။ သကျအင်း အရပ်၌ ပြည်ရွာထူထောင်နေပြီး၊ မောင် မှုကား ဖိုးဦး အရပ်သို့ ရှောင်လွှဲနေထိုင်သည်ဆိုသော အဆိုကို မှန်နန်းက- (စာမျက်နှာ ၁၉၀)

ပြူတို့တွင်လည်း။ မိဖုရားနန်းခန်း မောင်နှမ နန်းလုကြပြန်၍။ နှမနိုင်လေ၏။ နှမလည်း သကျအင်းအရပ်တွင် ရွာပြု၍။ အလုံးအရင်းများနှင့် နေလေ၏။ မောင်လည်း အလုံးအရင်းနှင့်တကွ။ ဘိုးဦးအရပ်သို့ ရှောင်လွှဲ၍ နေလေ၏။ ဤအရာနှိုက်။ ရာဇဝင်ကြီး။ ရာဇဝင်သစ်တို့ဘွင်။ ပြူမိဖုရားဟူ၍သာ။ သာမန်ဆိုလေသည်ကို။ သိသာထင်ရှား စိမ့်သောငှာ။ ပုဂံသမိုင်းဟောင်းနှင့် အညီ။ တမ္ဘူလမင်း၏ မိဖုရား နန်းခန်းဟု အမည်သညာကို သွင်း၍ ဆိုခဲ့သည်။

ဤသည်မှာ မှန်နန်းသည် ရာဇဝင်ကြီးနှင့် ရာဇဝင်သစ်တို့ထက် ပြည့်စုံစွာကျမ်းကိုးပြလျက် ဆိုထားခြင်းဖြစ်သည်။ ရာဇဝင်ကြီး (စာမျက်နှာ ၁၂၁)က ဤအကြောင်းကို ဖော်ပြရာ၌ သကျအင်းကို 'သိကြားအင်း'ဟု ရေးသား၍ ရွာပြုသည် အစား 'ရွာပြုပြည်ထောင်'ဟု သုံးနှုန်းသည်။

ယင်းနောက် မိဖုရား နန်းခန်းနှင့်တကွ သကျအင်းတွင် နေထိုင်သည့် ပျူတို့သည်၊ ရှင်ရသေ့အား ကိုးကွယ်၍အဆုံးအမကို နာခံကြကြောင်း၊ ရာဇဝင်ကြီး (စာမျက်နှာ ၁၂၁)၌....

ထိုအခါ ပြူမိဘုရားမှ စ၍ သိကြားအင်း အရပ်၌ နေကုန်သော သူအပေါင်းတို့သည်။ တကောင်းမင်း ယောက်ဖတော်ဖြစ်သော ရှင်ရသေ့အား ဘုရားကဲ့သို့ ကိုးကွယ် မှီခိုရာပြုကုန်၏။ ရှင်ရသေ့လည်း ဈာန်အဘိညာဉ်နှင့် တကွဖြစ်၍။ ဘုန်းတန်ခိုး အာနုဘော်အလွန်ကြီးတော်မူ၏။ အဌရသဉ်အည်း အပြီးတိုင်အောင် တတ်တော်မူ၏။ ရာဇမာယာ၌လည်း အလွန် လိမ်မာတော် မူသည်ဖြစ်၍။

....ဟု ဆိုသည်။ ရာဇဝင်သစ်နှင့် မှန်နန်းတို့ကလည်း ယင်းအတိုင်း လက်ခံ ရေးသားကြ၏။

သကျအင်း အရပ်မှ ပျူတို့ မဟာသမ္ဘဝကို မင်းမြှောက်ကြောင်း ဆိုရာ၌မူ ရာဇဝင်သုံးစောင်လုံး ကွဲလွဲမှု ရှိကြသည်။ ရာဇဝင်ကြီး (စာမျက်နှာ ၁၂၁)က ရှင်ရသေ့၏ တိုက်တွန်းချက်အရ မင်းမြှောက်ခြင်းဖြစ်သည် ဆို၏။

တခုံရောအခါ ပြူမိဘုရားအား ဤသို့ မိန့်တော်မူ၏၊ ငါ၏ တူ တော် ဖြစ် သော မဟာသမ္ဘဝခင်းသားသည်။မင်းတို့၏ကျင့်ရာ ဝတ်နှင့်လည်း ပြည့်စုံ၏။ တရားအရာ၌လည်း။ သူရသတ္တိနှင့် ပြည့်စုံ၏။ သင်တို့နေသော အရပ်ကို မင်းပြုစေ၍ သင်ဘို့အား စိုးအုပ် စီမံကွပ်ကဲစေလောဟူ၍ မိန့်တော်မူလျှင်။ ပြူမိဘုရားလည်း ငါသည် မိန်းမသားဖြစ်သည်။တဘက်သား ရန်သူတို့ ရောက်လတ်သည်ရှိသော်။ ဘုန်းလက်ရုံးအာဏာနှင့် လုပ်ကြသည်ဖြစ်မှ။ ရန်သူကို အောင်မြင်၍ ပြည်ထဲးသာယာ ဝပြောလတ္တံ့ဟူ၍ ကြံပြီးမှ။ မဟာသမ္ဘဝအား မင်းမြှောက်လေ၏။

ရာဇဝင်သစ် (စာမျက်နှာ ၂၂-၃)ကမူ မင်းသားတို့၏ အရည်အချင်းကို မြင်သဖြင့် ပျူမိဖုရားသည် ရပ်သူရွာသားတို့နှင့် တိုင်မင်ကာ မဟာသမ္ဘဝကို မင်းမြှောက်ခြင်း ဖြစ်သည် ဆိုသည်။

မင်းသားညီနောင်တို့လည်း ပျူတို့ကို မင်းတို့၏ ရာဇမာယာ ထုံးစံနည်းနာ မင်းတို့၏ ကျင့်ရာ ပျူမင်းသမီးလည်း ငါသည် မိန်းမသား ဖြစ်ချေသည်၊ ရန်သူရောက်သော် ဘုန်းအာဏာဖြင့် နှိမ်နှင်းမှ အောင်နိုင်ရာသည်ဟု သကျအင်းအရပ်၌ နေသူ အပေါင်းတို့နှင့် ညီညွတ်၍ သာသနာတော် အနှစ် ၆၀ ခြောက်ဆယ်တွင် မဟာသမ္ဘဝ မင်းသားကို မင်းမြှောက်ကြလေ၏။

မှန်နန်းသည် အထက်ပါ အဆိုနှစ်ရပ်တွင် ရာဇဝင်ကြီး စကားကို ယူသည်။ ထို့ပြင် ပျူမိဖုရားသည် တကောင်း သာကီဝင် မင်းမျိုးဖြစ်

ကြောင်း ၎င်းတို့နေရပ်မှာ သကျသာကီဝင်တို့၏ နေရပ်ဖြစ်သဖြင့် သကျအင်း တွင်ကြောင်းကို (စာမျက်နှာ ၁၉၀)

ပြူမိဖုရားကား၊ တကောင်း သကျသာကီဝင်မျိုးတည်း။ ထို့ကြောင့် ထိုမိဖုရားနေရာကို သကျအင်း တွင်လေသည်။

....ဆို၏။ ၎င်းနောက် ပျူမိဖုရား၏ အနွယ်အလာကို....

ပြူမိဖုရား သာကီဝင်မျိုး ဖြစ်ကြောင်းကား။ ကံရာဇာ မင်းကြီးသည် ကလေးတောင်ညို ရာဇဗြိုဟ်နိုက် ဗိုလ်ဝင်ခံ ကြိုက်သောအခါ။ ပြူတို့ အကြီးဖြစ်သော ဒေဝဒူဘာ။ နန်းလျှာ တောင်းလာရသည်။ ယင်းသော အခါ သားတော် မုဒုစိတ္တာ တဆယ့်ခြောက်နှစ်အရွယ် ရောက်သည် ဖြစ်၍။ ပြူလူမျိုးတို့ အရပ်မှာ ရွှေနန်းဘင်တော်မူသည်။ (စာမျက်နှာ ၁၉၀)

ဘိုးတော်အဘိရာဇာမင်းတရားကြီးရှိစဉ်၊ သားတော် ကံရာဇာကြီးနှင့် သမီးတော် သုဘတ္တာဒေဝီကို စုံဘက်ရာတွင်။ မုဒုစိတ္တာကို ဘွားမြင်၍ မမြင်ခင် မယ်တော်နတ်ပြည်စံလေသည်။ ထို့ကြောင့် ထိုမုဒုစိတ္တာမည်သော သာကီဝင်မင်းမှ မျိုးတော်စဉ်ဆက် ဆင်းသက်ခဲ့သော ပြူမိဖုရားကိုလည်း သာကီဝင် မင်းမျိုးဟု အစဉ်တွင်လေသည်ဖြစ်၍။ ထိုသကျ သာကီဝင် မင်းမျိုးဖြစ်သော။ ပြူမိဖုရား နေရာကို သကျအင်းတွင်လေသည်။

....ဟု ကျယ်ကျယ်ပြန့်ပြန့် ဆိုပြန်သည်။ ဤသို့ ရှင်းလင်းရခြင်းမှာ မြန်မာမင်းတို့သည် သာကီဝင်မင်းမျိုးမှ ဆင်းသက်ကြောင်း ထင်ရှားစေရန် ဖြစ်သည်ဟု အောက်ပါစကားရပ်တို့ဖြင့် ဆက်လက်ဆိုပြန်သည်။ (စာမျက်နှာ ၁၉၁)

ဤကား။ ရာဇဝင်ကြီး ရာဇဝင်သစ်တို့၌ အဆိုမပြ ကြွင်းကျန်လေသည်ကို သကျသာကီဝင် မင်းမျိုးမှ အစဉ်မပျက် ဆင်းသက်ခဲ့သော မြန်မာမင်းတို့၏ အနွယ်တော်ကို ထင်ရှားစိမ့်သောငှာ။ ပုဂံ သမိုင်း ဟောင်းတကောင်း ရာဇဝင်။ ရက္ခိုင် ရာဇဝင်တို့နှင့် အညီ သွင်းပြသော စကားတည်း။ ။

မှန်နန်းသည် တကောင်းမင်းဆက်အကြောင်း ဆိုပြီးသည်တွင် အလားတူ စကားမျိုး ရေးသားခဲ့သည်ကို အထက်တွင် ပြဆိုခဲ့ပြီးဖြစ်၏။

**မဟာသမ္မတမင်း**

မဟာသမ္မတ မင်းအကြောင်းကို ရာဇဝင်သုံးစောင်လုံး၌ အနည်းငယ်သာပါသည်။ မိဖုရား သားတော်-သမီးတော် နန်းသက်အနိစ္စရောက်အံ့သောအခါ ပေါ်ထွက်သည့်နိမိတ် နေ့နံများကို ရာဇဝင်တို့ အညီအညွတ် ရေးသားကြ၏။ ဤတွင် ရာဇဝင်တစောင်၏ အဆိုကိုသာ တင်ပြပါမည်။ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၁—၂)တွင်-

မဟာ သမ္မတမင်း မင်းပြုတော်မူသော သက္ကရာဇ်ကား။ သာသနာတော် သက္ကရာဇ် ၆၀ ခြောက်ဆယ်တွင် မင်းဖြစ်တော်မူ၏။ မိဘုရားကား ဘေဒါရီတပါး။ ပြူမိဘုရား တပါး။ သည်နှစ်ပါးတွင် ပြူမိဘုရား၌ သမီးတော်တပါး ဖွားမြင်သည်။ များမကြာ ပြူမိဘုရား အနိစ္စ ရောက်တော်မူလေသည်။ ဘေဒါရီ မိဘုရားတွင် ဒွတ္တဘောင် ပဋိသန္ဓေ ၃-လရှိသောအခါ။ ခမည်းတော်မဟာသမ္မတ မင်းကြီး အနိစ္စရောက်တော်မူ၏။ ထိုမင်းကား အိမ်နိမ့် ၂၀နှစ်ဆယ်၊ မင်းစည်းစိမ် ၆ ခြောက်နှစ်၊ သက်တော် ၂၆ နှစ်ဆယ့်ခြောက်နှစ် သော်အနိစ္စ ရောက်တော်မူ၏။ ရောက်လိုသော် တော် ၇ ရက်လည်း၏။ နံတော် တနင်းလာသားတည်း။

ဤတွင် အိမ်နိမ့်နှင့် စည်းစိမ် တို့မှာ ရာဇဝင်တို့၏ လက်သုံးစကားများ ဖြစ်၏။ အိမ်နိမ့်မှာ မင်းမဖြစ်မီ ကာလအပိုင်း အခြားကို ညွှန်းကာ စည်းစိမ်၊ နန်းစည်းစိမ်တို့မှာ မင်းဖြစ်၍

အထွတ်အမြတ်ရောက်ပြီး နန်းသက်ကို ညွှန်းသော စကားများ ဖြစ်သည်။

## စူဠသမ္မတမင်း

မဟာသမ္မတမင်း အနိစ္စရောက်သော် ၎င်းညီတော် စူဠသမ္မတ မင်းပြုတော်မူ၏။ မရီးတော် ဘေဒါရီကို မိဖုရားမြှောက်ရာ မင်းသားဘဝကပင် အလုပ်အကျွေး ပြုခဲ့သော စန္ဒမုခီ ဘီလူးမသည် ဝမ်းနည်းသော အားဖြင့် သား ပိသနိုးကို ယူ၍ မြောက်ပုပ္ပါးအရပ်သို့ ထွက်သွားကာ မြို့ရွာတည်ထောင်နေ လေသည်။ စူဠသမ္မတမင်းကြီးသည် စည်းစိမ်တော် ၁၅-နှစ် ရှိသောအခါ အနိစ္စရောက်တော်မူ၏။ အထက်ပါ အကြောင်းများကို ရာဇဝင်သုံးစောင် အညီအညွတ် ဆိုကြသည်။ သို့ရာတွင် ရာဇဝင်သစ်သည် ကျန် ရာဇဝင်တို့၌ မပါသည့် ဗွတ္တပေါင် မင်းသားအကြောင်းပါ လာရှိသည်။ ထို့ကြောင့် ရာဇဝင်သုံးစောင်တွင် အပြည့်စုံဆုံး ဖြစ်သည့် ရာဇဝင်သစ် အဆိုကိုရှုပါ။ (စာမျက်နှာ ၂၃၄)

သာသနာတော် (၆၆) ခြောက်ဆယ့်ခြောက်နှစ်တွင် ညီတော် စူဠသမ္မတမင်း ဖြစ်တော်မူ၏။ မိဖုရားကား ဘေဒါရီတည်း၊ စူဠသမ္မတမင်း နန်းတက်၍ ခုနစ်လရှိလျှင် ဗွတ္တဘောင် မင်းသားကို ဖွားး၏၊ နဖူး၌ ကျက်သရေနားသော မှည့်ရှင် ပါ၏၊ ထိုမှည့်ရှင်ကိုစွဲ၍ 'မျက်စိသုံးခု အတုမဲ့ခေါင် ဗွတ္တဘောင်၊' ဟု သူဟောင်းတို့ ဆိုကုန်သတည်း၊ ဘိုးတော် ရှင်ရသေ့ကိုပြသော် ကျွန်းအလုံးကို နှိပ်နင်းနိုင်မည့်သူ ဖြစ်လိမ့်မည်ဟု ဆို၍ ခုနစ်နှစ် အရွယ် သို့ ရောက် လျှင် အတတ်ပညာအင္ဂါရသ ဟူသမျှတို့ကို ဘိုးတော် ရှင်ရသေ့ပြသ, သင်ကြားပေ၏။ တဆယ့်ခြောက်နှစ် ရောက်သော အခါ မရီးတော် ပျူမိဖုရားတွင်မြင်သော သမီးနှင့် ဆောင်နှင်း၍ အိမ်ရှေ့ ပေးတော်မူ၏။

စူဠသမ္မတမင်းကြီး အိမ်ရှေ့ အဖြစ်က လုပ်ကျွေးသော စန္ဒမုခီဘီလူးမသည် စူဠသမ္မတမင်း ဖြစ်၍ မရီးတော် ဘေဒါရီကို မိဖုရားမြှောက်လျှင် ဝမ်းနည်းသောအားဖြင့် သားပိသနိုးကို ယူ၍ မြောက်ပုပ္ပားအရပ်၌ ရွာထောင်၍ နေလေ၏။

စူဠသမ္မတ မင်းသားကား တရားသဖြင့် မင်းပြု၏၊ အိမ်နိမ့် နှစ်ဆယ့်ခြောက်နှစ် - စည်းစိမ်သုံးဆယ့်ငါးနှစ် သက်တော် ခြောက်ဆယ် တနှစ်သော် အနိစ္စရောက်တော်မူ၏၊ အနိစ္စ ရောက်လိုသော် ခုနစ်ရက် တိုင်တိုင် ညဉ့်ကဲ့သို့ မိုက်၏၊ နံတော် တနင်းလာသား တည်း။

ရာဇဝင်တို့က စူဠသမ္မတသည် 'တရားသဖြင့်' မင်းပြုသည်ဆိုခြင်းမှာ စိတ်ဝင်စားဘွယ် ဖြစ်၏။

## သရေခေတ္တရာပြည်တည်ခြင်း

သရေခေတ္တရာပြည် တည် ထောင် ခြင်း နှင့် စပ်လျဉ်း၍ ရာဇဝင်တို့ အဆိုအမိန့် ကွဲပြားကြသည်။ ရာဇဝင်ကြီး (စာမျက်နှာ ၁၂၂) က

သာသနာတော် သက္ကရာဇ် ၁၀၁-ခု၊ ရောက်သောအခါ။ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘန်၊ စန္ဒီ၊ ပရမေဿရာ၊ ဤသူမြတ် ခုနစ်ယောက်တို့သည် ဘုရားသခင် ဗျာဒိတ်တော် ရှိသည်နှင့်အညီ၊ မြို့တည်အံ့သော အကြောင်းကို ရှေးစုတိုင်ပင် ညီညွတ်ကြ၍။ သာယာညီညွတ်လှစွာသော မြေအပြင်ဝယ်၊ သိကြားမင်းသည် စက်တိုင်၌ရပ်၍ နေပြီးလျှင်။ နဂါးကို စက်ကြိုးပြု၍ လှည့်တော်မူ၏။ ထိုသို့ နဂါးကြိုးဖြင့် ရစ်ခွေလှည့်သောအရာ၌ အချင်းအားဖြင့် တယူဇနာ။ အဝန်းအားဖြင့် ၃-ယူဇနာရှိသော တံခါးကြီး၃၂- သုံးဆယ့်နှစ်တံခါး။ တံခါးငယ် ၃၂-နှစ်ဆယ့်သုံး တံခါး ကျုံး မြောင်း ပ ရွှင် ရင် ပျော် ဘန်ဆောင်း ပြအိုး သော မြို့၏ အင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံသော ထူးဆန်းတင့်တယ်လှစွာသော သိကြား နေရာ သုဒဿန

မြို့ကဲ့သို့မြတ်သော အသရေကို ဆောင်သော။
သရေခေတ္တရာ ရွှေမြို့တော်ကို တည်၏။
မြို့တည်သော သက္ကရာဇ်ကား။ ဘုရားရှင်
ပရိနိဗ္ဗာန် ပြုတော် မူ၍ သာသနာတော်
သက္ကရာဇ် ၁၀၁-တရော့တခု။ တန်ခူးလဆန်း
၁-ရက်။ တနင်္ဂနွေနေ့ နက္ခတ် ၂၆-လုံး
နေထွက်တပြုတွင်။ ရွှေနန်းတော်၊ မြို့၊ ကျုံး၊
ဤသုံးဌာနကို တည်တော်မူ၏။
....ဟူ၍ ဆိုသည်။

**ရာဇဝင်သစ်** အဆိုမှာ **ရာဇဝင်ကြီး** နှင့် ကွဲလွဲချက်များ ရှိသည့်ပြင် ပိုမိုပြည့်စုံ၏။

ထိုအခါ သာသနာတော် (၁၀၁) တရော့တနှစ်ရောက်၍ မျှော်ဒိတ်တော် ရင်းနှင့် အညီထိုအရပ်၌ နိမိတ်ကြီးငါးပါး ထင်ရှားစွာ ဖြစ်၍ ရသေ့ သင်ခမ်းအရှေ့တခွင် ပင်လယ် ခန်းခြောက်၍ အလွန် ညီညွတ် သာယာ စွာသော မြေပြင်ပေါ်ထွန်းရာတွင် ဂဝံပတော့ ရသေ့ သိကြားနဂါး ဂဠုန် စန္ဒီ ပရမေသူရာ ဤသူမြတ် ခုနစ်ယောက်တို့သည် မြို့တည် အပ်သော အကြောင်းကို ရှုံးစုတိုင် ပင် ညီညွတ်ကြ၍ သိကြားမင်းကား စက်တိုင်၊ နဂါးမင်းကား စက်ကြိုးပြု၍ လျားနံကြီးကျယ် စွာသော တံခါးကြီးသုံးဆယ့်နှစ်၊ တံခါးငယ် နှစ်ဆယ့်ငါး ဘုံသုံးဆင့် ရှိသောပစ္စင်ပြ တန်ဆောင်းတို့နှင့် ပြည့်စုံသော သရေ ခေတ္တရာမြို့ကို တန်ခူးလဆန်းတရက် တနင်္ဂနွေ နေ့ နက္ခတ် နှစ်ဆယ့်ခြောက်လုံး နေထွက် တပြုတွင် ရွှေနန်းတော် မြို့ ကျုံး ဤသုံးဌာန ကို တည်တော် မူ၏။ (စာမျက်နှာ ၂၄)

ဤတွင် **ရာဇဝင်ကြီး**နှင့် ကွဲလွဲချက်များမှာ **ရာဇဝင်ကြီး**က ကုမ္ဘန်ဆိုရာ၌ **ရာဇဝင်သစ်**က ဂဝံပတော့ဆိုခြင်း၊ **ရာဇဝင်ကြီး**က တံခါးငယ် ၂၃-ဆိုရာတွင် ရာဇဝင်သစ်က တံခါးငယ် ၂၅ ဆိုခြင်းတို့ဖြစ်သည်။ ပိုမိုပြည့်စုံသည်မှာ နိမိတ်ကြီး ငါးပါး ထင်ရှားဖြစ်၍ ပင်လယ်ခန်းခြောက်ကာ သာယာသော မြေပြင်ပေါ်ထွန်းခြင်းနှင့် ပစ္စင် ပြတန်ဆောင်းတို့တွင် ဘုံသုံးဆင့် ရှိခြင်းဟူသော အဆိုတို့ ဖြစ်၏။ ထို့နောက် **ရာဇဝင်သစ်**သည် သူမြတ်ခုနစ်ဦးတွင် ဂဝံပတော့ ထည့်သင့်ကြောင်း ကို**ဘုရင့်နှမတော်ချင်း**ကိုအထောက်အထား ပြု၍ ဆိုပြန်သည်။

**မဟာရာဇဝင်**မှာ ဂဝံပတော့ကို ချ၍ ဂုမ္ဘာန်ကို သွင်းလေသည်၊ **ရာဇဝင်လတ်**မှာ မဟာပိန္နဲဟု ဆိုလေသည်။ **ဘုရင့်နှမတော် ချင်း**တွင်မူကား 'မြေခုံမြင့်ဖျား၊ ပျူမင်း များနှင့်၊ သကြားသူရုံ၊ ပဝံပတော့၊ ရသေ့ စန္ဒီ၊ တူပြိနာဂါ၊ ဂဠုန်လာ၍၊ လုပ်လှာ နတ်တို့၊ ရွှေပြည်မြို့ဝယ်'ဟု **မင်းနဝဒေး** စပ် ဆိုသည်။ သူရုံမှာ ပရမေသူရာကို ဆိုလိုသည်။ (စာမျက်နှာ ၂၄-၅)

**သည့်ပြင်** သရေခေတ္တရာပြည် တည်ထောင် ရာ၌ သကျအင်း အရပ်မှ ပျူတို့ ပါဝင်သည်ကို လည်းကောင်း၊ မြို့ရိုးတွင် အရေးသုံးခု ရှိသည်ကို လည်းကောင်း၊ ပရမေသူရာ နတ်မင်းက အထူး ကြီးပမ်း ဆောင်ရွက်သည်ကို လည်းကောင်း။ **လှော်ကား သုံးထောင်မှူး**ကို ကိုးကား၍ ဖြည့် စွက်၏။

ထိုသကျအင်းတွင် နေသော ပျူတို့နှင့် တကွ သကြားစက်တိုင် နဂါး စက်ကြိုးပြု၍ တည်ရာတွင် ဂဠုန်နေရာရောက်လျှင် ဂဠုန် မင်းကို ကြောက်သောအားဖြင့် နဂါးမင်း ကိုယ်ကို တွန့်၏၊ နဂါးမင်း တွန့်ရာ အရပ် သည် အရေးသုံးခုဖြစ်၏၊ ပရမေသူရာနတ်မင်း သည်၊တထောင်မျှလောက်သော ကိုယ်ကို ဖန်ဆင်း၍လုပ်ဆောင်စီရင်ပေ၏။ထို့ကြောင့် **သုံးထောင်မှူး**သည်

မေရုဗဟို၊ မြင်းမိုရ်ဦးကိုင်၊ ပန်းလည်တိုင် တို၊ ကြံ့ခိုင်စွာနိုး၊ ပွတ်ငင်ကြိုးမူ၊ ရေမျိုး ဇာတိ၊ မဟိဒ္ဓိလျှင်၊ တရိဝကော်၊ သုံးရစ် ပေါ်၏၊ အဖျော်ဆယ်ခု၊ ထောပတ်ပြု၍၊ ဉာဏ်တောသွန်၊ ဝေါဟာဝန်ဟု၊ မြင်ဟန် ဖျက်စိ၊ တထောင်ရှိသား၊ မြင့်ဘိဥကွောင်း၊

ဘောင်လည်းကောင်းလျှင်၊ ခေါ်သောင်း
မည်ပင်၊ ထောင်နေစင်တည့်၊ ကိုယ်ပင်လက်
ခြေ၊ နှစ်ထောင်နေဖြင့်၊ ပရမေသူရာ၊ ဖန်
ဆင်းခါ၌၊ ရှိန်ဝါဘုန်းမြင့်၊ နေလပွင့်သို့၊
ရှင်ပင့်ဘေးဘိုး၊ ကျွန်းလုံးစိုးသည်၊ နန်းရိုး
တည်စ၊ ပင်ကိုသော....။

....ဟု စပ်ဆိုသည်။ ရာဇဝင်ကြီးကို၌ကား၊ မြို့အချင်း တယူဇနာ အဝန်းသုံး ယူဇနာ ဆို၏။ (စာမျက်နှာ ၂၅-၆)

မှန်နန်းသည် သရေခေတ္တရာ တည်ခြင်းနှင့် စပ်လျဉ်း၍ ရာဇဝင်ကြီး၏ နိမိတ်ကြီးငါးပါးနှင့် ပတ်သက်သည့် အဆိုကို....

> သာသနာတော် တရာ့တခု ရောက်သော အခါ။ ဘိုးဦးတောင်ဖျားနိုက် ထားတော်မူခဲ့သော ဗျာဒိတ်တော်နှင့်အညီ။ ညဉ့်တွင်းချင်း နိမိတ်ကြီးငါးပါး တပြိုင်နက် ဖြစ်လေသည်။ ဤအရာနိုက် ရာဇဝင်ကြီးတွင် မဟာသမ္မတ မင်းပြုစဉ်ကပင်။ နိမိတ်ကြီးငါးပါး ပေါ်ကြောင်းကို ဆိုသည်။ သာသနာတော် တရာ့တနှစ် ရောက်သောအခါ။ နိမိတ်ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားကြောင်းကို။ မိမိ ဆိုခဲ့သော ရှေးစကားနှင့် ဆန့်ကျင်လေသည်။

....ဟု ဝေဖန်သည်။ (စာမျက်နှာ ၁၉၂) **ရာဇဝင်ကြီး**၌ ပျူနှင့် ကမ်းယံ စစ်မဖြစ်မီကပင် နိမိတ်ကြီးငါးပါး ပေါ်ထွက်ကြောင်းဆိုခဲ့လေရာ၊ **မှန်နန်း**၏ ဝေဖန်ချက်မှာ အနည်းငယ် ချွတ်ချော်နေပေသည်။

မှန်နန်းသည် သရေခေတ္တရာပြည်ကို သူမြတ်ခုနစ်ပါးတွင်ကုဿန်အစား ဂဝံပတေ့ကိုထည့်၏။ ထို့ပြင် **ရာဇဝင်ကြီး**က သရေခေတ္တရာမြို့တွင် တံခါးငယ် ၂၃-ရှိကြောင်း ရေးသည်ကို မှန်နန်းက တံခါးငယ် ၃၂-ဟု ပြင်သည်။ မှန်နန်းက သူမြတ် ၇-ပါးတွင် ဂဝံပတေ့ ပါသင့်ကြောင်းကို အောက်ပါအတိုင်း ဆိုသည်။ (စာမျက်နှာ ၁၉၂)

> ဤအရာ၌ ရာဇဝင်ကြီးတွင်။ သူမြတ်ခုနစ်ပါးမှာ။ ဂဝံပတေ့မပါ။ ဂုဿန်ကို သွင်းလေသည်။ ရာဇဝင်လတ်မှာ။ ဂဝံပတေ့ ဂုဿန် မပါ။ မဟာပိန္နဲကို သွင်း၍ဆိုသည်။ ရာဇဝင်ဟောင်းမှာ။ ဂဝံပတေ့။ ရသေ့။ သိကြား။ နဂါး။ ဂဠုန်။ စန္ဒိပရမိသွာဟု ဂဝံပတေ့ကို သွင်း၍ ဆိုသည့်အတိုင်း။ ဒွတ္တပေါင်မင်းကြီး ခေတ်နန်းမင်္ဂလာ။ ယဇာရာပြုများတွင်။ ဂဝံပတေ့။ ရသေ့သူမြတ်တို့ အခါပေးသည် ဟူသောစကား။ နိမိတ်လည်း ရှိချေသည် ဖြစ်၍။ ဆိုအပ်ခဲ့ပြီးသော သူမြတ် ခုနစ်ပါးသာ။ ရာဇဝင်ဟောင်း။ ရာဇဝင်သစ်။ ချေင်းမော်ကွန်း အစောင်စောင် ညီညွတ်လေသတည်း။

ထို့ပြင် မှန်နန်းက သရေခေတ္တရာကို **သာသနာနှစ် ၁၀၁ ခု**၊ တန်ခူးလဆန်း ၁၀-ရက်၊ နက္ခတ် ၁၆ လုံး နေထွက်တပြုတွင် တည်သည်ဟု ဆိုသည့်ပြင်....

> အချို့သော ရာဇဝင်ကြီးတို့နိုက်။ တန်ခူးလဆန်း ဆယ့်တရက်နေ့။ သရေခေတ္တရာမြို့ တည်သည်ဟု ဆိုစကုန်၏။ စာစောင်ခိုင်ရာ။ စာများရာ။ ထင်ရှားရာယူ၍ ရေးခဲ့သည်။ ။

....ဟူ၍လည်း ဖော်ပြ၏။ ဤတွင် မှန်နန်း၏ 'စာစောင်ခိုင်ရာ။ စာများရာ။ ထင်ရှားရာယူ၍ ရေးခဲ့သတည်း။' ဟူသော စာသားများမှာ ချီးကျူးမှတ်သားဖွယ် ကောင်း၏။ သိပ္ပံနည်းကျ လှသည့်စနစ်ကို ဖော်ညွှန်းသည့် အသုံးအနှုန်းများပေတည်း။ မျက်မှောက်ခေတ် သုတေသီတို့ သည်လည်း သမိုင်းရေးသားကြရာ၌ မှန်နန်း ကဲ့သို့ပင် အဆိုအမိန့် ကွဲလွဲသည်များကို တင်ပြပြီး၊ အဆိုများရာ၊ ခိုင်လုံရာ၊ ထင်ရှားရာကို ယူ၍ ရေးသားကြရ၏။

[ဆက်ရန်]

ဒေါက်တာ ရီရီ

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှအဆက်]

### ဒွတ္တပေါင်မင်းကြီး၏ ဘုန်းတော်

ထို့နောက် ရာဇဝင်သုံးစောင်တို့သည် ဒွတ္တပေါင်မင်းကြီးစံစားရန် နတ်တို့က ပြာသာဒ် နန်းသုံးဆောင် စီရင်ပေးခြင်း၊ မင်းကြီးတွင် မိဖုရားနှစ်ပါးရှိခြင်း၊ သိကြားမင်းက မင်းမြောက်တန်ဆာငါးပါးနှင့်၊ မင်းဆောင် မင်းယောင်၊ ဆင် မြင်း၊လူသူပေးခြင်းကို အညီအညွတ်ဆိုကြ၏။ ဤတွင် ရာဇဝင်ကြီး (စာမျက်နှာ ၁၂၂-၃) အဆိုကို ထုတ်ဖော်ပါမည်။

မင်းကြီးအား ထိုက်သော။ ဂိမ္ဟန္တဥတု၊ ဝသန္တဥတု၊ ဟေမန္တဥတု၊ ဥတု ၃ ပါး၌ မွေ့လျော် ပျော်ပါးစေခြင်းငှာ။ ဘုံ ၇ ခုနစ်ဆင့်ရှိသော ပြာသာဒ်။ ဘုံ ၉ ကိုးဆင့်ရှိသော ပြာသာဒ်။ ဘုံ ၁၁ တဆဲ့တဆင့် ရှိသော ပြာသာဒ်။ ဤသို့သော ပြာသာဒ်နန်း သုံးဆောင်တို့ကိုလည်း နတ်တို့လုပ်၍ မြို့နှင့်တကွ ခုနစ်ရက်တွင်းတွင် ပြီး၏။ ထိုသို့ မြို့၏ကိရိယာ၊ နန်း၏ကိရိယာ အပြည့်အစုံ ပြီးပြီးလျှင်။ ဒွတ္တဘောင် မင်းကြီးအား သိကြားမင်းသည် လက်တော်မလျက် နန်းတင်၍ ရာဇဘိသေက ခံတော်မူ၏။ ထိုမင်း မိဘုရားကား ပြူမိဘုရားကို ခမည်းတော် မဟာသမ္ဘဝ မင်းကြီး မိဘုရားမြောက်၍ မြင်သော နှမတော် စန္ဒာဒေဝီမိဘုရားလည်း တပါး။ နဂါးမင်းသမီး ဘေစန္ဒီလည်း တပါး။ ဤနှစ်ပါးတည်း။ သိကြား မင်းလည်း သီလဝံသထား အစရှိသော မင်းမြောက်တန်ဆာ ၅ပါးတို့ကို ၎င်း။ ကေရာဇ်မင်းနှင့် ထိုက်တန်သော မင်းဆောင်မင်းယောင်၊ မင်းခမ်း မင်းနားတို့ကို၎င်း။ ရန်သူအပေါင်းတို့ကို နှိပ်နှင်းစေခြင်းငှာ။ အရိန္ဒမာ လှံ အစရှိသော ခေါင်းလောင်းကြီး စည်ကြီးတို့ကို၎င်း။ မင်းကြီးကို ရွက် ဆောင်နိုင်သော အရပ်အားဖြင့် ၁၅ တဆဲ့ငါးတောင်။ အလျားအားဖြင့် အတောင် ၂၀ နှစ်ဆယ်ရှိသော နာဋ္ဌာဂိရိဆင်။ သိန္ဓဝအမျိုးဖြစ်သော ဝေလာဟကမြင်းတို့ကို၎င်း။ မင်းကြီး၌ မပြတ် စောင့်ရှောက်စေခြင်းငှာ။ နတ်သူရဲ တကျိပ်ခုနစ်ယောက်တို့ကို၎င်း။ သံတမန်စေခြင်း၌ လိမ္မာသော ဘုန်းပညာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ငနီပါး။ ငရဲကျား။ ပဉင်းဖြူ ပဉင်းညိုတို့ကို၎င်း။ အတွင်းပင်လယ် ပြင်ပင်လယ်တို့ကို၎င်း။ ဒွတ္တဘောင် မင်းကြီးအား သိကြားမင်း ဆောက်နှင်းပေ၏။

ရာဇဝင်သစ် (စာမျက်နှာ ၂၆)နှင့် မှန်နန်း (စာမျက်နှာ ၁၉၃) တို့ကလည်း ရာဇဝင်ကြီးသို့ လိုက်၍ ရေးသားကြ၏။ ထို့ပြင် ရာဇဝင်သစ်က

မင်းရဲဒိဗ္ဗချင်းတွင် အဆိုကွဲလွဲသည်များကို လည်း တဆက်တည်း ဖော်ပြသည်။ (စာမျက်နှာ ၂၆-၇)

**လက်ဆောင်ယူဖူးရှင်သံကို** မူကား **မင်းရဲဒိဗ္ဗချင်းတွင်** သကြားမင်းက ဆင် ဂဠုန်မင်းကလှံ နဂါးမင်းကလှေ ဆက် ကြောင်းကို "မိန့်တော်ရွှေစက်၊ ပေးခဲ့မြွက် သား၊ ငါးချက်နိမိတ်၊ ကျော်သံထိတ်မျှ၊ မျှာဒိတ်ညီထွေ၊ သရေခေတ္တ၊ တည်ထောင်စ ၌၊မာဃဆဒ္ဒန်၊ လှံကွန်ဂဠုန်၊ဆန်စုန်ရေမြေ၊ လှေကားနဂါး၊ ဆက်ပွားခွန်သ၊ သူရစစ် အောင်၊ဗုဒ္ဓဘောင်" ဟုစပ်ဆိုသည်။

ဤအပိုဒ်တွင် ဘုန်းလက်ရုံးအာဏာကြီးသည့် မင်းတို့ကို သိကြားမင်း မ,စ၍ နန်းတင်သည်၊ ဘိသိက်သွန်းသည်ဟူသော အယူအဆကို သတိ ပြုသင့်သည်။ အလားတူပင် **မှန်နန်းသည်** တကောင်းမင်းဆက်အကြောင်း ရေးသားရာ၌ သတိုးဇမ္ဗူဒီပဓဇရာဇာမင်းကြီး 'နန်းတက်တော် မူသောအခါ။ မြဟ္မာမင်း။ နဂါးမင်းတို့ကား၊ လက်ယာ။ သိကြားမင်း ပစ္စုန် နတ်မင်းတို့ကား လက်ဝဲ။'မှနေကြောင်းစီကုံးခဲ့သည်။ (စာမျက်နှာ ၁၀၀) ထို့ပြင် **ရာဇဝင်ကြီး**က ပုဂံမင်းဆက် အကြောင်းဆိုရာတွင် အလောင်းစည်သူအား **'သိကြားမင်းသည်။** သည်မင်းကား ဘုရားရှင် သာသနာတော်ကို ရွက်ဆောင်သောမင်း ဖြစ် သည်ဟူ၍ အဘိသိက်သွန်း၏။' ဟု ရေးသားပြန် သည်။ (စာမျက်နှာ ၂၃၄) ယင်းသည်တို့ကို ကြည့်လျှင် ဘုန်းကြီးသော မင်းတို့အား သိကြား မ,စသည်ဟူသော အယူအဆရှိကြောင်း ထင်ရှား ပေသည်။

ထို့နောက် ရာဇဝင်သုံးစောင်တို့က ဗုဒ္ဓ ပေါင်မင်းကြီး နင်းတိုင်းနင်းတိုင်း မြေကျွံနစ် ကြောင်း ညီညွတ်စွာ ဆိုကြ၏။ **ရာဇဝင်သစ်က** ရှင်မဟာသီလဝံသ စပ်ဆိုခဲ့သည်ကိုပင် ဖြည့်စွက် တင်ပြသေးသည်။ (စာမျက်နှာ ၂၇)

မင်းကြီး ခြေတော် နင်းတိုင်း နင်းတိုင်း မြေတို့ ကျွံနစ်သည်ကို မကျွံနစ်စေလို၍ သကြားမင်းလည်း မိမိဘုန်းနှိုး အာနုဘော် ဖြင့် ခြေတော်ချရာ ချရာ၌ သံမှိုခံပေး သော ဟူ၏။

ထိုသို့ ရှေးသူဟောင်းတို့ ဆိုသည်ကို လိုက်၍ "သရေခေတ္တရာ၊ ပြည်ဖြစ်ခါ၌၊ ရတနာသုံးဦး၊ ပွားလူးထောင်သစ်၊ တည်စ ဖြစ်၍၊ ကျွံနစ်မြေကြီး၊ သံမှိုနှီးသား၊ စောထီး ရန်အောင်၊ ဗုဒ္ဓဘောင်လျှင်" ဟု မဟာ **သီလဝံသ တံတားဦးတည်**တွင် စပ်ဆို တော်မူသည်။

သရေခေတ္တရာပြည် တည်စဖြစ်၍ မြေကျွံနစ် သည်ဟူသော ရှင်သီလဝံသအဆိုမှာ သတိပြုဖွယ် ဖြစ်၏။

တဖန် ရာဇဝင်တို့သည် ဗုဒ္ဓပေါင်မင်းကြီး လက်နက် နိုင်ငံတော်အတွင်း အခွန်တော်ခံ ပုံကို အကျယ်တဝံ့ ဖွဲ့နွဲ့ကြပြန်သည်။

ဇမ္ဗူဒိပါကျွန်းမှစ၍ အသူရာပြည် နဂါး ပြည်တိုင်အောင် လက်နက်နိုင်ငံဖြစ်၍ အခွန် ခံတော်မူ၏။ အခွန်ခံသော အကြောင်းကား။ အထူးထူးသော မှာစာတို့ကို စီလျဉ်ရေးစေ ပြီးသော်။ လှံပျံတွင် ခွဲ့ပြီးမှ လှံထိုးတောင် သို့ တက်ခတော်မူ၍ မင်းကြီးလက်တော်ဖြင့် ထိုးသည်ရှိသော်။ ဆိုခဲ့ပြီးသော မင်းတို့၏ ဦးခေါင်း၌ ကျအံ့သကဲ့သို့ တည်လေ၏။ ထိုအခါ ထိုသို့သော မင်းတို့သည် သာယာ ချိုသော စကားဖြင့် ခယချိုသေစွာ တောင်း ပန်၍ အထူးထူးသော ပူဇော်သက္ကာရတို့ကို ပြုပြီးမှလှံပျံသွားသောဟူ၏။ ခေါင်းလောင်း ကြီး စည်ကြီးတို့ဖြင့် အခွန်ခံသော အခါ လည်း။ ဤကဲ့သို့ တချက်ခတ် တီးသည်ရှိ သော်။ ထိုထိုသို့သော လူမင်း နတ်မင်း နဂါးမင်းတို့၏ နားရင်း၌ တီးဘိသကဲ့သို့။ ထိုအသံ့ဘို့သည် တည်လေ၏။ ထိုအခါ ထိုသို သော မင်းတို့သည် ရိုသေခယမ်းသော စကား

> ဖြင့် တောင်းပန်သည်ဖြစ်မှ အသံစဲသော ဟူ၏။ ထိုသို့ အခွန်ခံသောအခါ ဇမ္ဗူဒီပါ မြေအပြင်ဝယ် ရှိသော တရာ့တပါးသော မင်းတို့သည်၊ သမီးကညာ ရတနာ အစရှိသော ဆင်ရတနာတို့ကိုင်း။ ပတ္တမြား ရွှေငွေ အစရှိသော ရတနာတို့ကိုင်း။ သားမွေးဖြင့်ပြီးသော ပုဆိုး။ ပိုးချည်ဖြင့်ပြီးသောပုဆိုး။ ကြာချည်ဖြင့်ပြီးသော ပုဆိုး။ ဝါချည်ဖြင့်ပြီးသောပုဆိုးတို့ကိုင်း။ နှစ်တိုင်း နှစ်တိုင်းလျှင် ဆက်လာရကုန်၏။ ထိုသို့ ဆက်လာသော ရွှေငွေအစရှိသော ပစ္စည်းပယံတို့ကို ပုံစု၍ ထားသည်ရှိသော်။ အစောက်အရပ် အားဖြင့် အတောင် ၄၀ လေးဆယ်ရှိသော ဟူ၏။

....ဟူ၍ ရာဇဝင်ကြီး (စာမျက်နှာ ၁၂၃-၄) က ဆိုသည်။ **ရာဇဝင်သစ်** (စာမျက်နှာ ၂၇) လာ ဇာတ်ကြောင်းမှာလည်း **ရာဇဝင်ကြီး**ကဲ့သို့ပင် ဖြစ်၏။ သို့သော် အချို့နေရာများ၌ အပိုအလိုများရှိသည်။ **ရာဇဝင်ကြီး**က ဒွတ္တပေါင်မင်းကြီး၏ လက်နက်နိုင်ငံမှာ နဂါးပြည်တိုင်အောင်ဖြစ်ကြောင်း ဆိုသည်ကို **ရာဇဝင်သစ်က** ဂဠုန်ပြည်လည်းပါသည်ဟုဖြည့်စွက်၏။ **ရာဇဝင်ကြီး**က လှံထိုးတောင်ဟု သာမညမျှ ဖော်ပြသည်ကို **ရာဇဝင်သစ်**က သုဝဏ္ဏဂိရိတောင်ဖြစ်သည်ဟု အမည်ဖြည့်စွက်သည်။ ဒွတ္တပေါင်မင်းကြီး အခွန်တောင်းခံရာ၌ ရသည်များကို **ရာဇဝင်ကြီး**ကဲ့သို့ အသေးစိတ် ဖော်ပြခြင်းမပြုဘဲ **ရာဇဝင်သစ်**က 'သမီးကညာ ရတနာဆင်မြင်း ကျောက်သံပတ္တမြား စပါးဆန်ရေ ရွှေငွေပုဆိုး အုပ်မျိုးထည်မျိုး'ဟု ခြုံ၍ ဆိုသည်။ **မှန်နန်း**ကလည်း **ရာဇဝင်ကြီး** အဆိုအတိုင်းရေးသည်။ အခွန်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ လှံပျံ ခေါင်းလောင်းစည်ကြီး စသည်တို့ကို ထည့်သွင်းခြင်းမှာ ဒွတ္တပေါင်မင်းကြီး၏ ဘုန်းအာနုဘော်ကို ထင်ရှားစေခြင်းငှာ၊ တင်စား ရေးသားသည့် စကားများဖြစ်သည်ဟု ယူသော်ရကောင်း၏။ အထက်ဖော်ပြပါအပိုဒ်တွင် မှတ်သားဖွယ်ကောင်းသောသမိုင်းဝေါဟာရတခုမှာ**လက်နက်နိုင်ငံ**ဖြစ်သည်။ လက်နက်နိုင်ငံ ဟူသည် အခွန်တော် စည်းကြပ်ပိုင်ခွင့်ရှိသည့် နယ်မြေများဖြစ်ကြောင်း **ရာဇဝင်ကြီး** အဆိုအရ သိသာပေသည်။ အခြား မှတ်သားဖွယ်ကောင်းသည့် အသုံးအနှုန်းတခုမှာ အခွန်တောင်းခံတော်မူ၏ အစားရေးသားသည့် **အခွန်ခံတော်မူ၏** ဖြစ်သည်။ **ရာဇဝင်ကြီး**သည် အထက်တွင်လည်း မြတ်စွာဘုရား လယ်ကိုင်းစန္ဒကူးနံ့သာကျောင်းကို အလှူခံတော်မူသည့်အကြောင်း ဆိုရာ၌ 'ကျောင်းကိုလုပ်ပြီးသောအခါ **ခံတော်မူ၍**'ဟု ရေးသားခဲ့၏။ ထို့ပြင် သတိပြုသင့်သည့် အသုံးအနှုန်းတရပ်မှာ ပုဇော်သက္ကာရကို 'ဆက်ခင်းကပ်ဖွယ်ပူဇော်သက္ကာရ'ဟု ဖွင့်ဆိုသော **ရာဇဝင်သစ်** (စာမျက်နှာ ၂၇)၏ အရေးအသားဖြစ်သည်။

ရာဇဝင်သုံးစောင်တို့သည် ဒွတ္တပေါင်မင်းကြီး၏ ဘုန်းအာဏာကို ဆက်လက် ရေးသားကြရာတွင် နတ်ဘီလူးတဦးသည် တခါသော် နန်းတော်အနီးအပါးသို့ ချောက်လာရာ၌ သာသနာပြုခြင်းကို မလေးမခံ့ ပြုရာသလောဟု သိကြားမင်းက နှောင်ချိုင့်၌ လှောင်ထားကြောင်း ဆက်လက်ဆိုမိန့်ကြ၏။

> တရံရောအခါ နတ်ဘီလူး တယောက်သည် အချိန်မဲ့ကို မင်းကြီးနန်းတော်အနီးသို့ သွားမိလေသည်။ သိကြားမင်း သိတော်မူလျှင်။ သာသနာတော်ကို ချီးမြှောက်သော မင်း၏ နန်းရင်ပြင်ကို နင်သွားသည်။ သွားရာသလောဟူ၍ ထိုဘီလူးကို နှောင်ချိုင့်ဖြင့် လှောင်၍ ထားလေ၏။ ထိုသို့ ဘီလူးကို သိကြားထားသည်နှင့် အတူ။ နောင်လာလတံ့သောမင်းတို့ သိရစ်စေဟူ၍ ကျောက်ကို ဘီလူးရုပ်လုပ်၍နှောင်ချိုင့်သွင်း၍ ထားတော်မူ၏။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၄)က ဆိုသည်။ **ရာဇဝင်သစ်**ကမူ-

....ဘီလူးကို နတ်နှောင်ဖွဲ့၍ ထားလေသည်။ ဘီလူးက နှောင်မဝံ့ပါ သုံးကြိမ်ဝန်ချဆိုမှ လွှတ်၏။ ထိုအကြောင်းကို နောက်သား နှောင်လာတို့ သိရစ်စေဟု ဘီလူးကို သကြား မင်း နတ်နှောင်ထားရာအရပ်တွင်ကျောက်ကို ဘီးလူးရုပ် ထုလုပ်၍ နှောင်သွင်းလျက် ထား တော်မူ၏။ (စာမျက်နှာ ၂၇)

....ဟု အနည်းငယ် ကွဲလွဲစွာ စီကုံးသည်။ **မှန်နန်း** (စာမျက်နှာ ၁၉၄)က **ရာဇဝင်ကြီး** အတိုင်း ဆိုမိန့်၏။

ထို့နောက် နှောကိန်းကြို၍ ဒွတ္တပေါင်မင်း ကြီး ယတြာပြုခြင်း နှောကိန်းဆက်၍ နန်းတက် ခြင်း၊ ဒွတ္တပေါင်မင်း၌ ဆင်မြင်းသူရဲ အင်အား များခြင်းတို့ကို ရာဇဝင်သုံးစောင် အညီအညွတ် ဆက်လက် ရေးသားကြသည်။

သက္ကရာဇ် ၁၆၇ တရှော့ခြောက်ဆဲ• ခုနစ်ခု။ တပို့တွဲလွှန်း ဆယ်ရက်။ တနင်း လာနေ့။ ပြိဿလက်။ ပြိဿစဉ်း။ တူတွင်၃။ မကာရတွင် ၁-၄ ဖ။ ပူးလျက်၊ ကုံတွင် ၀၈။ မိန်တွင် ၅။ ထိုအခါတွင်။ နှောကိန်း ကြို၍။ ပြင်နန်းတော် ဆောံ၍။ ယတြာပြု တော်မူသည်။ ရသေ့။ ဂဝံပတေ့အခါ။ ၁၆၈ခု တရှော့ခြော်ဆဲ့ ရှစ်ခု။ ဝါဆို လွှန်း ၁ရက် ကြာသပတေးနေ့။ ပြိဿလက် တွင် နှောကိန်းဆက်၍ နန်းတက်တော်မူ သည်။ ထိုမင်းလက်ထက် ဆင်ဖြူ ၃၆၀ သုံးရှော့ခြောက်ဆယ်၊ ဆင်မည်း ၃၆၀၀၀ ၀၀၀ သုံးကုဋေခြောက်သန်း။ စစ်သည်သူရဲ အပေါင်း တခေါဘဏီရှိသောဟူ။ ထိုမင်း လက်ထက် ရတနာမိုဃ်း ၅-ကြိမ် ရွာ၏။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၄ ၅)က ဆိုသည်။ **ရာဇဝင်ကြီး**က 'နှောကိန်းဆက်၍ နန်းဆက်တော်မူသည်' ဆိုသည်ကို **ရာဇဝင် သစ်** (စာချက်နှာ ၂၀)က 'နှောကိန်းခေတ် နန်း တက်တော်မူသည်'ဟု ရေးသားသည့်ပြင်၊ **မင်းတရားမယ်တော်ချေင်း** အလိုနှင့် ရာဇဝင် တို့ ကွဲလွဲကြောင်းကို ထည့်သွင်း တင်ပြလိုသဖြင့်-

'ပေါက် မ ပိုင်း ဟန်၊တည်တံမြားမြောင်၊ အ ထောင် ဆင် နက်၊ အင် တက် ရှု ဘွယ်၊ ငွေတောင်နှယ်တိ၊ သုံးဆယ်ငါးစီး၊ သင်းသီး တခြား၊ ခြွေရံများနှင့်၊ မား မား ကြီး စွာ၊ ယတရာရ၊ နာဋ္ဌာဂီရိ၊ မြင်းမိုရ် ရှိလျှင်'ဟု **မင်းတရားမယ်တော်ချေင်း**တွင် စပ်ဆို သည်။ ရာဇဝင်တို့နှင့်မညီကြောင်း ဖြည့်စွက် ဖော်ထုတ်သည်။

## သာသနာတော်ကို ပြုစုတော်မူခြင်း

ဒွတ္တပေါင်မင်းကြီးသည်ရဟန္တာမြတ် ၃၀၀၀ အား နေ့စဉ် ပစ္စည်း ၄ ပါး ထောက်ပံ့၍ ပြည်သူ လူတကာတို့ ကိုးကွယ်စိမ့်သောငှာ သရီရ ခေတ်တော်တို့ကို စေတီ တည်ကြောင်း ရာဇဝင် တို့ ညီ၍ ဆိုကြကုန်၏။ သို့သော် စေတီအရေ နှင့် စပ်လျဉ်း၍ အငြင်းပွားကြသည်။

ထိုစေတီတို့၏ အမည်ကား။ သောကြမ္မာ ဟူသော ကောင်းမှုတော်တဆူ။ ညည်းညည်း ဟူသော ကောင်းမှုတော်တဆူ။ စည်းစည်း ဟူသော ကောင်းမှုတော်တဆူ။ ပေါပေါဟူ သော ကောင်းမှုတော်တဆူ။ လျော့လျော့ ဟူသော ကောင်းမှုတော်တဆူ။ မြသီတင်း ဟူသော ကောင်းမှုတော်တဆူ။ ထိုမှတပါ ဘုရားရှင် လက်ရုံးတော်ခေက်ကို ဌာပနာပြု၍ မြင်ဗာဟု သမုတ်တော်မူသော ကောင်းမှု တော်တဆူ။ ဘုရားရှင် နဖူးသင်းကျစ်တော် ခေတ်ကို ကမ်းယံပြည်မှယူ၍ တည်တော်မူ သည်ကား မပြီးခင်ချေ။

....ဟု ကောင်းမှုတော် ၈-ဆူ ပြုစုကြောင်း **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၅)က ဆိုသည်။ **ရာဇဝင်သစ်** (စာချက်နှာ ၃၁)ကမူ

ကောင်းမှုတော်ကား ရဟန္တာတို့ ဆောင် ယူခဲ့သည့် ဘုရားသခင် သရီရခေတ်တော်

တို့ကို ဌာပနာသော မြင်ဗာဟုတဆူ မြင်ထင်တဆူ သောကြမ္မာတဆူ ပေါပေါတဆူ လျော လျော တ ဆူ ညည်း ညည်း တ ဆူ စည်းစည်းတဆူ ဆုတောင်းပြည့် ညီနောင်နှစ်ဆူ။

....ဟူ၍ ကောင်းမှုတော် ၉-ဆူ ပြသည်။ ထို့ပြင် အခြား အထောက်အထားများကိုလည်း စိစစ်တင်ပြ ပြန်သည်။

**အချို့သော ရာဇဝင်**၌ ဆုတောင်းပြည့် မပါ၊ **နဝဒေးဆို** 'မိုးနှင့်သာလျှင်' ချီရတုတွင်— 'လူနတ်ဆံကျင်၊ မြသိတင်မှ၊ တပြင်မခြား၊ ရွေးယွန်းနားနိုက်၊ တရားရန်အောင်၊ဒွတ္တဘောင်ဟု၊ပြည်ထောင်များနတ်၊ တည်ခဲ့မှတ်သည်၊ လျှံပတ်ညီးညီး၊ ရွှေထီးရွှေတိုင်၊ ရွှေဆိုင်တခဲ၊ လှိုင်နန်းထဲ၌၊ ရဲရဲပြောင်ပြောင်၊ခြောက်ပါးရောင်ဖြင့်၊ ညီနောင်နှစ်ဖော်။ ကျွန်းလုံးကျော်သည်။ ။မည်သာဆုတောင်းပြည့် တကား'ဟု စပ်ဆို သည်။ **အချို့သော ရာဇဝင်**မှာ မြသိတင်းဘုရား သရမာဘုရားကိုသွင်း၍ ဆိုလေသည်၊ မြသိတင်းကား ကုန်သည်ညီနောင် တည်သည့် ကောင်းမှု သရမာကား တေပါး ကောင်းမှု တည်း။

တဖန် **မှန်နန်း** (စာမျက်နှာ ၁၀၅) က ကောင်းမှုတော် ၁၁-ဆူ ပြုလုပ်ကြောင်း ဆိုသည်။

ထိုစေတီ၏ အမည်ကား။ သောကြမ္မာဟူသော ကောင်းမှုတော်တဆူ။ ညည်းညည်းဟူသော ကောင်းမှုတော်တဆူ။ စည်းစည်းဟူသော ကောင်းမှုတော် တဆူ။ ပေါပေါဟူသော ကောင်းမှုတော်တဆူ။ လျောလျောဟူသော ကောင်းမှုတော်တဆူ။ မြသိတင်ဟူသော ကောင်းမှုတော်တဆူ။ ဘုရားတောင် ဟူသော ကောင်းမှုတော်တဆူ။ ဆုတောင်းပြည့် ဟူသော ကောင်းမှုတော်နှစ်ဆူ။ ထိုမှတပါးလည်း။ ဘုရားရှင် လက်ရုံးတော်ခေတ်ကိုဌာပနာပြု၍။မြင်ဗာဟုဟူသော ကောင်းမှုတဆူ။ ဘုရားရှင် နဘူးသင်းကျစ်တော်ခေတ်တို့ကို။ ကမ်းယံပြည်မှာ ယူ၍ တည်သည်ဟူသော ပုထိုးကြီးတဆူ။ ပေါင်း တဆဲ့တဆူတည်း။ ။

ထို့နောက် **မှန်နန်း** (စာမုက်နှာ၁၁၉၅-၆) **က** ဆက်လက်၍ **ရာဇဝင်ကြီး၊ ရာဇဝင်သစ်၊ ရာဇဝင်ဟောင်း**တို့ အဆိုများကို ဆွေးနွေး**လျက် ပြည်ဆံတော်ရှင် ဘုရားသမိုင်း** အဆိုကို ကျိုးကြောင်းဖြင့် တင်ပြပြီး ကောင်းမှုတော် **၁၁**ဆူသာ အမှန်ယူသင့်သည် ဆိုသည်။

ဤအရာနှိုက်။ ရာဇဝင်ကြီးတွင်။ သရမာတဆူ။ ဘုရားတောင်တဆူ။ ဆုတောင်းပြည့်နှစ်ဆူကို မဆို။ သောကြမ္မာ။ ညည်းညည်း။ စည်းစည်း။ ပေါပေါ။လျောလျော။ မြသိတင်။ မြင်ဗာဟု။ ပုထိုးကြီး ပေါင်း-ရှစ်ဆူကိုသာ ဆိုသည်။ ။ရာဇဝင်သစ်တွင်။ မြင်ဗာဟု။ မြင်တင်။ သောကြမ္မာ။ပေါပေါ။လျောလျော။ စည်းစည်း။ ညည်းညည်း။ ဆုတောင်းပြည့် ညီနောင်နှစ်ဆူ။ ပေါင်း ကိုးဆူကိုသာ ဆိုသည်။ ရာဇဝင်ဟောင်းတွင်။ သောကြမ္မာ။ ညည်းညည်း။ စည်းစည်း။ ပေါပေါ။ လျောလျော။ ဘုရားတောင်။ သရမာ။ မြင်ဗာဟု။ ပုထိုးကြီး။ ပေါင်း-ကိုးဆူကိုသာ ဆိုသည်။

ယင်းသို့ မဆိုမညီ ကွဲပြားကြသည်တွင်။ ပြည်ဆံတော် ဘုရားသမိုင်းမှာ။ အဇ္ဇိတဗလိက ကုန်သည်ညီနောင် တည်ရင်းဆံတော်ရှင်ဘုရားကို ဒွတ္တပေါင်မင်းကြီး ထပ်ပြုတည်ထောင်ကြောင်း။ မြသိတင် အမည်တွင်ကြောင်း။ ဆုတောင်းပြည့် နှစ်ဆူကိုလည်း။ ဒွတ္တပေါင်မင်း တည်ကြောင်း။ မြသိတင်ဘုရားကို မှူးမတ်တို့ တည်ကြောင်း။ ထွက်ရှိသည်နှင့်အညီ။ အစောင်စောင်သော ရတုကဗျာ။ ရာဇဝင်သမိုင်း ညှိနှိုင်းကောက်နှုတ်

ပြီးလျှင် လွှန်သည်ကိုနှုတ်၍ ယုတ်သည်ကို ဖြည့်သဖြင့် ပြဆိုခဲ့သော တဆဲ့တဆူသော ဘုရားကိုသာ အမှန်ပြု၍ မှတ် ယူ အပ်သတည်း။ ။

ဤသို့အထောက်အထားတို့၏အဆိုအသီးသီးကို တင်ပြဆွေးနွေး၍ စာပေညှိနှိုင်း တိုက်ဆိုင်ခြင်းမှာ ခေတ်မီသော သမိုင်းသုတေသန ပြုထုံးနှင့် ကိုက်ညီလှပေသည်။ ထို့ပြင် 'လွှန်သည်ကို နှုတ်၍ ယုတ်သည်ကို ဖြည့်သဖြင့်' ဟူသော သုံးနှုန်းပုံမှာ မှတ်သားဖွယ် ဖြစ်၏။

ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော် တို့တွင် နဖူးသင်းကျစ်ဓာတ်တော်ဓာတ်နှင့် စပ်လျဉ်း၍ မိမိတို့အဆိုကို အခြားသူများ ဝေဖန်မည် စိုးရိမ်သဖြင့် **မှန်နန်း** (စာမျက်နှာ ၁၉၆) က....

ဤအရာနှိုက်။ သင်းကျစ်တော် ဓာတ်ကို ဆိုရာနှိုက်။ နလာဋ ဓာတု ဝင် ကျမ်း တွင်။ သီဟိုဠ်သို့ ရောက်သည်ဆိုသော စကားနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့။ ဉဏှိသာကား သင်းကျစ်ဓာတ်။ နလဋကား နဘူးတော်ဓာတ်ဟု။ အသင့်ယုဤအားဖြင့် ယူအပ်၏။ ထို စ ကား ကို အ နော် ရ ထာ မင်း စော လက်ထက်မှာမှ အကျယ်ဆိုလတ္တံ့။

....ဟူ၍ ကြိုတင် ကာကွယ်ထား၏။

အထက်ပါစာပိုဒ်တွင် ဆိုငြားအံ့ ဟူသော အသုံးအနှုန်းအစား **ဟူငြားအံ့**ဟု သုံးထားသည်ကိုလည်း မှတ်သင့်သည်။ ၎င်းပြင် သင်းကျစ်တော်ဓာတ်နှင့်စပ်လျဉ်း၍ အနော်ရထာမင်းစော အ ကြောင်း ရေး သည့် အ ခါ မှ အ ကျယ် ဆိုမည်ဟူ၍ ရေးသည်မှာ သမိုင်းအရေးအသား ခေတ်မီလှ၏။ မျက်မှောက်ခေတ်၌ အင်္ဂလိပ် စကားဖြင့် သ မိုင်း ရေးသားကြသူတို့ *supra* (အထက်တွင်) *infra* (အောက်တွင်) ဟူ၍ ရည်ညွှန်းကြသည်နှင့် တူ၏။

ဒွတ္တပေါင်မင်းကြီးလက်ထက်တွင် သာသနာတော် ထွန်းသင်းကြောင်း ဆက်လက်ဆိုရာ၌ **ရာဇဝင်ကြီး**နှင့် **မှန် နန်း** တို့က 'ထို မင်း လက်ထက်တော်၌ ဘုရားရှင် သာသနာတော်ကား ထင်ရှားစွာ ဖြစ်၏။' ဟု သာမညဆိုသည်။ (စာမျက်နှာ ၁၂၅) **ရာဇဝင်သစ်ကမ္ဘ** (စာမျက်နှာ ၂၀) ရှေးကဆိုခဲ့သည်များကို ပြန်ကောက်၍ 'သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ အရပ်၌ မဟာပုဏ်။ သစ္စာဗန္ဓမထေရ်တို့မှအန္တယ် မပြတ်သည်ဖြစ်၍ သရေခေတ္တရာ၌ သာသနာတော် ထင်ရှားဖြစ်သတည်း' ဟု ဆို၏။

ဒွတ္တပေါင်မင်းကြီး ဓမ္မသတ် ပြုစုသည်နှင့် စပ်လျဉ်း၍ **ရာဇဝင်ကြီး**က နောင်လာအံ့သောမင်းတို့ မှတ်သားစိမ့်သောငှာ ရဟန္တာ ၃၀၀၀-တို့နှင့် တိုင်ပင်တော်မူလျက် သတ္တဝါအပေါင်းတို့ စီးပွားဖြစ်စေရန် 'အပါယဂတိမှပါယ်' ဂါထာဖြင့်ချီ ဓမ္မသတ်ကျမ်းကို ပြုစုသည် ဆို၏။ (စာမျက်နှာ ၁၂၅) **မှန်နန်း** (စာမျက်နှာ ၁၉၆) ကလည်း ယင်းသို့ပင် ရေးသားသည်။ **ရာဇဝင်သစ်ကမ္ဘ** ရဟန္တာ ၃၀၀၀ အစား ပညာရှိတို့နှင့် တိုင်ပင်ကြောင်း လာရှိသည်။ ထို့ပြင် သီရိပစ္စယာနေရာကို ကျောက်စကားအရပ် အမည်တွင်လာခြင်းနှင့် စပ်လျဉ်း၍လည်း....

ငါမရှိနောက် အဘယ်အရပ်၌ ပြည်ဖြစ်လတံ့နည်းဟု မိန့်ခွန်တော်မူ၍သုဝဏ္ဏဂိရိမည်သော လှံထိုးတောင်ထက် ရပ်တော်မူလျက် လက်တော်နှင့် လှံပျံကို လွှတ်သည်ရှိသော် သီ ရိ ပစ္စယာ ပြည် တည်ရာ အရပ်၌ကျ၍ နောင်သောအခါ ဤအရပ်၌ ပြည်ဖြစ်လေမည်ဟု ကျောက် ပုံ စု ထား ခဲ့ ၏။ ထို အရပ်ကို ကျောက်စကားတွင်၏။

ဟု ဖော်ပြသည်။ (စာမျက်နှာ ၂၀)

[ဆက်ရန်]

ဒေါက်တာ ရီရီ

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှအဆက်]

### ဘုန်းတန်ခိုးတော် ယုတ်လျော့ခြင်း

ဒွတ္တပေါင်မင်းကြီး ဘုန်းတန်ခိုးတော် စတင်ယုတ်လျော့ရခြင်း၏ အကြောင်းရင်းမှာ မုံ့သည်မ လှူသောလယ်ကို သိမ်းယူမိသောကြောင့် ဖြစ်သည်ဟု ရာဇဝင်သုံးစောင်တို့ အညီအညွတ် ဆိုကြသည်။ အချက်အလက်တူသော်လည်း ရာဇဝင်သစ်အဆိုမှာ ရာဇဝင်ကြီးနှင့် မှန်နန်းတို့ အဆိုကဲ့သို့ မရှည်လျားချေ။

ထိုသို့ အာဏာလက်ရုံး ဘုန်းတန်ခိုးနှင့် ပြည့်စုံသောမင်း ဖြစ်လျက် မုန့်သည်မတယောက် ဆရာရဟန်းအား လှူသော ကျောင်းဝတ်လယ်မြေ ငါးပယ်မျှကို သိမ်းယူမိ၍ လှံပျံလည်းစေ၍မသွား ခေါင်းလောင်း စည်ကြီးတို့လည်း တီး၍ မမြည်ရှိသည်ကို ရဟန္တာ မြတ်တို့အား လျှောက်၍ မုန့်သည်မ ဆရာအား လှူသော ကျောင်းဝတ်မြေကို သိမ်းယူမိသောကြောင့် ဖြစ်သည်။ ရတနာသုံးပါးနှင့်စပ်သော ပစ္စည်းဘို့သည် အဆိပ်ထန်သော မြွေဟောက်နှင့် တူကြောင်း ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စည်းစိမ်မှသော်လည်း ရွေ့ရှောလျောရသဖြင့် အပါယ်လေးပါးသို့ လားတတ်ကြောင်းကို မိန့်တော်မူကုန်လျှင် ထိုမြေကို စစ်ကြောမေးမြန်း၍ မုန့်သည်မဆရာအား လှူတော်မူပြန်၏။ ထိုသို့ လှူတော်မူသော်လည်း မအပ်သောအမှုကို ပြုမိချေသောကြောင့် လှံပျံ စည်ကြီး ခေါင်းလောင်းကြီးဘို့သည် စေ၍မသွား တီး၍ မမြည် ရှိခဲ့လျှင်....

...ဟူ၍ ရာဇဝင်သစ်က ရေးသားသည်။ (စာမျက်နှာ ၂၀-၉)

ရာဇဝင်ကြီး (စာမျက်နှာ ၁၂၆-)တွင် ပါသည့် ရဟန္တာတို့၏ အဆိုအမိန့်များမှာ နှောင်းခင်းများအဘွက်သည်း ဆုံးမစကား ဖြစ်သည်။

မင်းကြီး ခပ်သိမ်းသောလောက၌ ရတနာသုံးပါးနှင့်စပ်သော ပစ္စည်းပယ်တို့ကား အဆိပ်ထန်သော မြွေပွေး မြွေဟောက်နှင့် တူ၏။ ထိုမြွေတို့၏ သဘောသည်ကား ထိခိုက်မိချေသည်ရှိသော်၊ ပြန်၍ခွပ်မြဲးတည်း။ ထိုသို့ ခွပ်သည်ရှိသော်။ ခပ်သိမ်းသော သတ္တဝါတို့သည် ကြီးစွာသော ဘေးဘယသို့ ရောက်ကြလေသကဲ့သို့၊ ရတနာသုံးပါးနှင့်စပ်သော ပစ္စည်းပယ်တို့ကို မအပ်သော သိမ်းဆည်းယူငင်ခြင်းဖြင့် သိမ်းယူမိချေသော်။ မြတ်သော စည်းစိမ်မှသော်လည်း ရွေ့လျောလေရာ၏။ ဘေးအန္တရာယ် တို့သည်

ရောက်သည်ဖြစ်၍ အသက်သော်လည်း ယုတ်လေရာ၏။ မင်းကြီးသည် မအပ်သော ဝတ္ထု ပစ္စည်းတို့ကို သိမ်းယူတော်မူမိချေသောကြောင့် ဤအကြောင်းတို့သည် ဖြစ်ချေသည်ဟု မိန့်တော်မူကုန်၏။

ဤအပိုဒ်တွင် မင်းကြီး၏ဘုန်းတော်ကို "ဘုန်းလက်ရုံးအာဏာ"ဟု သုံးနှုန်းထားသည်။ ထို့ပြင် မြွေပေါက်သည်ဟု မဆို၊ **ခွစ်သည်**ဟု ဆိုခြင်းမှာလည်း သတိပြုဖွယ် ဖြစ်၏။

လှံပုံ့ စည်ကြီး ခေါင်းလောင်းကြီးတို့ကို ဈေးကကဲ့သို့ စေစားမရလျှင် ရောက်မြဲသော အခွန်အတုတ်တို့သည် မရောက်သဖြင့် တမန်ကျော်များ စေလွှတ်၍ အခွန်တောင်းခံရ၏။ တမန်တို့ကို မယုံသဖြင့် ကွပ်မျက်တော်မူသည်တွင် အခွန်ခံမည့်သူ မရှိသောကြောင့် ကိုယ်တော်တိုင် အခွန်တော်တောင်းခံရသည်။ ဤအကြောင်းများကို ရာဇဝင်သုံးစောင် အညီအညွတ် ဆိုကြ၏။ သို့သော် ရေးသားပုံမှာ ကွာခြားသည်။

ထိုသို့သောမင်းတို့က ဆက်မြဲသောအခွန်တို့သည် မရောက်သည်ဖြစ်၍ ကြီးစွာသော အမျက်တော်သည် ဖြစ်၏။

တရံရောအခါ ပဍ္ဍင်းဖြူ ပဍ္ဍင်းညိုတို့ကို ခေါ်တော်မူ၍။ ဟယ်အမတ်တို့။ ငါ၏တိုင်းနိုင်ငံတော်ဖြစ်သော ဇမ္ဗူဒီပါကျွန်း၌ ရှိကုန်သော မင်းတို့သည် ဆက်မြဲသော အခွန်ကို မဆက်။ အမတ်တို့သွား၍ အခွန်ကိုတောင်းခံချေဟု စေတော်မူ၏။ ပဍ္ဍင်းဖြူ ပဍ္ဍင်းညိုတို့လည်း အလုံးအရင်းအများနှင့် ခုနစ်နှစ်တိုင်တိုင် အခွန်ခံ၍ဆက်၏။ မင်းကြီးလည်း ပဍ္ဍင်းဖြူ ပဍ္ဍင်းညိုတို့ကို ရှည်လတ်သော် ယုံကြည်တော်မမူ၍ ဥပါယ်တမျဉ်ဖြင့် ကွပ်မျက်တော်မူဘိ၏။ ထိုသို့ ပဍ္ဍင်းဖြူ ပဍ္ဍင်းညိုတို့ကို ကွပ်မျက်တော်မူလျှင် ဘုန်းလက်ရုံးအာဏာနှင့် အခွန်တောင်းမည့်သူ မရှိသည်ဖြစ်၍ မင်းကြီး ကိုယ်တော်တိုင် နဂါးမှ ဆက်သော နဂါးကြေးလှေကို စီးတော်မူ၍ ဇမ္ဗူဒီပါကျွန်းအလုံးကို အခွန်ခံတော်မူ၏။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၆-၇) နှင့် **မှန်နန်း** (စာမျက်နှာ ၁၉၇-) တို့က စီကုံးကြသည်။ **ရာဇဝင်သစ်**ကမူ ထိုအကြောင်းများကို (စာမျက်နှာ ၂၉)

....ဆက်မြဲသော အခွန်အတုတ်တို့သည် ရောက်မြဲ မရောက်သောကြောင့် တမန်ကျော် ဖြစ်သော ပဍ္ဍင်းဖြူ ပဍ္ဍင်းညိုတို့ကို ခုနစ်ရက်တွင်းနှင့် ဇမ္ဗူဒီပါကျွန်းလုံးကို နှံ့အောင် အခွန်နှိုးဆော် တောင်းခံစေ၏။ ထိုသူတို့၏ အစွမ်းသတ္တိကိုမြင်လျှင် ယုံကြည်တော်မမူ၍ ဥပါယ်တံချဉ်ဖြင့် ကွပ်မျက်တော်မူလေလျှင် အခွန်တော် ခံမည့်သူမရှိ၍ ကိုယ်တိုင်တော် နဂါးကဆက်သော နဂါးကြေးလှေကို စီးတော်မူ၍ ဇမ္ဗူဒီပါကျွန်းလုံး နှံ့အောင် အခွန်ခံတော်မူရ၏။

....ဟု လိုရင်းကို တိုတိုတုတ်တုတ် ဆိုသည်။

ဤသို့လှည့်လည်၍ အခွန်တော် တောင်းခံရာ၌ ဥတ္တရပေါင်မင်းကြီးသည် ပန်ထွာပြည်သို့ ရောက်သည့်အခါ ပန်ထွာမိဖုရား ဆက်သော မသန့်သောပုဝါဖြင့် မျက်နှာသုတ်မိခြင်းကြောင့် မှည့်ရှင်ကွယ်ကြောင်း၊ ဘေစန္ဒမိဖုရား ထွက်ပြေးကြောင်းများကို ရာဇဝင်တို့ ဆက်သက်ဆိုကြသည်။

တရံရောအခါ ပန်ထွာပြည်သို့ ရောက်တော်မူ၏။ ပန်ထွာမိဖုရားလည်း မကောင်းသော နှလုံးဖြင့် မသန့်သော ပုဆိုးတို့ကိုယူစေ၍ အထူးထူးသော စီရင်ခြင်းဖြင့် နူးညံ့သိမ်မွေ့စွာ လက်သုတ်ပုဝါ စီရင်ပြီးသော် မင်းကြီးအား ဆက်သလေ၏။ မင်းကြီးလည်း မစူးမစမ်း မဆင်မခြင် ယုံကြည်တော်မူ၍ ထိုလက်သုတ်ပုဝါဖြင့် မျက်နှာတော်ကို သုံးသပ်တော်မူမိချေ၏။ ထိုအခါ မင်းကြီးနဖူးတော်၌ ရှိသော မှည့်ရှင်သည် ကွယ်ခဲ့၏။ ထိုသို့

မှည့်ရှင်ကွယ်ခဲ့သည်ရှိသော် နဂါးမင်းသမီးတော် ဘေစန္ဒီလည်း သွားခဲ့၏။ မင်းကြီးလည်း နှလုံးမသာ ရှိတော်မူလျက် နေပြည်တော်သို့ ပြန်တော်မူခဲ့၏။

....ဟူ၍ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၇)နှင့် **မှန်နန်း** (စာမျက်နှာ ၁၉၇)တို့က ရေးသားကြသည်။ **ရာဇဝင်သစ်**တွင်မူကား(စာမျက်နှာ ၂၉)

ထိုသို့ခံရာတွင် ကျည်းပြည်သို့ ရောက်၍ ထွက်စည် ဝင်စည် အလုံး သုံးဆယ်ရှိသော ပန်ထွာမိဖုရားသို့ စိတ်တော်ညွတ်၍ စေတော်မူသည်ကို "ငါတို့သည်တည်း သူ့အရှင်မှတ်တုံ၏ရှင့်၊ ငါတို့၌ အရှင်ရှိပြန်ဘိရကား" ဟု ပန်ထွာမိဖုရား နှလုံးမသာဖြစ်၍ မင်းကြီးတန်ခိုးကို ညှိုစေလို၍ ပညာရှိတို့နှင့် တိုင်ပင်နှီးနှော၍ပြီးလျှင် မသန့်သော နံ့သာနှင့် တစပုဆိုးကိုလုပ်သော မျက်သုတ်ပဝါကို မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း မစူးမစမ်း မဆင်မခြင် ပန်ထွာမိဖုရားက ဆက်သော နံ့သာကို လိမ်းမှတ်ပြု၍ ပဝါကိုမျက်နှာသုတ်တော်မူလျှင် ကျက်သရေနားသော မှည့်ရှင်တော်သည် ကွယ်ခဲ့ရ၏။ နဂါးသမီး ဘေစန္ဒီလည်း ပြေးခဲ့၏၊ ဘေစန္ဒီပြေးသည်ကို ဆင်တော်စီး၍ လိုက်တော်မူလေသော် သစ်ပင်ကြီးလေးပင်ကို အိမ်ပြု၍နေနှင့်သော နဂါးမင်းသမီးသည် မင်းကြီး လာသည်ကို မြင်လျှင် ဘဒ္ဒဝတီဆင်မကိုစီး၍ ကြောက်လန့်တကြား ကမ်းပါးမြင့်ထက်က ဆင်းပြေးလေသည်ကို အမျက်တော်ထွက်၍ သံလျက်နှင့် ခုတ်လိုက်သည်၊ ဆင်ကိုခုတ်မိ၍ ဆင်သေကောင် ကျောက်ဖြစ်သည်ကို ယခုတိုင်အောင် ကျောက်မဆင် တွင်၏။

မင်းကြီး၏ ပျက်စီးခြင်းကို ပန်ထွာမိဖုရားကြံကြောင်းကား ပွေးမိုပွေးမ ဖြစ်ကြသောအခါ ဖိုးဦးတောင်ထိပ်သို့ ဘုရားသခင် ရောက်လာသည်ကို ပွေးမ အိပ်ပျော်ခိုက်ဖြစ်၍မနှိုးဘဲဘုရားသခင်အထံတော်သို့ ပွေးဖို သွားချေရကား ငါ့ကိုမျှမခေါ်ဘဲ သွားလေသည်ဟု ဝမ်းနည်းသောအားဖြင့် နောင်သောအခါ ငါ့လင်ပွေးဖို၏ ပျက်စီးခြင်းကို ပြုရလိုသောဟု ဆုပန်ထွာခဲ့ဘူးသောကြောင့် ကြံသော ဟူ၏။

မင်းကြီးကား ကျက်သရေတော် နားသော မှည့်ရှင်တော်လည်း ကွယ်သည်နှင့် နဂါးမင်းသမီး ဘေစန္ဒီလည်းပြေးလေ၍ နှလုံးတော်မသာလျက် နေပြည်တော်သို့ ပြန်ခဲ့၏။

**ရာဇဝင်ကြီး**တွင် မပါသော ပန်ထွာမိဖုရား၊ ဘေစန္ဒီ မိဖုရားတို့နှင့် ဆိုင်သည့် အချက်များ၊ ကျောက်မဆင် အမည်ဖြစ်တွင်ပုံ၊ ပန်ထွာမိဖုရား ရန်ငြိုးဖွဲ့သည့် အကြောင်းရင်းများကိုပါ ထည့်သွင်း မိန့်ဆိုထား၏။

## ဒွတ္တပေါင်မင်းကြီး နတ်ရွာစံခြင်း

ဒွတ္တပေါင် မင်းကြီးသည် နေပြည်တော်သို့ အပြန်တွင် နတ်ရွာစံတော်မူ၏။ ယင်းသည်ကို **ရာဇဝင်ကြီး**က နဂါးတို့ ဆောင်ယူသွားသည် ဆို၏။ (စာမျက်နှာ ၁၂၇)

ထိုအခါ မင်းကြီးသည် ထွေးခံ၌ ထွေးမြဲသောတံထွေးကိုထွေးတော်မမူ၊ မဟာသမုဒ္ဒရာရေ၌ ထွေးတော်မူမိ၏။ ထိုသို့ မင်းကြီးပြုတော်မူသော ကုသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်သည်ဖြစ်၍။ နဂါးတို့လည်း အမျက်ချောင်းချောင်း ထွက်လတ်ကုန်သည် ဖြစ်၍ နဂါးကြေးလှေနှင့်တကွ မင်းကြီးကိုယ်တော်ကို နဂါးပြည်သို့ ဆောင်ယူလေ၏။

**ရာဇဝင်သစ်** (စာမျက်နှာ ၃၀)က အထက်ဖော်ပြပါ **ရာဇဝင်ကြီး**အဆိုကို အကိုးအကား ပြုကာ ငြင်းပယ်သည်။

ထိုအခါ ထွေးခံတော်၌ ကွမ်းသွေးကို မထွေးဘဲ သမုဒ္ဒရာရေ၌ ထွေးတော်မူသည်ကို နဂါးတို့ အမျက်ထွက်၍ နဂါးကြေးလှေနှင့်

မင်းကြီးကို နဂါးပြည်သို့ ဆောင်ယူလေသည်ဟု အချို့သော ရာဇဝင်၌ ဆိုလေသည်။

နဂါးကဆက်သော လင်းဇင်းလှေတော်ကို သားတော် ဒွတ္တရန်မင်းလက်ထက် အုပ်ပေါင်းချုပ်၍ ထားခဲ့သည် ဆိုသည်နှင့် မညီလေ၊ နဂါးကဆက်သော နဂါးကြေးလှေတော်သည် လင်းဇင်း အမည်ရကြောင်းကို ပြည်စုန်မော်ကွန်းတွင် "မထင်ဆစ်မျက်၊ ပွဲရက်မာဂီ၊ ငါးဆိမထေး၊ နဂါးပေးသား၊ ရှေးကမြတ်စွာ။ ခေတ္တရာစိုးရ၊ စီးထတာဆူ၊ လင်းဇင်းဟူသား၊ စွယ်ဖြူအယောင်"ဟု စစ်လျှင်ထောင်မှူး ရှင်ထွေးညို ဆိုသောကြောင့် နဂါးကြေးလှေတော်ကို လင်းဇင်းလှေဟု သိရပါသတည်း။

ဤသို့ တွင်းသင်းမင်းကြီးသည် **ပြည်စုန်မော်ကွန်း**ကို ကိုးကား၍ နဂါးကြေးလှေသည် လင်းဇင်းလှေပင် ဖြစ်သောကြောင့် ဒွတ္တရန်မင်းလက်ထက် လင်းဇင်းလှေကို အုပ်ပေါင်းချုပ်လျက် ထားခဲ့သည်ဟူသော အဆိုကို ထောက်လျှင် ဒွတ္တပေါင်မင်းကြီးအား နဂါးကြေးလှေနှင့်တကွ နဂါးတို့ ယူဆောင်လေသည် ဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း ရေးသားခဲ့၏။ တွင်းသင်းမင်းကြီး အဆိုကို **မှန်နန်း** (စာမျက်နှာ ၁၉၈)က အောက်ပါအတိုင်း ခြေပယ်ခဲ့ပြန်သည်။

ဤအရာနှိုက်။ ရာဇဝင်ကြီးတွင် ဒွတ္တပေါင်မင်းကြီးကို နဂါးကြေးလှေနှင့်တကွ။ နဂါးပြည်သို့ ဆောင်ယူလေသည်ဆိုသော စကားကို။ ရာဇဝင်သစ်က ပယ်လို၍။ လင်းဇင်းလှေကိုပင် နဂါးကြေးလှေ ဖြစ်သည်။ ထိုနဂါးကြေးလှေကို သားတော် ဒွတ္တရန်မင်းလက်ထက် အုပ်ပေါင်းချုပ်ထားကြောင်းကို ဆိုသော နောက်စကားနှင့်။ နဂါးတို့ဆောင်ယူလေသည်ဆိုသော စကားရှေ့နောက် မညီလေဟု။ ရာဇဝင်ကြီးကို အပြစ်ဆိုသည်မှာ။ ရာဇဝင်ကြီးတွင် သားတော် ဒွတ္တရန်မင်းလက်ထက် နဝရတ်လှေကိုသာ အုပ်ပေါင်းချုပ်၍ ထားခဲ့သည်ကို အနော်ရထာမင်းစော တူးဘော်၍ ကြည့်ပြီးလျှင်။ မြှုပ်မြဲမြှုပ်ထားသည်ဟူ၍သာ ဆိုသည်။ (**ရာဇဝင်ကြီး** စာမျက်နှာ ၁၉၈) လင်းဇင်းလှေ နဂါးကြေးလှေကို မြှုပ်ထားသည်မဆို။ လင်းဇင်းလှေပင် နဂါးကြေးလှေဖြစ်သည်ဟု။ ရာဇဝင်သစ်ဆရာ ယူလေသည်မှာ လည်း မသင့်။ အဘဲ့ကြောင့်နည်း ဟူငြားအံ့။ လှေယဉ်တော် တဆဲ့နှစ်စင်း ဆိုရာနှိုက်။ သုံးလူ့ပူဇော်။ သုံးလူ့ကြဲ့နှန်း။ ပြည်ကြီးမှန်။ ပြည်ကြီးနောင်။ ဝဇီရသခါ။ အောင်သာတန်ခိုး။ မိုဃ်းပေါ်ကြယ်။ စွယ်လက်ယာသစ်။ နဝရတ်။ ပြည်ကြီးဝန်တင်ရာပြည်စုံ။ လင်းဇင်း။ နဂါးကြေး။ ပေါင်း တဆဲ့နှစ်စင်း ဟူသော စကားကို ထောက်၍ လင်းဇင်းလည်း တခြား။ နဂါးကြေးလည်း တခြားဟု သိရသတည်း။ ။

ဒွတ္တပေါင်မင်းကြီး အနိစ္စရောက်ခြင်း ဖော်ပြကြရာ၌ "မင်းကြီး ပြုတော်မူဘူးသော ကုသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်သည်ဖြစ်၍" ဟူသော **ရာဇဝင်ကြီး**၏ အသုံးအနှုန်းမှာ သတိပြုဖွယ်ဖြစ်၏။ ပြုဘူးသော ကုသိုလ်ကံကြောင့် မင်းဖြစ်သည်။ ထိုကုသိုလ်ကံ ကုန်ဆုံးလျှင် ပျက်စီးရသည်ဟူသော အယူအဆမှာ ရှေးမြန်မာတို့ အလေးအနက် လက်ခံသော အယူအဆတခု ဖြစ်၏။ ထို့ကြောင့် ဤအသုံးအနှုန်းမျိုးကို နောင်တွင်လည်း ကြိမ်ဖန်များစွာ တွေ့ရဦးမည် ဖြစ်သည်။ **မှန်နန်း** အဆိုအရ လှေယာဉ်တော် ၁၂-စင်း၏ အမည်များကိုလည်း သိရသည်။

ထို့နောက် ရာဇဝင်သုံးစောင်တို့သည် ဒွတ္တပေါင်မင်းကြီး မိဖုရားနှစ်ပါးတွင် နဂါးမင်းသမီး ဘေစန္ဒီ၌ သားမရှိ၊ ပျူမိဖုရားသမီးတော် စန္ဒာဒေဝီ၌မှ သားတော် ဒွတ္တရန်ကို မြင်သည်ဟု အညီအညွတ် ဆိုကြသည်။

ထို့ပြင် ဗုဒ္ဓရန်မှာ အမျိုးသန့်၍ သကျသာကီဝင် ဖြစ်ကြောင်းကို "မယ်တော် စန္ဒာဒေဝီ။ ဘွားတော် ပျူမိဖုရားတို့လည်း သကျသာကီဝင်မျိုးဖြစ်၍ အမျိုးသန့်စွာ၏။" ဟု **မှန်နန်း**က ဆိုသေးသည်။ဗုဒ္ဓရန်သည်ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓပေါင်မင်းကြီးသားတော် ဖြစ်ပါလျက် ခမည်းတော်ကို အထူးမပြု၊ မယ်တော်နှင့်ဘွားတော်ကိုသာ **မှန်နန်း**က အထူးပြုခြင်းမှာ သတိပြုဖွယ်ဖြစ်သည်။ဗုဒ္ဓပေါင်မင်းကြီးသည် ခမည်းတော် မဟာသမ္မဝဇက်မှလည်းတကောင်းသာကီဝင်ဖြစ်ကြောင်း **မှန်နန်း**က အထက်တွင် **ဆို**ပြီးဖြစ်၏။ ခမည်းတော်လည်း သာကီဝင်၊ မယ်တော်လည်း သာကီဝင် ဖြစ်ကြောင်း ဆိုပြီးလျက် မယ်တော် အမျိုးကိုသာ အထူးပြုသည်မှာ စဉ်းစားဘွယ်ဖြစ်သည်။ မယ်တော်ကို အထူးပြုသည်မှာ သည်တကြိမ်သာ မဟုတ်ပေ။ အထက်တွင်လည်း မဟာသမ္မဝ ညီနောင် ရသေ့ သင်ခန်းသို့ ရောက်ရာ၌ ရှင်ရသေ့က မျိုးရိုးကို စုံစမ်းသော်"တကောင်းပြည်ကြီးကို အစိုးရသော မိဖုရားကြီး ကိန္နရီဒေဝီတွင် မြင်သော သားတော်ဖြစ်ကြောင်း" ဆိုကြသည်ဟု **မှန်နန်း**က ရေးသားပြီး ဖြစ်၏။

မြန်မာနိုင်ငံတွင် ၁၀-ရာစု နောက်ပိုင်းထိ မိန်းမတို့ မျိုးရိုးစဉ်ဆက်အားဖြင့် အုပ်ချုပ်သည့် ဒေသများရှိကြောင်းကို စစ်တမ်းများအရ သိရသည်။ ဥပမာ-

> ၎င်းနေ့တွင် မြေသင်းတွင်း သူကြီးမ မိအိမ် နံ ၆ အသက် ၃၆ သူကို စစ်မေးသော် ထွက်ဆိုသည်။
>
> ၎င်းရွာကို ကျွန်တော် မဘေး မိညိမ်းသာ စီရင်ပါသည်။ မရှိလျှင် ဘွားမ မိစံ စီရင်သည်။ မရှိလျှင် အမိ မိဝေ စီရင်သည်။ မရှိလျှင် ကျွန်တော်မ ၁၁၁၉—ခုနှစ်ကသည် ယခုတိုင် စီရင်ပါသည်။ (မြေသင်းတွင်းရွာ စစ်တန်း ၁၁၂၇ ခု)
>
> သူကြီးမ ငြိမ်းမယ်သူမှာ ဘေးမ မိမြတ် စီရင်သည်။ မရှိလျှင် ဘွားမ မိကုလား စီရင်သည်။ မရှိလျှင် အမိ မိကောင်း စီရင်သည်။ မရှိလျှင် ကျွန်တော်မ ၁၁၂၃ ခုနှစ်ကကို ယခုတိုင် စီရင်ပါသည်။ (ရေမျက်ရွာ စစ်တမ်း ၁၁၂၇ ခု)

စသည်တို့ဖြင့်၏။ သို့ဖြစ်ရကား ဗုဒ္ဓရန်မင်း၏ မယ်တော် ဘွားတော်တို့ မျိုးရိုးကိုသာ အလေးထားဆိုခြင်းမှာ မိန်းမရိုးရာကို ဦးစားပေးခြင်းကြောင့် ပေလောဟု ကြံဆဖွယ်ရှိသည်။

ဗုဒ္ဓပေါင်မင်းကြီး၏ မိဖုရားနှင့် သားတော်သမီးတော်တို့ အကြောင်းကို ဖော်ပြပြီးနောက် **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၇) **မှန်နန်း** (စာမျက်နှာ ၁၉၀) တို့သည် ဆက်လက်၍ မင်းကြီးသည် အင်္ဂါသားဖြစ်၍ အိမ်နိမ့် ၃၅-နှစ် စည်းစိမ် ၇၀ သက်တော် ၁၀၅-နှစ်၊ သာသနာတော် ၁၇၁-ခုနှစ်ရောက်သော် နဂါးတို့ဆောင်ယူလေသည်ဟု ဆို၏။ **ရာဇဝင်သစ်** (စာမျက်နှာ ၃၁)ကမူ သက်တော် ၁၀၅-နှစ်သော် အနိစ္စရောက်၏ ဆိုသည်။

ထို့နောက် **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၇)က ဗုဒ္ဓပေါင်မင်းကြီးအကြောင်း သုံးသပ်၍ မင်းတို့ ဆင်ခြင်ဖွယ်များကို အောက်ပါအတိုင်း သတိပေး ပေသည်။

> ထို ဗုဒ္ဓပေါင်မင်းကြီး အကြောင်းကို ထောက်၍ ပြည်ကြီး၏အရှင် ဖြစ်တော်မူသော မင်းတို့သည် ရတနာသုံးပါးနှင့်စပ်သော ပစ္စည်းပယံ တို့ကို မအပ်သော အကြောင်းဖြင့်။ သစ်သီးတလုံး ပန်းတပွင့်ကိုမျှ မသိမ်းမယူသာ၊ ရွေးချယ်စိစစ်၍သာ သုံးဆောင်ရာသည်။ ထိုမှတပါးလည်း ရေမြေ့အရှင် ဖြစ်တော်မူသော မင်းတို့သည် ကိုယ်တော်နှင့် စပ်သော အသုံးအဆောင်တို့ကို မေးမြန်းစိစစ်၍ သန့်ရှင်း စင်ကြယ်

သောအဖြစ်ကို အတပ်အကြပ် သိတော်မူသည်ဖြစ်မှ သုံးဆောင်တော် မူရာသည်။

**မှန်နန်း** (စာမျက်နှာ ၁၉၉) က လည်း **ရာဇဝင်ကြီး** အဆိုအတိုင်း လက်ခံရေးသားခဲ့၏။

တဖန် ရာဇဝင် သုံးစောင်တို့ သည် သရေခေတ္တရာပြည်၏ အမည်များကို ဆက်လက် ဖော်ပြကြသည်။ သရေခေတ္တရာ ပြည်သည် ကကုသန်ဘုရားရှင် လက်ထက်၌ ဝဍ္ဍာနပတိဟူ၍ လည်းကောင်း၊ ကောဏာဂုံဘုရားရှင်လက်ထက်၌ ပုပ္ဖာဝတီဟူ၍ လည်းကောင်း၊ ကဿပဘုရားရှင် လက်ထက်၌ ပုပ္ဖာဟူ၍လည်းကောင်း၊ ဂေါတမ မြတ်စွာဘုရားရှင်လက်ထက်၌ သရေခေတ္တရာဟူ၍ လည်းကောင်း၊ တကောင်းမင်း ယောက်ဖတော် ရှင်ရသေ့ သီတင်းသုံးသည်ကို အကြောင်းပြု၍ နောက်မှ ရသေ့ပြည် ဟူ၍လည်းကောင်း တွင်ကြောင်းကို **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၀) နှင့် **မှန်နန်း**တို့က အညီအညွတ် ဆိုကြ၏။ **ရာဇဝင်သစ်** (စာမျက်နှာ ၃၂) သည် ရာဇဝင်ကြီးကဲ့သို့ သရေခေတ္တရာပြည်၏ အမည်များကို ဖော်ပြသည်။ သို့သော် ကကုသန်ဘုရား လက်ထက်တော်၌ ပဍ္ဍာနဝတီ ဟူ၍ လည်းကောင်း၊ ကဿပဘုရားရှင် လက်ထက်တော်၌ ပဏ္ဍရဝတီဟူ၍ လည်းကောင်း တွင်သည်ဟု ကွဲလွဲစွာ ဖော်ပြ၏။

ထို့နောက်**ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၈) နှင့် **မှန်နန်း** (စာမျက်နှာ ၁၉၉) တို့က အောက်ပါအတိုင်း ဆက်လက် ရေးသားကြသည်။

မဇ္ဈိမဒေသ၌ဝေသာလီပြည်တွင်။ကာလာသောကမင်းကို အမှီပြု၍ ရှင်မဟာယသ အမှူးရှိသော ရဟန္တာမြတ် ၇၀၀-ခုနစ်ရာတို့ ဒုတိယ သင်္ဂါယနာ တင်သော နှစ်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ်တရာပြည့်တွင်တည်း။ သရေခေတ္တရာ ပြည် တွင် ဒွတ္တဘောင်မင်းကြီး ရာဇဘိသေက ခံသောနှစ်သည်ကား။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ ၁၀၁-တရာ့တနှစ်တည်း။ ဒွတ္တဘောင်မင်းကြီး၏ အကြောင်းတို့ကိုကား ကျယ်မည်ကိုဆောက်၍ မဆိုသည်။

ဒွတ္တပေါင် မင်းကြီး၏ အကြောင်းကို အထက်တွင် ရေးသားပြီးဖြစ်၍ ဖော်ပြပါ စာပိုဒ်၏နောက်ဆုံးဝါကျ၏ အဓိပ္ပာယ်မှာ နားလည်ရန် ခက်ခဲနေပေသည်။

[ဆက်ရန်]

ဒေါက်တာရီရီ

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှအဆက်]

**ဒွတ္တရန်မင်း**

ဒွတ္တပေါင်မင်းကြီး၏ သားတော် ဒွတ္တရန်မင်းအကြောင်း ဆိုရာ၌ ရာဇဝင်သုံးစောင်လုံးသည် ဒွတ္တရန်မင်းသား သာသနာတော်သက္ကရာဇ် ၁၇၁-ခုတွင် မင်းဖြစ်ကြောင်း အညီအညွတ် ဆိုကြသည်။ သို့သော် **ရာဇဝင်သစ်** တစောင်တည်းကသာ ထိုမင်းကို....

> အဆင်းလှ၍၊ ပြည်သူလူရဟန်းတို့ နှစ်လိုကုန်၏၊ မင်းကျင့်တရား ဆယ်ပါးနှင့်ပြည့်စုံ၏၊ အလှူကောင်းမှု၌ မွေ့လျော်၏။ (စာမျက်နှာ ၁၃၂)

....ဟူ၍ အကဲဖြတ်သည်။ ထို့ပြင် တွင်းသင်းမင်းကြီးသည် နဂါးကြေးလှေနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆက်လက် ရေးသားပြန်သည်။

> ခမည်းတော် စီးတော်မူသော နဂါးကြေး လင်းဇင်းလှေတော်ကို လုံခြုံသေချာစွာ အုပ်ပေါင်းချုပ်လုပ်၍ ထားတော်မူ၏။

ဤအဆိုကို **မှန်နန်း**တွင် ဒွတ္တပေါင်မင်းကြီးအကြောင်း ရေးစဉ်က အထောက်အထားပြ၍ ငြင်းပယ်ပြီး ဖြစ်သည်။

ရာဇဝင်သုံးစောင်သည် စည်းစိမ်တော်ကို ၂၂-နှစ်ဖြစ်ကြောင်း အညီအညွတ် ဆိုကြသည်။ သို့သော် အိမ်နိမ့်နှင့် သက်တော်ကိုမူ တကွဲတပြား ရေးကြ၏။ အိမ်နိမ့်ကို **ရာဇဝင်ကြီး**က ၃၅-နှစ်၊ **ရာဇဝင်သစ်**က ၄၅-နှစ်၊ **မှန်နန်း**က ၅၉-နှစ်ဟူ၍ အသီးသီး ဆိုကြသည်။ အလားတူပင် သက်တော်ကိုလည်း **ရာဇဝင်ကြီး**က ၅၇ နှစ်၊ **ရာဇဝင်သစ်**က ၆၇ နှစ်နှင့် **မှန်နန်း**က ၈၁-နှစ်ဟု အမျိုးမျိုး ရေးကြပြန်၏။ တဖန် ဒွတ္တရန်မင်းသည် ဗုဒ္ဓဟူးသားဖြစ်ပြီး၊ အနိစ္စရောက်အံ့သော် တနေ့တည်း မိုးကြိုး ခုနစ်ချက်ကျကြောင်းကိုမူ အညီအညွတ် ဆိုကြပြန်သည်။

**ရန်ပေါင်မင်း**

ဤမင်းအမည်ကို **ရာဇဝင်ကြီး**၌ 'ရန်ဘောင်'ဟု ရေး၍ **ရာဇဝင်သစ်**နှင့် **မှန်နန်း**တို့က 'ရန်ပေါင်'ဟု စာလုံးပေါင်းကြသည်။ ရာဇဝင်သုံးစောင်လုံးက ထိုမင်းသည် သာသနာတော်သက္ကရာဇ် ၁၉၃ ခုတွင် မင်းဖြစ်၍ အလှူကောင်းမှု၌ မွေ့လျော်တော်မူကြောင်း တူညီစွာဆိုကြ၏။ ဥာဏ်ပညာကြီးသည်နှင့် စပ်လျဉ်း၍ ရာဇဝင်ကြီးက 'ရသေ့ပုဏ္ဏား ရဟန်းပညာရှိတို့နှင့် ပေါင်းဘက်၍ ဥာဏ်ပညာ ကြီး၏။'ဟု ဆိုသည်။ ဤဝါကျကို ရသေ့ပုဏ္ဏား၊ ရဟန်းပညာရှိ

ရှိတို့နှင့် ပေါင်းဖက်သောကြောင့် ဥာဏ်ပညာကြီးသည်ဟူ၍ အဓိပ္ပာယ် ကောက်လျှင်လည်း ရသည်။ ပညာရှိတို့နှင့် ပေါင်း ဖက် ခြင်း သည် သီးခြား၊ ဥာဏ်ပညာကြီးခြင်းသည် သီးခြားဟု ယူလျှင်လည်း ရနိုင်ပါသည်။ နှစ်မျိုးလုံး ယူနိုင်သည်ဖြစ်သဖြင့် ရေးသားမှုတွင် ပြတ်သားခြင်း မရှိဟု ဆိုနိုင်ပေသည်။ တွင်းသင်းမင်းကြီးကမူ 'ရဟန်းပုဏ္ဏား ပညာရှိတို့နှင့် ပေါင်းသဖြင့် ပညာတော်ကြီး၏' ဟူ၍ ရှင်းလင်းပြတ်သားစွာ ရေးထားသည်။**မှန်နန်း**က **ရာဇဝင်ကြီး**အတိုင်း လိုက်၍ရေး၏။ ထို့နောက် ရန်ပေါင်မင်းသည် ပြည်သူလူတကာကို ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူ၍ မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူကြောင်း ရာဇဝင်သုံးစောင်က တညီတညွတ်တည်း ဆိုကြသည်။ အိမ်နိမ့် **စည်းစိမ်**နှင့် သက်တော်တို့ကို ဖော်ပြရာ၌ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၉)နှင့် **မှန်နန်း** (စာမျက်နှာ ၂၀၀) တို့က အိမ်နိမ့် ၄၀၊ စည်းစိမ် ၅၀၊ သက်တော် ၉၀ သော် အနိစ္စရောက်သည်ဟု ဆိုကြ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၃၂)ကမူ အိမ်နိမ့် ၃၇၊ စည်းစိမ် ၅၀၊ သက်တော် ၈၇-ဟု ရေးသား၏။ ထို့နောက် ရန်ပေါင်မင်းသည် စနေသားဖြစ်သည်။ အနိစ္စရောက်အံ့သော်'နေနှစ်ခုထွက်၍မွန်းမတည့်မချင်း ခွပ်ကြ၏'ဟု ရာဇဝင်သုံးစောင်က ညီညွတ်စွာဆိုကြပြန်သည်။

သီရိဓမ္မာ သောကမင်းသည် ရန်ပေါင်မင်းနှင့် မင်းပြိုင်ဖြစ်ကြောင်း ဆိုရာ၌မူ၊ ရာဇဝင်တို့တွင် ကွဲပြားမှု ရှိကြ၏။

> ထိုမင်း နန်းတက်၍၊ နန်းတက် ၁၂-တဆဲ့နှစ်နှစ် ရှိသောအခါ မဇ္ဈိမဒေသ၌ ပါဋလိပုတ်ပြည်တွင် သီရိဓမ္မာ သောကမင်းကြီး မင်းပြုတော်မူ၍၊ တတိယ သင်္ဂါယနာ တင်တော်မူသော နှစ်တည်း။ ။ရန်ဘောင်မင်းနှင့် သီရိဓမ္မာ သောကမင်းကား မင်းပြိုင်တည်း။

....ဟု **ရာဇဝင်ကြီး**က ဆိုသည်။ (စာမျက်နှာ ၁၂၉) တွင်းသင်း မင်းကြီးကမူ....

> နန်းတက် နှစ်ဆယ့်ငါးနှစ် ရှိသောအခါ မဇ္ဈိမဒေသတိုက် ပါဋလိပုတ်ပြည်၌ဓမ္မာသောကမင်း အဘိသိက်ခံသည့်နှစ်တည်း၊ **ရာဇဝင်ကြီး**တို့မှာ တတိယ သင်္ဂါယနာ တင်သည့်နှစ်ဟု ဆိုလေသည်။ သင်္ဂါယနာတင်သည်ကား ထိုမင်း နန်းတက်၍ လေးဆယ်သုံးနှစ်ရောက်မှ တင်သတည်း။ဓမ္မာသောကမင်းနှင့် ရန်ပေါင်မင်းကား မင်းပြိုင်တည်း။

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၃၂-၃) တွင် ဆိုပြန်သည်။ တွင်းသင်းမင်းကြီး ကြည့်ရှုသည့် **ရာဇဝင်ကြီး**မူနှင့် ပုံနှိပ်မူမှာ ကွဲပြားမည်ထင်သည်။အဘယ့်ကြောင့်ဆိုသော်**ရာဇဝင်ကြီး** ပုံနှိပ်မူတွင်ရန်ပေါင်မင်းနန်းသက်၁၂-နှစ်ရှိသောအခါတတိယသင်္ဂါယနာတင်သည်ဆို၍တွင်းသင်းမင်းကြီးက ရန်ပေါင်မင်း နန်းသက် ၂၅-နှစ်ရှိသောအခါ တတိယ သင်္ဂါယနာ တင်သည်ဟု **ရာဇဝင်ကြီး** ဆိုကြောင်း ပါရှိသောကြောင့် ဖြစ်၏။ တဖန် **မှန်နန်း** (စာမျက်နှာ ၂၀၀) ကလည်း....

> ထိုမင်း နန်းတက်၍ နှစ်နှစ်ရှိသောအခါ။ မဇ္ဈိမဒေသနိုက်။ ပါဋလိပုတ်ပြည်တွင် တတိယ သင်္ဂါယနာတင်သော၊ သီရိဓမ္မာသောကမင်းနှင့် ရန်ပေါင်မင်းကား မင်းပြိုင်တည်း ။ ။

....ဟု ကွဲလွဲစွာ ဆိုပြန်ချေသည်။ မည်သို့ပင်ဖြစ်စေ၊ ရန်ပေါင်မင်းနှင့် သီရိဓမ္မာ သောကမင်းတို့ မင်းပြိုင် ဖြစ်ကြသည်ကိုကား ရာဇဝင်သုံးစောင်လုံးက အညီအညွတ် လက်ခံကြ၏။

**ရန်မန်မင်း**

ရန်မန်မင်းအကြောင်းကို ရာဇဝင်သုံးစောင်၌....

> သာသနာတော်သက္ကရာဇ် ၂၄၃-နှစ်ရာ့လေးဆဲ့သုံးခု ရောက်သော အခါ။ ထိုမင်းသားတော် ရန်မန် မင်းဖြစ်တော်မူ၏။

ထိုမင်းကား အကျင့်သဘောလျစ်လျူရှိ၏။ အိမ်နိမ့် ၃၀- သုံးဆယ်။ စည်းစိမ် ၅၀- ငါးဆယ်။ သက်တော် ၈၀-ရှစ်ဆယ်သော်။ အနိစ္စ ရောက်တော်မူ၏။ အနိစ္စ ရောက်လိုသော် ကြာသပတေး ကြယ်လတွင် ချင်း၏။ နံတော် အင်္ဂါသားတည်း။

....ဟု ဆိုကြ၏။ **ရာဇဝင်ကြီး** ၁။ ၁၂၉။ **ရာဇဝင်သစ်** ၃၄။ **မှန်နန်း** ၁။ ၂၀၀)

ထို့ပြင် **ရာဇဝင်သစ်**၌ အနိစ္စရောက်အံ့သော် ပေါ်ထွန်းသည့် နိမိတ်တို့တွင် စနေကြယ်နှင့် သောကြာ ကြယ်ခွပ်ကြ၏ ဟူ၍လည်းဆိုသေးသည်။

**ရက္ခန်မင်း**

ထိုမင်း အကြောင်းကို **ရာဇဝင်ကြီး** (စာမျက်နှာ ၁၂၉)တွင်....

> သာသနာတော် သက္ကရာဇ် ၂၉၃- နှစ်ရာ့ကိုးဆဲ့သုံးခု ရောက်သော အခါ၊ ထိုမင်းသားတော် ရက္ခန်မင်း ဖြစ်တော်မူ၏။ အရောင်အဆင်းလည်း လှ၏။ မိဘုရားလည်း များ၏။ ဆေးအရာလည်း တတ်လှစွာ၏။ အိမ်နိမ့် ၄၀-လေးဆယ်။ စည်းစိမ် ၃၁- သုံးဆဲ့တစ်။ သက်တော်ရာ ခုနစ်ဆဲ့တစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် ကြယ်နေ့ကိုထွက်၏။ အရိပ်ပြန်၏။ နံတော် တနင်းလာသားတည်း။

....ဟု ဆိုသည်။ **ရာဇဝင်သစ်** (စာမျက်နှာ ၃၄)တွင် ရာဇဝင်ကြီးနှင့် ကွဲလွဲသည့် အချက်နှစ်ချက်ပါသည်။ ပထမအချက်မှာ အိမ်နိမ့် ၃၉၊ သက်တော် ၇၀ ဖြစ်၍ ကျန်အချက်မှာ အနိစ္စရောက်အံ့သော နိမိတ်များတွင် 'ကိတ်ထွက်၏' ဟု ပါခြင်း ဖြစ်သည်။ **မှန်နန်း** (စာမျက်နှာ ၂၀၀)တွင်လည်း ရာဇဝင်ကြီးနှင့် ကွဲလွဲသည့် အချက်တခု ရှိ၏။ ရာဇဝင်ကြီး၌ 'ဆေးအရာလည်း တတ်လှစွာ၏' ဟု ဆိုသည်ကို **မှန်နန်း**တွင် 'လေးအရာ၌လည်း တတ်လှ၏' ဟူ၍ ရေးသားပါသည်။

**ခန်လောင်းမင်း**

ဤမင်း အကြောင်းကို **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၀)၌....

> သာသနာတော် သက္ကရာဇ် ၃၂၄ သုံးရာ့နှစ်ဆဲ့လေးခု ရောက်သော အခါ၊ ထိုမင်းသားတော် ခန်လောင်းမင်း ဖြစ်တော်မူ၏။ အိမ်နိမ့် ၃၇- သုံးဆဲ့ခုနစ်ခုနှစ်။ စည်းစိမ် ၃၈-သုံးဆဲ့ရှစ်။ သက်တော် ၇၅- ခုနစ်ဆဲ့ငါးသော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် ယောက်သွားကြီးစွာ တလုံးတည်း ကောင်းကင်မှ ကျလာ၏။ နံတော် ဗုဒ္ဓဟူးသားတည်း။

....ဟူ၍ ဖော်ပြ၏။ **ရာဇဝင်သစ်**တွင် ဤမင်းအမည်ကို ဝိသဇ္ဇနီ ဖြုတ်၍ 'ခန်လောင်' ဟု ရေးသားသည်။ ရာဇဝင်ကြီးထက် ပို၍ စုံလင်သည်မှာ အနိစ္စရောက်အံ့သော နိမိတ်များတွင် 'ကောင်းကင်အလုံး မှိုင်းသင်း၏' ဟူ၍ ဖော်ပြခြင်း ဖြစ်သည်။ **မှန်နန်း** ကမူ ရာဇဝင်ကြီးအဆိုကို အကြွင်းမဲ့ လက်ခံ၏။

**လက်ခိုင်မင်း**

လက်ခိုင်မင်း အကြောင်းကို ရာဇဝင်သုံးစောင်လုံး အညီအညွတ် ဆိုကြသည်ဖြစ်ရာ ဤတွင် **ရာဇဝင်သစ်** (စာမျက်နှာ ၃၅) အဆိုကိုသာ ထုတ်နှုတ်ပြပါမည်။

> သာသနာတော် သက္ကရာဇ် (၃၆၂) သုံးရာ့ခြောက်ဆဲ့ နှစ်ခုသော် သားတော် လက်ခိုင်မင်း ဖြစ်တော်မူ၏။ အိမ်နိမ့်သုံးဆဲ့ကိုးနှစ် + စည်းစိမ် သုံးဆဲ့လေးနှစ်- သက်တော် ခုနစ်ဆဲ့သုံးနှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် နေနှစ်ခုထွက်၏။ နံတော် တနင်းလာသားတည်း။

**သီရိခန်မင်း**

ဤမင်းအကြောင်းကို....

> သာသနာတော် သက္ကရာဇ် ၃၉၆- သုံးရာ့ကိုးဆဲ့ခြောက်ခု ရောက်သောအခါ၊

> ထိုမင်းသားတော် သီရိခန်မင်း ဖြစ်တော်မူ၏။ အိမ်နိမ့် ၄၀-လေးဆယ်။ စည်းစိမ် ၂၈-နှစ်ဆဲ့ရှစ်။ သက်တော် ၆၈—ခြောက်ဆဲ့ရှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် သောကြာကြယ် လတွင် ချင်း၏။ နံတော် ကြာသပတေးသားတည်း။

....ဟူ၍ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၀) တွင် ရေးသား၏။ **ရာဇဝင်သစ်** (စာမျက်နှာ ၃၅)၌ အိမ်နိမ့် ၃၉၊ သက်တော် ၆၇-ဟု တနှစ်လျော့၍ ဆိုသည်။ **မှန်နန်း** (စာမျက်နှာ ၂၀၀–၂၀၁) က **ရာဇဝင်ကြီး**အတိုင်း လိုက်၍ ရေးသား၏။

**သီရိရာဇ်မင်း**

**ရာဇဝင်ကြီး**သည် မင်းတပါး၏အကြောင်းကို ဆိုရာ၌ နန်းတက်သည့် သက္ကရာဇ်၊ ထိုမင်း၏ လုပ်ဆောင်ချက်နှင့် အရည်အသွေးတို့ကို ဖော်ပြပြီးမှ အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်၊ အနိစ္စရောက်တော်မူမည့်အခါ၌ ပေါ်ထွန်းသည့် နိမိတ်၊ ထိုမင်း၏နေ့နံစသည်ဖြင့် ဖော်ပြရေးသားလေ့ ရှိရာမှ သီရိရာဇ်မင်း၏ အကြောင်းရေးရာ၌မူ ရေးနေကျ အစီအစဉ်ကိုပယ်၍ နန်းတက်သက္ကရာဇ် အိမ်နိမ့်၊ စည်းစိမ်နှင့် သက်တော်တို့ကို ဦးစွာရေးပြီးမှ အခြား အကြောင်းများကို နောက်မှ ဖော်ပြသည်။

> သာသနာတော် သက္ကရာဇ် ၄၂၄-လေးရာ့နှစ်ဆဲ့လေးခု ရောက်သောအခါ၊ ထိုမင်းသားတော် သီရိရာဇ် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် ၁၁-တဆဲ့တစ်။ စည်းစိမ် ၉ ကိုးနှစ်။ သက်တော် ၂၀-နှစ်ဆယ်သော် အနိစ္စရောက်တော်မူ၏။
> (**ရာဇဝင်ကြီး** ၁။ စာမျက်နှာ ၁၃၀-၁)

သီရိရာဇ်မင်းသည် အနိစ္စမရောက်မီ'ငတပါး' ကို နန်းလျာ ထားခဲ့သည် ဟူ၍ နောင်တွင် ဖော်ပြမည့်အချက်ကို ထောက်လျှင် **ရာဇဝင်ကြီး** ဖော်ပြသည့် သက်တော်မှာ မှားယွင်းတန်ရာသည်။ **ရာဇဝင်သစ်**နှင့်**မှန်နန်း**တို့၏ အဆိုများမှာ အချင်းချင်း ကွဲပြားကြသော်လည်း ပို၍ ယုတ္တိရှိပေသည်။ **ရာဇဝင်သစ်**က အိမ်နိမ့် ၃၅၊ စည်းစိမ် ၉၊ သက်တော် ၄၄-ဟူ၍ လည်းကောင်း၊ မှန်နန်းက အိမ်နိမ့် ၅၁၊ စည်းစိမ် ၉၊သက်တော်၆၀ ဟူ၍ လည်းကောင်း၊ ဖော်ပြကြ၏။ ထို့ပြင် **ရာဇဝင်သစ်**က အနိစ္စရောက်အံ့သော နိမိတ်ကို 'တော်ခုနစ်ရက်လည်း၏' ဟု ဖော်ပြသေးသည်။

**ရာဇဝင်ကြီး**သည် သီရိရာဇ်မင်းအကြောင်းကို ဆက်လက်၍....

> ထိုမင်းကား ငြိမ်သက် တည်ကြည်၏။ သစ္စာတရား စောင့်၏။ အလှူကောင်းမှု၌ မွေ့လျော်၏။ ဆရာ ၆-ပါးတို့နှင့် ပေါင်းဘော်၍ သက္ကရာဇ် ၄၃၃-လေးရာ့သုံးဆဲ့သုံးခုကို ဖြိုသည်ပြု၏။ ကိန်းလက်မခြောက်၍ မပြိုလေ။

ဆိုပြန်သည်။**ရာဇဝင်သစ်**နှင့် **မှန်နန်း**တို့ကလည်း ယင်းအတိုင်းလိုက်၍ ရေးသားကြ၏။ သို့သော် **ရာဇဝင်ကြီး**နှင့် **ရာဇဝင်သစ်**တို့က 'သစ္စာတရား စောင့်၏' ဆိုရာ၌ **မှန်နန်း**က 'သစ္စာစကား စောင့်၏' ဟု ဆိုသည်။ ဆရာ ၆—ပါးအမည်ကို ရေးသားကြရာ၌ ရာဇဝင်သုံးစောင်တွင် တူညီသည်များ ရှိသကဲ့သို့၊ ကွဲလွဲသည့်အရာလည်း ရှိ၏။

| **ရာဇဝင်ကြီး** | **ရာဇဝင်သစ်** | **မှန်နန်း** |
|---|---|---|
| ပုပ္ပါမဏိ | ပုပ္ပါမုနိ | ပုပ္ပါးမဏိ |
| ဣန္ဒြိယ | ဣန္ဒြိယ | ဣန္ဒြိယ |
| ကိတ္တိရိယျ | ကတ္တရိယ | ကိတ္တရိယ |
| စန္ဒရိယ | စန္ဒရိယ | စန္ဒရိယ |
| သက္က | သက္က | သက္က |
| မဿ | မဿ | မဿ |

ထို့နောက် ရာဇဝင်ကြီးက သီရိရာဇ်မင်းအကြောင်းကို-

ထိုဆရာတို့နှင့် တိုင်ပင်၍ ရာဇဝင်ဗေဒင်လည်း ပြု၏။ ဘုရားရှင် သာသနာတော်ကိုလည်း။ သုတ်သင်စီရင်၍။ ဂူကျောင်းဇရပ်ဆောက်သည်လည်း များ၏။ ဝတ္ထုကံမိုဃ်းမြေတို့ကိုလည်း အစဉ်မပျက်စေရအောင် စောင့်မတော်မူ၏။ မင်း၏ တရားဆယ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ပြည်သူလူရဟန်းအမတ်မိုလ်ပါတို့လည်း နှစ်လိုကုန်၏။ ထိုမင်းတွင် ရှေးဒွတ္တဘောင်မင်း အနွယ်အဆက်ကိုးဆက်စေ့၍၊ တကောင်းမင်းရိုး ပြတ်၏။ နံတော် တနင်းလာသားတည်း။

....ဟူ၍ ဆက်လက်ရေးသားသည်။ (စာမျက်နှာ ၁၃၁) ရာဇဝင်သစ် (စာမျက်နှာ ၃၅) နှင့် မှန်နန်း (စာမျက်နှာ ၂၀၁) တို့ကလည်း ယင်းအတိုင်းပင် လက်ခံ ရေးသားကြ၏။

တွင်း သင်း မင်း ကြီး သည် စာပေကိုးကား၍ ထုတ်နှုတ်ဖော်ပြလေ့ ရှိသည်ဖြစ်ရာ၊ ဒွတ္တပေါင်မင်းဆက်ဆက် ၉-ဆက်ကို အလွယ်တကူ မှတ်သားနိုင်စေရန် အောက်ပါအတိုင်း ဆိုထားပါသည်။

ထိုမင်းတို့၏ အဆက်အနွယ်ကို အကျဉ်းမှတ်လွယ်စိမ့်သောငှာ-

"နောင်လာမှတ်စေ၊ လက်ာဖွေအံ့၊ သရေခေတ္တရာ၊ အောင်ချာသာစံ၊ ပုဂံမြင်စိုင်း၊ စကိုင်းပင်းယ၊ အဝစဉ်လာ၊ မင်းစဉ်စာကား၊ မဟာသမ္မဝ၊ စူဠသမ္မဝ၊ အစညီနောင်၊ ဒွတ္တပေါင်၊ ဒွတ္တရန်၊ တဘန်ထိုနောင်၊ ရန်ပေါင်ရန်မန်၊ ရက္ခန်ခန်လောင်၊ ထိုနောက်လက်ခိုင်၊ စဉ်တိုင်တသွန်၊ သိရိခန်သိရိရာဇ်၊ ကိုးဆက်ဖြစ်သည်။ ။စင်စစ် ဒွတ္တပေါင်မျိုးတည်း"....ဟူ၍ ပညာရှိတို့ စပ်ဆိုသည်။ (စာမျက်နှာ ၃၆)

ထို့ပြင် ရန်မန်မင်းကို ရန်မန်း ရေးသင့်ကြောင်း ရှင်အဂ္ဂသမာဓိကို ကိုးကားလျက်....

"အကျိုးရှိယောင်၊ ရန်ပေါင် ရန်မန်း၊ မော်ကွန်းမပျက်"ဟု သုဝဏ္ဏလျှံ သူဌေးခန်းတွင် ရှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူသည်ကို ထောက်၍ ရန်မန်းဟု ဝိသဇ္ဇနီထိုး၍ ရေးသား ဖတ်ရှုတ်ရမည်။

....ဟူ၍ ဆိုထားပြန်သည်။ ဤတွင် ဝိသဇ္ဇနီထိုး၍ ရေးသားသင့်ကြောင်း ဆိုသော်လည်း ရန်မန်မင်းအကြောင်း ရေးသားစဉ်က ဝိသဇ္ဇနီမပါဘဲ ရေးသားခဲ့ပြီး ဖြစ်သည်။

[ရှေ့လဆက်ဖတ်ပါ]

ဒေါက်တာရီရီ

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှ အဆက်။]

### တေပါးမင်း

ရာဇဝင်သုံးစောင်တို့ကား သာသနာတော်သက္ကရာဇ် ၄၃၃-ခုတွင် တေပါးမင်းဖြစ်သည်ဟု ညီညွတ်စွာ ဆိုကြပြီးနောက်၊ တေပါးအကြောင်းကို ဖော်ပြကြသည်။ ဤသို့ ရေးသားရာ၌ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၁)က....

> ထိုပြည်တွင်နေသော သူတယောက်သည်။ မိမိသားကို ဆရာရဟန်းအား အပ်၍ ငယ်က ရှင်ရဟန်း ပြုစေ၏။

....ဟု ဆိုသည်။ ကျန် ရာဇဝင် နှစ်စောင်သည်လည်း အလားတူပင် ရေးသားကြ၏။ သို့သော် **ရာဇဝင်ကြီး**က 'သား'ဟု သာမည ရေးသည်ကို **ရာဇဝင်သစ်** (စာမျက်နှာ ၃၆)က 'သားငယ်'ဟု အရွယ်ကို ထင်ရှားစေရန် ဖော်ပြသည်။ ငယ်ရွယ်စဉ်၌ ရဟန်း မပြုနိုင်၊ သာမဏေသာ ပြုနိုင်သည် ဖြစ်သောကြောင့် **မှန်နန်း** (စာမျက်နှာ ၂၀၁)က 'ရှင်ရဟန်းနေရာတွင် 'သာမဏေ' ဟု ပြင်ရေး၏။ ထို့နောက် **ရာဇဝင်ကြီး**က ဆက်လက်၍....

> ဆရာလည်း သနားတော်မူသည်ဖြစ်၍ ပိဋကတ် ဗေဒင်တို့ကိုလည်း တတ်အောင် သင်ပေ၏။ ထိုသာမဏေလည်း ဆရာအား သိမ်မွေ့စွာ လုပ်ကျွေးမွေးမြူ၏။

....ဟု ဆိုပြန်သည်။ **ရာဇဝင်သစ်**က ယင်းသည်ကို....

> ဆရာလည်း ချစ်မြတ်နိုးသည်ဖြစ်၍ ပိဋကတ်ဗေဒင် ရာဇဝင် ပုံပြင်တို့ကို တတ်အောင် သင်ပေ၏။

....ဟု ပြင်၍ ရေးသားသည်။

ဆရာတော်၏ ထူးဆန်းသော ကြက်ဖအကြောင်းကို ဆိုကြရာ၌ **ရာဇဝင်ကြီး**သည်....

> တရံရောအခါက ဆရာမွေးသော ကြက်ဖသည် အခါခပ်သိမ်း တွန်တွန်သမျှ ငါဦးခေါင်းကိုစား။ တေပါးမင်း ဖြစ်လတံ့ ဟူ၍သာ တွန်စမြဲ ပြု၏။ ဆရာလည်း၊ သင်းတိရစ္ဆာန်ဖြစ်လျက် ဤသို့သော အခြင်းအရာကို တွန်သည်ဟူ၍ နှလုံးထားပြီးသော် ရှင်သူငယ်ကို ခေါ်၍ ဤသို့ဆို၏။ မောင်ရှင်ငယ်။ ဤကြက်ဖသည် အထူးထူးသော အခြင်းအရာတို့ကို

တွန်သည် ဖြစ်သောကြောင့် ဤကြက်ဖကို ချက်ပြုတ်၍ ငါ့ကိုကပ်ဘိသောဟု မိန့်တော်မူ၏။

....ဟူ၍ ဖော်ပြသည်။ တွင်းသင်းမင်းကြီး ရေးသားပုံမှာ အဓိပ္ပာယ် တူသော်လည်း၊ အသုံးအနှုန်း ကွဲပြား၏။

အခါတပါး ဆရာမွေးစားသော ကြက်တခုသည် ငါ့ဥကွောင်းကို စားသော် တပါးမင်း ဖြစ်လတ္တံ့ဟု တွန်စမှတ် ပြု၏။ ဆရာလည်း ချင်းသည် တိရစ္ဆာန်ဖြစ်လျက် မဘွန်ရာသော အခြင်းအရာကို တွန်ဘိသည်တုံ၊ မောင်ရှင် ဤကြက်ကို ပွံ့သကူ ပြုဘိလောဟု ဆို၏။

**မှန်နန်း**ကမူ **ရာဇဝင်ကြီး** အဆိုအတိုင်း ရေးသားသည်။ ထို့နောက် **ရာဇဝင်ကြီး**သည် ဆက်လက်၍ (စာမျက်နှာ ၁၃၁-၂)

မောင်ရှင်ငယ် လည်း၊ ဆရာ ဆိုတိုင်း ချက်ပြုတ်လေ၏။ ထိုသို့ ချက်ပြုတ်ပြီးသော အခါ။ ကြက်ကို အိုးက ဆယ်ရာတွင်။ ကြက်ဦးခေါင်းပြုတ်၍ စဖို၌ ကျလေ၏။ ရှင်သူငယ်လည်း မသန့်ပြီဟူ၍။ ကြက်ခေါင်းကို ဆေးကြော၍ စားလေ၏။ ဆရာလည်း ကြက်ခေါင်းမပါ၍ မေးလေသော်။ ဆယ်ရာတွင် ကျလေ၍။ မသန့်သောကြောင့် မထည့်ဘဲး ကျွန်ုပ် စားပေသည်ဟုဆိုလျှင်။ ဆရာလည်း ချင်းတိရစ္ဆာန် တွန်သည် မှန်မမှန်ကို သည်တွင် သိရစေတော့မည်ဟူ၍ မောင်ရှင်ငယ်ကို အထူးထူးသော ဓမ္မဝတ် လောကဝတ် ရာဇဝတ်တို့ကို တတ်အောင် သွန်သင်ပြီးမှ။ လူပြုစေ၍ အမတ်စစ်သူကြီး၌ အပ်လေ၏။

....ဟု ရေးသားသည်။ **ရာဇဝင်သစ်နှင့်မှန်နန်း**တို့ကလည်း ယင်းကဲ့သို့ပင် ဆိုမိန့်ကြ၏။

တဖန် ဆက်လက်၍....

စစ်သူကြီးလည်း ထိုသူငယ်ကို ယားပြုလေ၏။ ထိုသူငယ်လည်း အရောင်အဆင်း ဘုန်းပညာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသောသူ ဖြစ်၍။ ထိုသူငယ်နှင့် ဖိုက်တန်သော တန်ဆာတို့ကို ဆင်ပေ၏။ သွားလေရာရာ ခေါ်၍ မပြတ်သွား၏။ တရံရောအခါ မင်း၏ နန်းတော်သို့ ခေါ်၍သွားလေ၏။ မင်းကြီးလည်း ထိုသူ၏ အမူအကျင့် ကျစ်လစ်၍။ မင်းခွင့်စိုးရာနှင့် ပြည့်စုံသည်ကို မြင်တော်မူလေသော်။ အလွန် နှစ်သက်တော် မူသည် ဖြစ်၍။ သားတော် မရှိသည်နှင့် အမတ်ကို တောင်း၍ သားပြုတော်မူလေ၏။ ထိုအမတ်ကြီးကိုလည်း အထိန်းအချီအဖြစ် ပ,ပ,စေ၏။

....ဟူ၍ **ရာဇဝင်ကြီး**က ဆိုမိန့်ပေသည်။ ဤအကြောင်း ရေးသားရာတွင် **ရာဇဝင်သစ်**က ရှေးပြုဘူးသော ကံနှင့် စပ်လျဉ်း၍လည်း ဖော်ပြသည်။

အခါတပါး နန်းတော်သို့ ခေါ်သွားရာတွင် ရှေးပြုဘူးသော ကုသိုလ်ကံအကျိုး စက်ရောက်၍ မင်းကြီး မြင်လေသော် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ သားတော် မရှိသည်နှင့် အမတ်ကြီးကို တောင်း၍ သားပြုတော်မူလေ၏။ (စာမျက်နှာ ၃၇)

ဤတွင် အရေးအသားနှင့် စပ်လျဉ်း၍ 'အမတ်ကိုတောင်း၍' အမတ်ကြီးကိုတောင်း၍' ဟူသော အသုံးအနှုန်းများကို သတိပြုသင့်သည်။ ယခုခေတ်တွင်'အမတ်ကိုတောင်း၍ သားပြုတော်မူလေ၏'ဟု ရေးသားလျှင် အမတ်ကို တဦးတယောက်ထံမှ တောင်းယူ၍ သားပြုလုပ်သည် ဟူသော အဓိပ္ပာယ် သက်ရောက်ပေမည်။ သို့သော် ဦးကုလားနှင့် တွင်းသင်းမင်းကြီးတို့ ခေတ်ကမူ အမတ်ထံမှ တောင်း၍ သားပြုသည် ဟူသော အဓိပ္ပာယ်နှင့် ရေးသားခြင်း ဖြစ်သည်။ ၎င်းတို့ သုံးနှုန်းသည့် 'ကို'မှာ ယခုခေတ်သုံး 'ထံမှ'နှင့် ညီမျှပေသည်။ ထို့ပြင် ရာဇဝင်ကြီး၏ 'မင်းခွင့်စိုးရာ' မှာလည်း မှတ်သားဖွယ်ကောင်းသော အသုံးအနှုန်းတခု ဖြစ်၏။

တေပါး၏ အမှုအကျင့်ကို ဖော်ပြရာ၌ ရာဇဝင်သုံးဆောင်တို့ ညီညွတ်ကြသည်။

> ထိုသူငယ်လည်း မင်းတကာတို့ ကျင့်စရာသော တရားမှ လည်းကောင်း၊ ပြည်ထဲးအရေး၌ ကွပ်ညှပ် စီရင်သော အမှုမှလည်းကောင်း၊ အလွန်လျှင် တတ်လိမ္မာစွာ၏။ ခမည်းဘော် မင်းကြီးကိုလည်း။ အလွန်ခယရိုသေစွာ လုပ်ကျွေး မွေးမြူ၏။ တရားအရာ၌လည်း စိစစ်မေးမြူ ဆင်ခြင်ခြင်းနှင့် ပြည့်စုံ၏။ မင်းစသော အမတ်ဗိုလ်ပါ။ ပြည်သူ ရဟန်းတို့သည်လည်း။ လွန်စွာချစ်နှစ်လိုကုန်၏။ **ရာဇဝင်ကြီး** ၁၃၂၊ **ရာဇဝင်သစ်** ၃၇၊ **မှန်နန်း** ၂၀၂)

ဤတွင် ဦးကုလားနှင့် မဟာစည်သူတို့ သုံးစွဲသည့် 'စိစစ်မေးမြူ'မှ'မေးမြူ'ကို ယခုအခါ မသုံးစွဲတော့ပြီဟု ဆိုရချေမည်။ ယင်းအစား 'မေးမြန်း'ကို သုံးနှုန်းသည်က များ၏။ **မှန်နန်း** ပုံနှိပ်မှုတွင်'မေးမြူ' အစား'မွေးမြူ'ဖြစ်နေသည်။

မင်းနှင့် ပြည်သူ 'တေပါး' ကို ကြည်ဖြူကြသည် ဖြစ်ရကား မင်းကြီးသည် ၎င်းအား နန်းလျှာထားသည်။ **ရာဇဝင်ကြီး** ၁။စာမျက်နှာ ၁၃၂) **ရာဇဝင်သစ်**က ယင်း အဆိုအမိန့်ကို ဖြည့်စွက်လျက်....

> မင်းကြီးလည်း ထိုသူအား အရွယ်သို့ ရောက် သော်၊ သမီး တော် နှင့် ပေး ၍ နန်းလျှာထားတော်မူ၏။

....ဟု ဆိုသည်။ **မှန်နန်း**မှာ ဦးကုလား အဆိုကို နှစ်သက်သောကြောင့်။

> ထိုသူအား နန်းလျှာထား၏။ တပါးသော ရာဇဝင်တို့နှိုက်၊ သမီးတော်နှင့် စုံဘက်သည် ဟု ဆိုသည်။

....ဟူ၍ ရေးသားသည်။ (စာမျက်နှာ ၂၀၂)

**ရာဇဝင်ကြီး**နှင့် **မှန်နန်း**တို့က 'တေပါး' ၁၅-နှစ် အရွယ်ရောက်သောအခါ ခမည်းဘော် မင်းကြီးလွန်၍ အရိုက်အရာတော်ကို ဆက်ခံရသည်ဟု ဆိုကြသည်။ **ရာဇဝင်သစ်**ကမူ ၁၆-နှစ်ဟု ဆိုမိန့်၏။ ထိုမင်း၏ အရည်အချင်းတို့ကို ဖော်ညွှန်းရာ၌ ရာဇဝင်သုံးဆောင် တူညီကြသည်ဖြစ်၍ **ရာဇဝင်သစ်**မှသာ ထုတ်နှုတ်တင်ပြပါမည်။

> ရတနာသုံးပါး၌ ရိုသေ၏။ ပညာရှိ ရဟန်းပုဏ္ဏားတို့နှင့် ပေါင်းဘက်၍ သီလသတင်းမပြတ် ဆောက်တည်တော်မူ၏။
>
> မင်းတို့ကျင့်ရသော တရားဆယ်ပါး သင်္ဂဟလေးပါးနှင့် ပြည့်စုံတော်မူ၏၊ ပြည်သူလူတကာတို့ကို ဝမ်းထွက်သားကဲ့သို့ သနားကြင်နာ လေးမြတ်တော်မူ၏။ ရဟန္တာမြတ်ငါးရာကိုလည်း ဆရာပြု၍ ပစ္စည်းလေးပါး မပြတ် ထောက်ပံ့တော်မူ၏၊ သဒ္ဓါသီလ သုတ စာဂ ဟိရိဩတ္တပ္ပ ပညာ တည်းဟူသော သူတော်တရား ခုနှစ်ပါးနှင့် ပြည့်စုံတော်မူ၏။

ထို့နောက် **ရာဇဝင်ကြီး**က ထိုမင်း လက်ထက် ရတနာမိုး နှစ်ကြိမ်ရွာကြောင်းဆို၍ **ရာဇဝင်သစ်** နှင့် **မှန်နန်း** တို့က ခုနှစ်ကြိမ်ရွာကြောင်း ဆိုကြ၏။

မင်းကြီး၏ ကောင်းမှုတော် ရတနာပုထိုးကြီးနှင့် စပ်လျဉ်း၍ **ရာဇဝင်ကြီး**၌....

> ရတနာပုထိုးကြီး ဘုရားကိုလည်း။ သိကြားကြပ်မ၍ တည်တော်မူ၏။ ထိုဘုရားကြီးပြီး၍ သာဓုခေါ်သောအခါ။ မြေကြီးလှုပ်၏။

....ဟူ၍ အကျဉ်းမျှ ဖော်ပြသည်။ **မှန်နန်း**ကလည်း ယင်းအတိုင်းပင် ရေးသား၏။ **ရာဇဝင်သစ်**ကမူ ဤပုထိုးအကြောင်း ကျယ်ကျယ်ပြန့်ပြန့်ဆို၍ နဝဒေးကြီး၏ ရတုမှလည်း ထုတ်နှုတ် ကိုးကားသည်။

> သရေခေတ္တရာပြည်ကြီးနှင့် ယခု ပြည်မြို့ အလယ်အကြား၌ သာမဏေဖြစ်စဉ် ကြက်ဥကျွောင်းကိုစားရာ ကျောင်းရပ်တွင် ရတနာ ပုထိုးကြီးဘုရားကို သိကြားကြပ်မ၍ တည်

တော်မူ၏။ မင်းတို့ သဒ္ဒါခြင်းကို စမ်းလိုသောကြောင့် သုံးကြိမ်တိုင်အောင် သကြားမင်း မြေ၌ ကွယ်မြုပ်ထားသော်လည်း သဒ္ဒါမပျက်ကြိုး၍ တည်တော်မူ၏။ သရမာဟူသော အမည်ကို သမုတ်တော်မူ၍ သာဓုခေါ်သောအခါ မြေကြီး ၄ လျှင် ပြင်းစွာ လှုပ်၏။ သည်ကိုရည်၍....

ရွှေပြည်နှစ်ခွင်၊ လည်ချက်တွင်၌၊ ဥကင်
ကိုထောက်၊ စိုး သည် နှောက် ဝယ်၊
ဘုန်းတောက် လျှံဝင်း၊ တေပါး မင်းလျှင်၊
သန့်ရှင်းစိတ်ကြည်၊ ကုသိုလ်ရည်၍၊ ကိုးမည်
နှင်နှင်၊ သုံးကြိမ်ဝင်တည်း၊ ပြီးလျှင်မြုပ်လျက်၊
သိကြားဖွက်လည်း၊ တဆက်တိုးမည်၊ ကြိုး၍
တည်သား၊ နိုင်ရည်ပင်ကို၊ လွှန်ခဲပြီ၏။
မြင့်မိုရ်လောက်၊ ရွှေတောင်ပေါက်သို့ ဟူ၍
လည်းကောင်း၊ တတိယပိုက်၌....

ထိလုမိုးဆီ၊ တိမ်ခိုးမှီမျှ၊ စေတီမည်သာ၊
သရမာ....

....ဟူ၍လည်းကောင်း၊ မင်း နဝဒေးစပ်ဆိုသည်။ထိုပုဆိုးကို ကြက်ခေါင်းစားရာ အရပ်တွင်တည်သည်ဖြစ်၍ ကြက်ခေါင်းစား ဟူ၍လည်း ခေါ် ဝေါ် ကြ ၏။ (စာ မျက် နှာ ၃၇-၈)

ထို့နောက် ရာဇဝင် သုံးစောင်တို့တွင် ဘေပါးမင်းမှာ ဒွတ္တပေါင်ခင်းရိုး မဟုတ်ကြောင်းကို ဆိုကြသည်။

ထိုမင်းကား ဒွတ္တပေါင်မင်းမျိုး မဟုတ်
သောကြောင့် တပါးမင်းဟု နောင်မှတွင်၏။

....ဟု ရာ ဇ ဝင် သစ်က ရေး သား သည်။ ရာဇဝင်ကြီးက ဆက်လက်၍ တေပါးမင်းသည် အိမ်နိမ့် ၁၅ နှစ်၊ သက်တော် ၆၆-နှစ်သော် အနိစ္စရောက်သည်။ အနိစ္စရောက်အံ့သော အခါ နေနှစ်စင်းထွက်သည်။ နံတော်အင်္ဂါသား ဖြစ်ကြောင်းဆို၏၊ တွင်းသင်းတိုက်ဝန် မဟာစည်သူ မင်း၏ အိမ်နိမ့်၊ စည်းစိမ် စသည်တို့မှာ မင်း၏ အထွေးပွတ္တိ အဆုံးတွင်မှ ရေးသား ရသည်ဟု ယူဆသောကြောင့် အိမ်နိမ့်၊ စည်းစိမ် စသည်များကို ဆက်လက် ဖော်ပြမည့် အကြောင်းအရာများ ပြီးဆုံးသည်တွင်မှ ရေးသားသည်။ ထိုအခါတွင်လည်း အိမ်နိမ့် ၁၆-နှစ်၊ စည်းစိမ် ၅၁-နှစ် သက်တော် ၆၇-နှစ်ဟု ပြဆို၏။ မှန်နန်းကမူ ရာဇဝင်ကြီးနှင့် ထပ်တူ ထပ်မျှ ဆိုသည်။

ရာဇဝင် သုံးစောင်တို့သည် ဆက်လက်၍ တေပါးမင်းနှင့် မင်းပြိုင်ဖြစ်သော သိန်းသိုကျွန်းရှင်ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်၌ ပိဋကတ်တို့ကို ပေထက် အက္ခရာတင်ကြောင်း ရေးသားကြ၏။ ဤတွင် ရာဇဝင်ကြီး (စာမျက်နှာ ၁၃၃) အဆိုကိုသာ တင်ပြပါမည်။

တေပါးမင်း နန်းတက်၍။ ၁၇-တဆဲ့
ခုနစ်နှစ် ရှိသော အခါ။ သိန်းယိုကျွန်းကို
မင်းပြုသော ဝဋ္ဋကာမဏိမင်း လက်ထက်။
သာသနာတော် ၄၅၀-လေးရာ့ ငါးဆယ်
တွင်။ ရဟန္တာမြတ်တို့သည် ဘုရားရှင်
မုက္ခပါဌ်တော် ပိဋကတ်သုံးပုံကို အရှည်နှုတ်
ကျက် မဆောင်နိုင်မည်ကို ရည်၍ပေသို့တင်
ပြီးမှ။ အထပ်တရာတည်း၍ ထားသတည်း။

ရာဇဝင်သစ်တွင် တေပါးမင်းကြီး ကမ်းရမ်ပြည်သို့ မဟာမုနိ ဘုရားရှင်ကို အဖူးအမြော်သွား၍ ဘူးရွက်မည်ိုးလမ်းကို သုတ်သင်ရှင်းလင်းကြောင်း ဆက်လက် ရေးသား၏။

အခါတပါး ကံရမ်းပြည်သို့ စစ်အင်္ဂါ
လေးပါးနှင့် ချီတော်မူ၍ မဟာမုနိ ဘုရား
ရှင်ကို ဘူးမြင်တော်မူသည်။ ခရီး နောက်
နောင် ရောက်ပေါက်လွယ် စေခြင်းငှာ
ဘူးရွက်မည်ိုးလမ်းကို ချစ်လဲတိုင်တိုင် သုတ်
သင်တော်မူ၍ ပြန်တော်မူခဲ့၏။

ဤအကြောင်းမှာ ရာဇဝင်ကြီးနှင့် မှန်နန်းတို့တွင် မပါချေ။ တဖန် ရာဇဝင်သစ်က ဆက်လက်၍ "ကောင်းမှုတော်ကား သရမာဟူသော ကြက်ခေါင်းစားရကို တည်တော်မူ၏။" ဟု ဖော်ပြသေးသည်။

[ဆက်ရန်]

ဒေါက်တာ ရီရီ

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှ အဆက်။]

**ပါဠိရန်မင်း**

ဤမင်းအကြောင်း ရေးသားရာ၌ **ရာဇဝင်ကြီး**နှင့် **ရာဇဝင်သစ်**တို့သည် သုံးနှုံးပုံ အနည်းငယ်ကွာခြားသည်မှအပ အကြောင်းအရာအားဖြင့် တူညီကြသောကြောင့် ဤတွင် **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၃) အဆိုကိုသာ တင်ပြပါမည်။

> သာသနာတော် သက္ကရာဇ် ၄၀၄- လေးရာ့ရှစ်ဆဲ့လေးခုသော်။ ငတပါး၊ သားတော် ပါဠိရန် မင်းဖြစ်တော်မူ၏။ အိမ်နိမ့် ၃၇- သုံးဆဲ့ခုနစ်။ စည်းစိမ် ၆၆- ခြောက်ဆဲ့ခြောက်။ သက်တော် ၁၀၃- တရာ့သုံးနှစ်သော် အနိစ္စ ရောက်တော်မူ၏။ အနိစ္စ ရောက်လိုသော် ကြာသပတေး ကြယ်လတွင် ချင်း၏။ နံတော်အင်္ဂါသားတည်း။
>
> ထိုမင်း နန်းတက်၍ နန်းတက် ၆-နှစ် ရှိသောအခါ။ မဇ္ဈိမဒေသတိုက်၌။ သာဂလပြည်တွင် မိလိန္ဒမင်းနှင့် ရှင်နာဂသိန်ကြီးစွာသော အမေးပုစ္ဆာတို့ကို မေး၍၊ ဖြေတင်တော်မူသောနှစ်တည်း။ ထိုအခါ ဘုရားရှင်တပည့် သားတော်ဖြစ်သော ရဟန္တာမြတ် ကုဋ္ဌေတသောင်း ရှိသောဟူ၏။

**ရာဇဝင်သစ်** (စာမျက်နှာ ၃၀-၉) တွင် ဤအဆိုနှင့် ကွဲလွဲသည့် အချက်ငယ်နှစ်ချက်ရှိသည်။ ပထမအချက်မှာ အိမ်နိမ့် ၃၀၊ စည်းစိမ် ၆၆၊ သက်တော် ၉၆ ဖြစ်၍ ဒုတိယအချက်မှာ ရဟန္တာ ကုဋ္ဌေတထောင်ဟု ဖော်ပြခြင်းတို့ဖြစ်သည်။

**ရန်မုက္ခမင်း**

ရာဇဝင်သုံးစောင်တို့သည် ဤမင်းအကြောင်း ဆိုကြရာ၌ အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်နှင့် စပ်လျဉ်း၍ ကွာခြားသည်မှအပ အကြောင်းအရာအားဖြင့် တူညီကြသည်ဖြစ်၍ ဤတွင်....

> သာသနာတော်သက္ကရာဇ် (၅၅၀) ငါးရာ့ငါးဆယ်သော် သားတော် ရန်မုက္ခ မင်းဖြစ်တော်မူ၏။ ဗေဒင်သုံးပုံကို အပြီးတိုင်အောင် တတ်တော်မူ၏။ ပြည်သူလူရဟန်းတို့အား ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူ၏။ ဘုန်းတန်ခိုးအာနုဘော်ကြီး၏။ ငြိမ်ဆိမ်ဆေးလေးတည်ကြည်တော်မူ၏။ မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံတော်မူ၏။

အိမ်နိမ့် လေးဆယ်ခြောက်နှစ် + စည်းစိမ် တဆယ်ငါးနှစ် = သက်တော် ခြောက်ဆယ် တနှစ်သော် **အနိစ္စရောက်**တော်မူ၏။ ရောက် လိုသော် ဗုဒ္ဓဟူးဂြိုဟ် **ခုနစ်**လတိုင်အောင် နိယထုံပြု၏။ နံတော် စနေသားတည်း။

....ဟူသော **ရာဇဝင်သစ်** (စာမျက်နှာ ၃၉) အဆိုကိုသာ ထုတ်နုတ်ပြသပါသည်။

အိမ်နိမ့်၊ စည်းစိမ်နှင့် **သက်တော်**ကွာခြားပုံ။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၃၅ | ၁၅ | ၅၀ |
| **ရာဇဝင်သစ်** | ၄၆ | ၁၅ | ၆၁ |
| **မှန်နန်း** | ၆၇ | ၁၅ | ၈၂ |

**ရန်သိဃ်မင်း**

ဤမင်းအကြောင်း စီကုံးရာ၌ အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်နှင့် ပတ်သက်၍ ကွဲလွဲသည်မှ အပ အကြောင်းအရာအားဖြင့်ရာဇဝင်သုံးစောင် တို့ တူညီကြသည်။ ထို့ကြောင့်....

သာသနာတော် သက္ကရာဇ် (၅၆၅) ငါးရာ့ခြောက်ဆယ်ငါးခုနှသော် သားတော် ရန်သိဃ် မင်းဖြစ်တော်မူ၏။ ထိုမင်းကား အသားမည်း၏။ မျက်လုံးနီ၏။ မျက်ထောင့် နီ၏။ သူ့မယားကို မျက်မုန်းကျိုးတတ်၏။ ရက်ရော ကြမ်းကြုတ်၏။ သူ့အသက်ကို မနှမြော၊ အမှူးအမတ် ပြည်သူလူတကာ အပေါင်းတို့လည်း ကြောက်ရွံ့ခြင်းပြင်းသည် ဖြစ်၍ မကောင်းသောဆုကို ယူကုန်၏။ ထိုမင်း လက်ထက် မိုးခေါင်၍ ပြည်သူတို့ ငတ်မွတ် ကုန်၏။ ဘုရားသခင် သာသနာတော်ကို လည်း မချီးမြှောက်၊ အိမ်နိမ့်လေးဆယ်ငါး နှစ်+ စည်းစိမ်သုံးနှစ်= သက်တော်လေးဆယ် ရှစ်နှစ်သော် **အနိစ္စရောက်**တော်မူ၏။ ရောက် လိုသော် အရပ်လေးမျက်နှာ ကိတ်ထွက်၏။ နံတော် တနင်္ဂနွေတည်း။

....ဟူသော **ရာဇဝင်သစ်** (စာမျက်နှာ ၃၉) အဆိုကိုသာ တင်ပြပါသည်။

**ရာဇဝင်ကြီး**နှင့် **ရာဇဝင်သစ်** တို့တွင် 'မျက်ထောင့်နီ၏'ဟု လာသည်ကို **မှန်နန်း**တွင် 'မျက်တောင်လည်း နီ၏'ဟု ပါရှိသည်။ 'အရပ် လေးမျက်နှာ ကိတ်ထွက်သည်'ဟု **ရာဇဝင်သစ်** နှင့် **မှန်နန်း**တို့တွင် ဆိုသည်ကို **ရာဇဝင်ကြီး** တွင် 'အရိပ်လေးမျက်နှာ ထွက်၏'ဟု ရေးသည်။ 'ကိတ်ထွက်သည်' ဟူသည်မှာ အရောင်တောက် ခြင်းကို ဆိုသည်ဟု **ရာဇဝင်သစ်** တည်းဖြတ်သူ က အောက်ခြေတွင် ရှင်းပြသည်။

အိမ်နိမ့်၊ စည်းစိမ်နှင့် သက်တော်ကွဲလွဲပုံ။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၃၀ | ၃ | ၃၃ |
| **ရာဇဝင်သစ်** | ၄၅ | ၃ | ၄၈ |
| **မှန်နန်း** | ၆၅ | ၃ | ၆၈ |

**ရန်မုဋ္ဌလိန္ဒမင်း**

ရန်မုဋ္ဌလိန္ဒမင်းအကြောင်း ဖွဲ့နွဲ့ရာ၌ အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်တို့ကို ကွဲပြားစွာ ဆိုသည်မှ အပ၊ ရာဇဝင်သုံးစောင်တို့မှာ အကြောင်းအရာ ကို အညီအညွတ် ရေးသားကြသည်။ ဤတွင် **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၄)၏ အဆို အမိန့်ကို တင်ပြပါမည်။

သာသနာတော်သက္ကရာဇ် ၅၆၈-ငါးရာ့ ခြောက်ဆဲ့ရှစ်ခုသော်ထိုမင်းသားတော် ရန်မုဋ္ဌ လိန္ဒ မင်းဖြစ်တော်မူ၏။ ထိုမင်းကား သီလ သမာဓိပညာနှင့် ပြည့်စုံတော်မူ၏။ ရတနာ သုံးပါးသို့ မပြတ် ဆည်းကပ်၍ သာသနာ တော်ကိုလည်း ကောင်းစွာ ချီးမြှောက်ပေ ၏။ ပြည်သူလူရဟန်းအပေါင်းတို့အား ဝမ်း ထွက်သားကဲ့သို့ သနားကြင်နာတော်မူ၏။ သစ္စာစကား စောင့်တော်မူ၏။ အိမ်နိမ့် ၁၅- တဆဲ့ငါး။ စည်းစိမ် ၁၅- တဆဲ့ငါး။ သက်တော် ၃၀-သုံးဆယ်သော်အနိစ္စရောက် တော်မူ၏။ ရောက်လိုသော် လတာံခွန် ပြ၏။ နံတော် ကြာသပတေးသားတည်း။

ရာဇဝင်ကြီးက အနိစ္စရောက်အံ့သောအခါ 'လတံခွန်ပြ၏' ဆိုရာ၌ **ရာဇဝင်သစ်** (စာမျက်နှာ ၄၀)နှင့် **မှန်နန်း** (စာမျက်နှာ ၂၀၄) တို့က 'ကြယ်တံခွန်ပြ၏'ဟု ဆိုကြသည်။

အိမ်နိမ့်၊ စည်းစိမ်နှင့် သက်တော်ကွဲလွဲပုံ။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၅ | ၁၅ | ၃၀ |
| **ရာဇဝင်သစ်** | ၃၀ | ၁၅ | ၄၅ |
| **မှန်နန်း** | ၅၀ | ၁၅ | ၆၅ |

**ဘေရိန္ဒမင်း**

သာသနာတော်သက္ကရာဇ် ၅၀၃ ခုတွင် ရှန်မုဥ္စလိန္ဒညီတော် ဘေရိန္ဒ မင်းဖြစ်တော်မူကြောင်း၊ ထိုမင်းမှာ တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားသည်ဖြစ်၍ ဆေးဝါးမန္တရားဗေဒင်တို့ကို အပြီးတိုင် တတ်မြောက်ကြောင်း၊ အနိစ္စရောက်မည့်အခါ နေထွက်လျှင် မွန်းတည့်၍ မွန်းတည့်လျှင် နေဝင်သည့် နိမိတ် ပေါ်ထွန်းကြောင်း၊ စနေသား ဖြစ်ကြောင်းကို ရာဇဝင်သုံးစောင်တို့ အညီအညွတ် ဆိုမိန့်ကြ၏။ သို့သော် အိမ်နိမ့်စည်းစိမ် သက်တော်နှင့် စပ်လျဉ်း၍မူ ရေးသားပုံ ကွဲလွဲကြသည်။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၂၇ | ၁၅ | ၄၂ |
| **ရာဇဝင်သစ်** | ၄၂ | ၁၂ | ၅၄ |
| **မှန်နန်း** | ၆၃ | ၁၂ | ၇၅ |

**မုဥ္စလမင်း**

ရာဇဝင်သုံးစောင်တို့သည် သာသာသနာသက္ကရာဇ် ၅၈၃-ခုနှစ်တွင် ဘေရိန္ဒသားတော် မုဥ္စလမင်းဖြစ်ကြောင်း၊ အနိစ္စ ရောက်အံ့သောအခါ၊ နေထွက်လျှင် မွန်းတည့်ကြောင်း၊ နံတော်ဗုဒ္ဓဟူးသား ဖြစ်ကြောင်းကို တူညီစွာ ဆိုကြသည်။ သို့သော် အိမ်နိမ့်၊ သက်တော်တို့ကို ကွဲပြားစွာ မိန့်ဆိုကြ၏။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၂၀ | ၅ | ၃၃ |
| **ရာဇဝင်သစ်** | ၃၇ | ၅ | ၄၂ |
| **မှန်နန်း** | ၅၀ | ၅ | ၆၃ |

**ပုဏ္ဏမင်း**

ထိုမင်းသည် မုဥ္စလမင်း ညီတော်ဖြစ်၍ သာသနာတော်သက္ကရာဇ် ၆၀၀ ပြည့်တွင် နန်းတက်ကြောင်း၊ အနိစ္စရောက်အံ့သော် နေတော် ခုနစ်ရက်လည်းကြောင်း၊ သောကြာသား ဖြစ်ကြောင်း ရာဇဝင်သုံးစောင်လုံးက ဆိုကြသည်။ အိမ်နိမ့်၊ စည်းစိမ်၊သက်တော်တို့ကို ဖော်ပြရာ၌မူ မတူညီကြချေ။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၉ | ၃ | ၂၂ |
| **ရာဇဝင်သစ်** | ၂၅ | ၃ | ၂၀ |
| **မှန်နန်း** | ၄၃ | ၃ | ၄၆ |

**သာခမင်း**

သာခမင်းသည် ပုဏ္ဏမင်း၏ ညီတော်ဖြစ်၍ သာသနာတော်သက္ကရာဇ်၆၀၃-ခုတွင် နန်းတက်တော်မူလျက် အိမ်နိမ့် ၁၇ နှစ်၊ စည်းစိမ် ၃နှစ်၊ သက်တော် ၂၀ သော် အနိစ္စရောက်သည်။ အနိစ္စရောက်အံ့သောအခါ၊နန်းတော်၌ လင်းတ ၁၀ နားသည်။ နံတော်တနင်္လာသားဖြစ်သည်ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၅)က ဆိုသည်။ **ရာဇဝင်သစ်** (စာမျက်နှာ ၄၀)တွင် အတိတ်နိမိတ်နှင့် စပ်လျဉ်း၍ 'လင်းတနား၏'ဟု သာမန် ဖော်ပြသည်။ ရာဇဝင် သုံးစောင်တို့သည် အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်တို့နှင့် စပ်လျဉ်း၍ အဆိုအမိန့် ကွဲလွဲကြပြန်သည်။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၇ | ၃ | ၂၀ |
| **ရာဇဝင်သစ်** | ၂၇ | ၃ | ၃၀ |
| **မှန်နန်း** | ၄၄ | ၃ | ၄၇ |

**သာသီမင်း**

ဤမင်းအကြောင်းကို....

သာသနာတော်သက္ကရာဇ် ၆၀၆-ခြောက်ရာ့ခြောက်ခုသော်။ ထိုမင်းသားတော် သာသီမင်း ဖြစ်တော်မူ၏။ အသားလည်း နီ၏။ အမူအကျင့်လည်း မကောင်း။ ပြည်သူတို့ ချမ်းသာကိုလည်း မရှာ။ ရတနာသုံးပါးကိုလည်း မရှိသေ။ အိမ်နိမ့် ၁၇-တဆဲ့ခုနစ်။ စည်းစိမ် ၃ သုံးနှစ်။ သက်တော် ၂၀-နှစ်ဆယ်သော် အနိစ္စ ရောက်တော်မူ၏။ ရောက်လိုသော် မြို့ဝန်းကျင် ငလျင်လှုပ်၍ မြေကြီးအစိတ်စိတ် ကွဲး၏။ ရေလည်း ထွက်၏။ နေနှင့်လလည်း တလတည်းတွင် သရဖ္ဖု ကြတ်သွား၏။ နံတော်စနေသားတည်း။

....ဟူ၍ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၆) တွင် ဖော်ပြ၏။ **ရာဇဝင်သစ်** (စာမျက်နှာ ၄၁) က 'တလတည်းတွင်' အစား 'တရာသီတည်းတွင်'ဟု သုံးနှုံးသည်။ **မှန်နန်း** (စာမျက်နှာ ၂၀၅)၌ ဤမင်းကို 'သာသိ'ဟူ၍သာရေးသည်။ 'သရဖ္ဖုကြတ်' ဆိုသည်မှာ 'နေနှင့်လကိုအလုံးစုံ ကွယ်အောင် ကြတ်ခြင်း' ဖြစ်သည်ဟု **ရာဇဝင်ကြီး** တည်းသူက ရှင်းပြ၏။ သက်တော်နှင့် စပ်လျဉ်း၍ ရာဇဝင်သုံးစောင်တို့ အဆိုမတူကြချေ။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၇ | ၃ | ၂၀ |
| **ရာဇဝင်သစ်** | ၁၅ | ၃ | ၁၀ |
| **မှန်နန်း** | ၂၉ | ၃ | ၃၂ |

ဤမင်းသက်တော်နှင့် စပ်လျဉ်း၍ ရာဇဝင်သုံးစောင်တို့၏ အဆိုအမိန့်တို့ကို စိစစ်သင့်သည်။ **ရာဇဝင်ကြီး** အဆိုအရ သာသီမင်း၏ ခမည်းတော် သာခမင်းသည် အနိစ္စရောက်သောအခါ သက်တော် ၂၀ ရှိသည်ဖြစ်ရာ၊ ထိုအချိန်တွင် သားတော် သာသီ အသက် ၁၇ နှစ် ရှိသည် ဆိုခြင်းမှာ လုံးဝ မဖြစ်နိုင်ချေ။ **ရာဇဝင်သစ်** အဆိုကို ကြည့်ပြန်သော်၊ ခမည်းတော်နှင့် သားတော်တို့၏ အသက်မှာ ၁၂ နှစ်သာ ကွာခြားနေပြန်သည်။ **မှန်နန်း** အရဆိုလျှင်လည်း သာခမင်း သက်တော် ၁၅ နှစ်တွင် သားတော် သာသီမင်းကို ဖွားမြင်သည်ဟု ယူရချေမည်။

**ကန်နုမင်း**

ဤမင်းအမည်ကို **ရာဇဝင်ကြီး**က 'ကံနု' ဟူ၍ လည်းကောင်း၊ **ရာဇဝင်သစ်**တွင် 'ကန်နု' ဟူ၍ လည်းကောင်း၊ **မှန်နန်း**တွင် 'ကန္နု' ဟူ၍ လည်းကောင်း အသီးသီး ရေးသားကြ၏။ သာသနာတော်သက္ကရာဇ် ၆၀၉- ခုတွင် သာသီမင်းညီတော် ကန်နုမင်း နန်းတက်လျက်၊ အိမ်နိမ့် ၁၀၊ စည်းစိမ် ၁၊ သက်တော် ၁၁ နှစ်သော် အနိစ္စရောက်သည်။ ထိုအခါ ပုထိုးဘုရား ပြာဋ္ဌိဟာပြသည်။ နံတော်တနင်္ဂနွေသား ဖြစ်သည်ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၆)၌ သာမန် ဖော်ပြသည်။ ယင်းအဆိုတွင် ပြည်ထဲရေးကို သာယာအောင်မပြု၊ပြည်သူတို့ ချမ်းသာကိုလည်း မရှာ၊ မိုးရေရွား၍ ဇော်မွတ်၏။

....ဟူ၍ တွင်းသင်းမင်းကြီးက ဖြည့်စွက်ရေးသားသည်။ ရာဇဝင်သုံးစောင်၌ အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်တို့ကို ဆိုကြရာ၌ ကွဲလွဲကြ၏။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၀ | ၁ | ၁၁ |
| **ရာဇဝင်သစ်** | ၁၅ | ၁ | ၁၆ |
| **မှန်နန်း** | ၃၀ | ၁ | ၃၁ |

**ကန်တက်မင်း**

ဤမင်းကို **ရာဇဝင်ကြီး**၌ 'ကံတက်'ဟု ရေးသား၍ **ရာဇဝင်သစ်**နှင့် **မှန်နန်း**တို့က 'ကန်တက်'ဟု ရေးကြသည်။ ကန်နုမင်း အနိစ္စရောက်သော်၊ နောင်တော် ကန်တက် သာသနာတော်သက္ကရာဇ် ၆၁၀-ပြည့်တွင် နန်းတက်၍ စည်းစိမ်တော် ၃ နှစ် ရှိသောအခါ အနိစ္စရောက်တော်မူသည်။ 'ရောက်လိုသော် ကောင်းကင် အလုံး ညဥ့်ကဲ့သို့ မိုက်၏။ နံတော် တနင်္လာသားတည်း။'ဟူ၍ ရာဇဝင်သုံးစောင် အညီ

အညွှတ် ဆိုကြ၏။ သို့သော် သက်တော်ကို ဖော်ပြရာ၌ ကွဲပြား ကွဲလွဲကြသည်။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၈ | ၃ | ၂၁ |
| **ရာဇဝင်သစ်** | ၂၅ | ၃ | ၂၈ |
| **မှန်နန်း** | ၃၂ | ၃ | ၃၅ |

ယခုအခါ မိုက်မှောင်သည်ဟူ၍ သုံးနှုန်းမည့်နေရာတွင် 'မိုက်၏'ဟု သုံးစွဲသည်ကို သတိပြုသင့်သည်။

**ဘိင္ဂမင်း**

**ရာဇဝင်ကြီး** နှင့် **မှန်နန်း**တို့တွင် ဤမင်းအကြောင်းဆိုရာ၌နန်းတက် သက္ကရာဇ်၊ အိမ်နိမ့်၊ စည်းစိမ်၊ သက်တော်၊ အနိစ္စ ရောက်အံ့သော် ပေါ်ထွန်းသည့် နိမိတ်နှင့် နေ့နံတို့ကိုသာ ဖော်ပြကြသည်။ **ရာဇဝင်သစ်**တွင်မူ ထိုမင်း၏ အမူအကျင့်နှင့်ကမ်းရမ်ပြည်သို့စစ်ချီကြောင်းတို့လည်း ပါရှိပေရာ၊ ရာဇဝင်သုံးစောင်တွင် အစုံအလင်ဆုံး ဖြစ်၏။ ဘိင္ဂမင်းအကြောင်းကို....

သာသနာတော် သက္ကရာဇ် (၆၁၃) ခြောက်ရာ့ တဆယ့် သုံး ခု သော် ထိုမင်းနောင်တော် ဘိင္ဂမင်း ဖြစ်တော်မူ၏။ ငြိမ်သက် တည်ကြည်၏။ ရတနာ သုံးပါးကို ရိုသေ၏။ မူးမတ်ပြည်သူ လူတကာတို့ ချစ်ကြည်လေးမြတ်ကုန်၏။ အိမ်နိမ့် သုံးဆယ့်ငါးနှစ်+ စည်းစိမ်လေးနှစ် = သက်တော် သုံးဆယ့်ကိုးနှစ်သော် အနိစ္စ ရောက်တော်မူ၏။ ရောက်လိုသော် သောကြာကြယ်လတွင်ချင်း၏။ နံတော် တနင်းလာသားတည်း။

ထိုမင်းလက်ထက် ကံရမ်းပြည် မဟာမုနိဘုရားရှင်ကို ဆွမ်းသင်ပုတ်တင် လှူစိမ့်မည်ထားသော အမတ်ရာဇသူရိယကို ထိုပြည်သားတို့က နှင်ထုတ်၍ ခြေ ရင်း တော် သို့ ရောက်လာ၏။ အကြောင်းကို လျှောက်ကြားသော် စစ် သည် ဗိုလ် ပါ အ များနှင့် ဘုံးရွက်မည်သိုးလမ်းက ချီတော်မူ၍ မဟာမုနိဘုရားရှင်ထက် ဝန်းကျင်တပ်တည်၍ နေလေ၏။ ကံရမ်းမင်းလည်း အတင်းအကြပ်ခံ၍ တိုက်သောကြောင့် သုံးနှစ်တိုင်တိုင် ဝင်းရံလုပ်ကြသည်။ မရ၍ ပြန်ရချေ၏။ (စာမျက်နှာ ၄၁-၂)

....ဟူ၍ တွင်းသင်းမင်းကြီးက ရေးသားပေသည်။ ဘိင္ဂမင်း၏ အိမ်နိမ့် စသည်တို့ကို ဖော်ပြရာ၌ ရာဇဝင်သုံးစောင်တို့ မညီညွှတ်ကြချေ။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၂၁ | ၄ | ၂၅ |
| **ရာဇဝင်သစ်** | ၃၅ | ၄ | ၃၉ |
| **မှန်နန်း** | ၃၇ | ၄ | ၄၁ |

**သုမုန္ဒရီမင်း**

ဤမင်းအကြောင်း ရေးသားရာ၌ ရာဇဝင်သုံးစောင်တွင် **ရာဇဝင်သစ်**မှာ အစုံလင်ဆုံး ဖြစ်သည်။

သာသနာသက္ကရာဇ် (၆၁၇) ခြောက်ရာ့တဆယ်ခုနစ်ခုသော် သားတော် သုမုန္ဒရီမင်းဖြစ်တော်မူ၏။ ထိုမင်းကား အသားနီ၏။ အကျင့်လျစ်လျူရှိ၏။ မိုးကောင်း မကောင်း ထပ်မျှရှိ၏၊ အဝေးအနီး ထိုမှ ဤမှ မထွက်မသွား၊ ကံရမ်းပြည် သောင်းကျန်းသည်ကိုလည်းမဆိုလေ၊ အိမ်နိမ့်တဆယ့်ခြောက်နှစ်+ စည်းစိမ်ခုနစ်နှစ်= သက်တော် နှစ်ဆယ်သုံးနှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ကြာသပတေး ကြယ်တံခွန် ပြ၏။ နံတော် စနေသားတည်း။

....ဟူ၍တွင်းသင်းမင်းကြီးက (စာမျက်နှာ ၄၂) ဆိုမိန့်၏။ အိမ်နိမ့် စသည်တို့ကို ဆိုကြရာ၌ ရာဇဝင်တို့ ခြားနားကြပြန်သည်။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၁၇ | ၇ | ၂၄ |
| **ရာဇဝင်သစ်** | ၁၆ | ၇ | ၂၃ |
| **မှန်နန်း** | ၂၄ | ၇ | ၃၁ |

ဤသင်းသက်တော်နှင့် စပ်လျဉ်း၍ ရာဇဝင်ကြီး နှင့်ရာဇဝင်သစ်တို့ အဆိုများကို စိစစ်သင့်သည်။ ရာဇဝင်ကြီးက ဘိဇ္ဇမင်း အနိစ္စရောက်စဉ် သက်တော် ၂၅ နှစ်ရှိသည် ဆိုပြီး ဖြစ်လျက် သားတော် သုမုန္ဒရီနန်းတက်ချိန်တွင် သက်တော် ၁၇-နှစ်ရှိပြီဆိုခြင်းမှာ မဖြစ်နိုင်ချေ။ အဖနှင့် သား အသက် ၈ နှစ်သာ ကွာနေသည်။ ရာဇဝင်သစ် အဆိုတို့ကို တွက်စစ်လျှင်လည်း အဖေနှင့်သား အသက် ၁၃-နှစ်သာ ကွာနေပေသည်။

ထို့နောက် ရာဇဝင်သုံးစောင် တို့သည် သုမုန္ဒရီမင်းလက်ထက် သက္ကရာဇ်ဖြိုသည်နှင့် စပ်လျဉ်း၍ ဆိုမိန့်ကြသည်။ အကြောင်းအရာ တူကြသော်လည်း ရေးသားပုံ ကွဲပြားရာ ဤတွင် ရာဇဝင်တို့အဆိုကို တခုပြီးတခု တင်ပြသွားပါမည်။

ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသော နှစ်တွင်။ ရှင်မဟာကဿပ အမှူးရှိသော ၅၀၀ သော ရဟန္တာမြတ်တို့သည်။ အဇာတသတ်မင်းနှင့် တိုင်ပင်တော်မူ၍။ ၁၄၈-တရာ့လေးဆယ့်ရှစ်ခု သက္ကရာဇ်ကို ဖြိုသည်။ သာသနာတော်နှင့် အမျှရှိစေဟု တခုတည်၍ ထားသတည်း။ ထိုထားသော သက္ကရာဇ်မှ သည် သုမုန္ဒရီမင်းကြီးလွန်တော်မူသော နှစ် သက္ကရာဇ် ၆၂၄- ခြောက်ရာ့နှစ်ဆဲ့လေးခု ဖြစ်၏။ ထိုကိုဖြိုကိန်း ရောက်လတ်သော်။ ။ ပုဂံလောကနန္ဒာအရပ်ကား ကျောက်စကား ဟု တွင်၏။ ထိုအရပ်၌ သိကြားနတ်မင်းသည် မဟာလှကပုဏ္ဏားအယောင် ဆောင်၍ ၆၂၂- ခြောက်ရာ့ နှစ်ဆဲ့နှစ်ခုကို ဖြို၍ သက္ကရာဇ်တို ဒွေး ၂-ခုဟူ၍ ကျောက်ဖျာ ထက် သိကြားမင်း ရေးခဲ့၏။

....ဟု ရာဇဝင်ကြီး (စာမျက်နှာ ၁၃၇ ) တွင် လာသည်။

ယင်းအကြောင်းကိုပင်....

ဘုရားသခင် ပရိနိဗ္ဗာန် ယူတော်မူသော နှစ် ပဌမသင်္ဂါယနာတင်ပြီး အဇာတသတ်မင်းနှင့် အရှင်မဟာကဿပ သာသနာတော်နှင့် ကောဇာသက္ကရာဇ် တညီတည်း ဖြစ်စေလို၍ ဘုရားသခင် ဘိုးတော် ဇေယသေနမင်းကြီးလက်ထက် ဖြိုသော သက္ကရာဇ် တရာ့လေးဆယ်ရှစ်ခုကို ဒေါဒေါရသကိန်းဟု တခုတည်းထားသော သက္ကရာဇ် ခြောက်ရာ့နှစ်ဆယ့်လေးခုဖြစ်၍ ဖြိုကိန်း ရောက်လတ်သော် ဒွတ္တပေါင်မင်းကြီး လှံပျံကျရာ ပုဂံလောကနန္ဒာ ကျောက်စကား အရပ်တွင် သိကြားသည် နတ်မင်း ပုဏ္ဏားကြီးအယောင် ဆောင်၍ခြောက်ရာ့နှစ်ဆယ့်လေးခုကို ဖြိုမှ ခဆပဉ္စကိန်း သက္ကရာဇ်တို ဒွေးဟုကျောက်ဖျာထက်၌ ရေးထား၏။

[ဆက်ရန်]

ဒေါက်တာရီရီ

# မြန်မာရာဇဝင်သုံးစောင်နှင့် သရေခေတ္တရာမင်းဆက်

## ဒေါက်တာရီရီ

[ယခင်လမှအဆက်]

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၄၂)တွင် ဖော်ပြသည်။ တဖန်**မှန်နန်း**ကလည်း သက္ကရာဇ်ဖြိုသည့် ကိစ္စကိုပင်

ထိုမင်းလက်ထက် ဘုရားပရိနိဗ္ဗာန် ပြုတော်မူသောနှစ်တွင် ရှင်မဟာကဿပ အမှူးရှိသော ငါးရာသောရဟန္တာမြတ်တို့သည် အဇာတသတ်မင်းနှင့် တိုင်ပင်တော်မူ၍ တရာ့လေးဆဲ့ရှစ်ခု သက္ကရာဇ်ကို ဖြိုသဖြင့် သာသနာတော်နှင့် သက္ကရာဇ် အမျှရှိစေဟု တခုတည်း ပြု၍ထားသော သက္ကရာဇ်သည်။ သုမုန္ဒရီမင်းကြီး လွန်တော်မူသောနှစ်နှိုက် သက္ကရာဇ် ခြောက်ရာ့နှစ်ဆဲ့လေးခု ဖြစ်၏။ ထိုကို ဖြိုကိန်းရောက်လတ်သော်။ လောကနန္ဒာ ကျောက်စကားအရပ်၌ သိကြား နတ်မင်း ပုဏ္ဏားအယောင်ဖြင့်။ ဒေါဒေါရသ။ ခြောက်ရာ့နှစ်ဆဲ့နှစ်ကို ဖြို၍ အတိုသက္ကရာဇ်နှစ်။ဟု ကျော်ထက်ကွက် ပေးကဲ့၏။

....ဟု **မှန်နန်း**(စာမျက်နှာ ၂၀၆)တွင် တမျိုးတဖုံ ရေးသားပြန်သည်။

ထို့နောက် သက္ကရာဇ် ဖြိုကိန်းများနှင့် စပ်လျဉ်း၍ *indent* သီရိရာဇ်မင်း ဖြိုလေသည်ကား။ ကိန်းလက်လည်း မမြောက်။ ဖြိုကိန်းလည်း မသင့်သောကြောင့် သာ့သနာတော် အရေအတွက်သို့ မသွင်းသတည်း။

ဒေါဒေါရသကိန်းကား အရှည်။ ခစာပဉ္စကိန်းကား အတို ဖြစ်လေသတည်း။ ခဆပဉ္စကိန်း ဟူသည်ကား၊ ၅၆၀-တွင် ဖြိုလေသတည်း။ ဒေါဒေါရသကိန်း ဟူသည်ကား။ ၆၂၂-ခြောက်ရာ့နှစ်ဆဲ့နှစ်ခုကိန်းတွင် ဖြိုလေသတည်း။ သာသနာတော် သက္ကရာဇ်ဟူ၍ ရေးသည်ကား။ ယခင်ဆိုခဲ့ပြီးသည့်စကားအတိုင်း။ သာသနာတော်နှင့် သက္ကရာဇ်အညီဆင်းသက်သောကြောင့်။ သာသနာတော် သက္ကရာဇ်ဟု ရေးသတည်း။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၇-၈)၌ ရှင်းလင်းထား၏။

**ရာဇဝင်သစ်**က ယင်းအကြောင်းကို....

ထိုဖြိုသောနှစ်တွင်ပင် သုမုန္ဒရီမင်းကြီး အနိစ္စရောက်တော်မူ၏။

ခြောက်ရာ့နှစ်ဆယ်ခုကို ဒေါဒေါရသကိန်းဟု ဆိုသည်၊ ငါးရာခြောက်ဆယ်ကို ခဆပဉ္စကိန်းဟု ဆိုသည်။

....ဟူ၍ အကျဉ်းမျှ ဆိုမိန့်၏။ **မှန်နန်း** ကမူ **ရာဇဝင်ကြီး** နှင့် ထပ်တူထပ်မျှ ရေးသားသည်။

ဤ မင်း အကြောင်း နှင့် ပတ်သက်၍ **ရာဇဝင်ကြီး**တွင်....

သက္ကရာဇ်တို ၂-နှစ်ခုတွင် သုမုန္ဒရီမင်း သားတော် အတိတျာမင်း ဖြစ်တော်မူ၏။ ထိုမင်းကား အမူအကျင့် မကောင်း။

....ဟု အကျဉ်းမျှ ရေးသည်ကို....

ထိုသက္ကရာဇ်တို နှစ်ခုတွင် သားတော် အတိတျာ မင်းဖြစ်တော်မူ၏။ **အသားနီ**၏။ မျက် ဆန် နီ ၏။ အ နာ အ ဆာ လျား၏။ သူ့သမီး သူ့မယားကိုလည်း မျက်မုန်းကျိုး တတ်၏၊ သူ့အသက်ကိုလည်း မနှမြော၊ ရတနာ သုံးပါးကိုလည်း မရိုသေ၊ အမျိုး တကာတို့လည်း မကြည်ညို၊ ဟိရိဩတ္တပ္ပမရှိ၊ အပြုအဆူ ပြင်း၏။

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၄၂)က အကျယ်ဆိုသည်။

တဖန် မယ် တော် ကို ပစ် မှား သော ကြောင့် မျောက်ဖြစ်ရပုံကို

....**ရာဇဝင်ကြီး** (စာ မျက်နှာ ၁၃၈) က အောက်ပါအတိုင်း ဖော်ပြသည်။

မိခင်ကိုပင် ပစ်မှားမည်ဟု မယ်တော့် အိမ်သို့ သွားလေသော်။ မယ်တော်လည်း သရဏဂုံနှင့်တကွ ပဥ္စသီကို ဆောက်တည် လင့်၏။ သစ္စာမိဌာန်လည်း ပြု၏။ ငါ၏ သီလသည် မယွင်းသည်ဖြစ်မူကား ငါ့သား လာသောအခါ ငါ၏ကြက်သရေတိုက်သည် ပေါင်းချုပ်၏သို့ ဖြစ်စေသော ဟူ၍ မိဌာန် လျှင် ထိုကြက်သရေတိုက်သည် ပေါင်းချုပ်၏ သို့ ရှိလေ၏။ သားတော် မင်းကြီးလည်း ရှက်၍ သက်ပြန်ခဲ့၏။ ထိုသို့ သက်ခဲ့လျှင်ပင် ကိုယ်လုံး ယားယံ၍။ နန်းတော်တွင်းဝယ် လေးထောင့်ကန်၌ ရေချိုးမည်ဟူ၍သက်စဉ်။ မျောက်မွေး ကိုယ်လုံးရောက်၍ ပစ္စုပ္ပာန် မျက်မှောက် ထင် ထင် မျောက် ဖြစ် ဘိ ၏။ ပြည်သူတို့လည်း အုတ် ခဲ လှန်ကန်တို့ဖြင့် ပစ်၍ သေလေ၏။ နန်းတော်မှ ဆင်း၍ လိုက်လေ ၏။ ထို အရပ်ကို 'လောင်း သား ချောင်း' ဟူ၍ ယခုတိုင်အောင် တွင်၏။

**ရာဇဝင်ကြီး** အဆိုတွင် မရှင်းသည့်အရာ၊ ရှေးစကား နောက်စကား မညီသည့်အရာများ ပါသည်။ မင်းကြီးသည် မယ်တော့်အိမ်သို့ သွားကြောင်း ဆိုပြီးမှ မယ်တော်က သားတော် လာသောအခါ၊ ကျက်သရေတိုက်သည် ပေါင်းချုပ်၏ သို့ ဖြစ်စေသောဟု မိဌာန်ကြောင်း ဆိုသည်မှာ မရှင်းမလင်းဖြစ်သည်။ တဖန် မင်းကြီးသည် လေးထောင့်ကန်၌ ရေချိုးမည်သက်စဉ်၊ မျောက် ဖြစ်၍၊ ပြည်သူတို့လက်ချက်ဖြင့် သေသည်ဆိုပြီးမှ မျောက်ဖြစ်၍ ပြေးသည်ကို မယ်တော်က လိုက်ခေါ်သောအရပ်ကို လောင်းသားချောင်း တွင်ကြောင်း ဆိုပြန်သည်မှာ ရှေးစကား နောက်စကား မညီချေ။ ယင်းသို့ မပြေမလည် ရေးသားခဲ့သည်များကို တွင်းသင်းမင်းကြီးက ရှင်းလင်းပြတ်သားစေရန်....

အမိကို စင်လျက် တပ်မိ၍- "မိခင်- ထွက်သော တံခါးကို ဝင်ပြန်ကောင်းအံ့လော"ဟု ပရိယာယ်စကားဖြင့် မေးသည်ကို သဘောထင်မှတ်၍- "ချစ်သား- မင်းတို့ မည်သည် ထွက်ရာ တခြား ဝင်ရာ တခြား တံခါးအတိမှာ ရနိုင်တုံအံ့နည်း"ဟု ဆိုလျှင်- "ယင်းသို့တပြီးကား မယ်တော်ဆီကို ယနေ့ပင် ငါလာအံ့သည်" ဟု ဆိုလတ်သော် မယ်တော်လည်း– "ငါ့သားသည် မဆိုရာသောစကားဖြင့် ငါ့ကို ဆိုဘိသည်တကား" ဟု သရဏဂုံနှင့်တကွ ပဥ္စသီကို ဆောက်တည်လျက် "ငါ၏ သီလသည် အကယ်၍ မကျိုးမပေါက်သည် ဖြစ်အံ့၊ ငါ့သားလာသောအခါ ဤကျက်သရေတိုက်သည် ပေါင်းချုပ်ကဲ့သို့ ရှိသည် ဖြစ်စေသော"ဟု မိဌာန် သစ္စာပြုလျက်နေ၏။ မင်းလည်း နေသော အခါ တန်လတ်၍ မယ်တော် မိဖုရားအထံသို့ သွားလေသော် မယ်တော် သစ္စာမိဌာန် အားဖြင့် ကျက်သရေတိုက်တံခါး မရှိ ဖြစ်ဘိ

ရကား ရှက်အားမကျ ပြန်ခဲ့ရလျှင် ကိုယ် အလုံး ယားယံသဖြင့် ချောင်းငယ်တခုသို့ သွား၍ ရေချိုးစဉ် ကိုယ်လုံး အမွေးအတိ ရောက်၍ မျောက် ဖြစ်ဘိ၏။ လူများလည်း မင်းကြီး မျောက်ဖြစ်ခဲ့ပြီဟု အုတ်ခဲလှန်ကန် တို့ဖြင့် ပစ်ခတ်လျှင် ချောင်းတဖက်သို့ကူးလေ ၏။ မယ်တော်ကြားလျှင် သားတော်အထံသို့ သွား၍- "အလောင်းချစ်သား လာလှည့်" ခေါ်တော်မူ၏။ ထိုအရပ်ကို 'လောင်းသား ချောင်း'ဟု တွင်၏။ ယခုအခါ 'လောင်းသာ ချောင်း'ဟု ခေါ်ကြ၏။

အချို့သော ရာဇဝင်မှာ နန်းတော် ရေကန်တွင် ရေချိုးစဉ် မျောက်ဖြစ်၍ လူများ ခဲလှန်ကန်တို့ဖြင့် ပစ်ခတ်၍ သေလေသည်ဟု ဆိုသည်။

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၄၃)တွင် ကျယ်ကျယ်ပြန့်ပြန့် ဆိုမိန့်ခဲ့၏။

ဤအပိုဒ်တွင် တွင်းသင်းမင်းကြီးက 'တပ်ဖိ၍'၊ 'သဘော ထင်မှတ်၍'၊ 'အတိမှာ ရနိုင်တုံ့ အံ့နည်း'၊ ရှက်အားမကျ' စသဖြင့် သုံးနှုံးပုံတို့မှာ သတိပြုဖွယ် ဖြစ်၏။ **ရှက်အားမကျ**မှာ ရှက်လွန်း၍.... ရှက်အားကြီးသဖြင့် ဟူသော အဓိပ္ပာယ်ကိုဆောင်သည်။ လောင်းသာချောင်း နှင့် စပ်လျဉ်း၍ ဆိုမိန့်ကြသည်မှာ နေရာမည်မှတ် ဖြစ်ပေါ်မှုနှင့် စပ်ဆိုင်၏။

အတိတျာမင်း၏အိမ်နိမ့်၊စည်းစိမ်၊သက်တော် တို့ကိုဆိုရာ၌ **ရာဇဝင်ကြီး**က အိမ်နိမ့် ၁၉၊ စည်းစိမ် ၃၊ သက်တော် ၂၂-နှစ်ဟု ဆို၍ **ရာဇဝင်သစ်**နှင့် **မှန်နန်း**တို့က အိမ်နိမ့် ၁၅၊ စည်းစိမ် ၃၊ သက်တော် ၁၈ နှစ်ဟု ဆိုမိန့်ကြသည်။ **ရာဇဝင်ကြီး**သည် ခမည်းတော် သုမုန္ဒရီမင်းကြီး အနိစ္စရောက်ချိန်၌ သက်တော် ၂၄-နှစ်ရှိကြောင်း အထက်တွင် ဆိုပြီးဖြစ်၍ ယခု သားတော် အတိတျာ နန်းရချိန်တွင် သက်တော် ၁၉ နှစ်ရှိသည်ဆိုခြင်းမှာ သုမုန္ဒရီ သက်တော် ၅ နှစ်အရွယ်၌ သားတော် အတိတျာကို ဖွားမြင်သည် ဆိုရာ ရောက်၏။ **ရာဇဝင်သစ်** အဆိုကို ဆက်စပ်ကြည့်လျှင်လည်း သားနှင့်အဖ ၁၈-နှစ်သာ ကွာခြားနေသည်။

ဆက်လက်၍ **ရာဇဝင်ကြီး**က 'အနိစ္စရောက်တော်မူလိုသော်၊ သောကြာ ကြယ်တံခွန်ပြ၏' ဟု ဆိုလျက်၊ **ရာဇဝင်သစ်**ကမူ 'သက်တော် တဆယ်ရှစ်နှစ်သော် မယ်တော်ကို ပြစ်မှားချေ၍ မျောက်ဖြစ်လေ၏။ ဖြစ်လိုသော် သောကြာ ကြယ်တံခွန်ပြ၏။....'ဟု ဆိုသည်။ စနေသား ဖြစ်ကြောင်းကိုကား ရာဇဝင်သုံးစောင် အညီအညွတ် ဆိုကြ၏။ အတိတျာမင်း အကြောင်း ဖော်ပြရာ၌ **မှန်နန်း** (စာမျက်နှာ ၂၀၆-၂၀၇) သည် 'အတိကြွာ'ဟု ရေးသား၍ သက်တော်နှင့် စပ်လျဉ်းသည်များမှအပ **ရာဇဝင်ကြီး**အဆိုသို့ လိုက်သည်။

## သုပညာ နာဂရဆိန္နမင်း

ဤမင်းအကြောင်းကို ရာဇဝင်သုံးစောင်တွင် အတော်အတန် ရေးသားကြသည်။ တစောင်နှင့် တစောင် ကွဲပြားသည့် အရာများလည်း ရှိ၏။

ထိုမင်းမရှိလျှင် ထိုမင်းညီတော်နှင့် ထိုမင်းသားတော် နန်းလုကြ၏။ ထိုမင်းညီတော် သုပညာနဂရဆိန္နမင်း နိုင်၏။ သက္ကရာဇ်တို ၅- ငါးခုတွင် မင်းဖြစ်တော်မူ၏။

....ဟူ၍ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၃၉) က အစပျိုးလိုက်သည်။

အတိတျာမင်းသည် အနိစ္စ ရောက်ချိန်၌ သက်တော်၁၈-နှစ်သာရှိသေးသည်ဟု တွင်းသင်းမင်းကြီး လက်ခံထားပြီးဖြစ်ရာ၊ ထိုအချိန်၌ၡင်း၏ သားတော်မှာ လူမမယ် အရွယ်သာ ရှိမည်ဟု ဆက်လက်တွေးတောဟန် ရှိသည်။ ထို့ကြောင့် အတိတျာမင်း၏ သားတော်နှင့် ညီတော် စစ်ဖြစ်သည်ဟု **ရာဇဝင်ကြီး** က ရေးသည်ကို အနည်းငယ်ပြင်၍ မင်းသားငယ်၏ အထိန်းအယတို့နှင့် ဘထွေးတော် စစ်ဖြစ်ကြောင်းကို....

ထိုအခါ မင်းသားငယ်၏ အထိန်းအယ မှူးမတ်အပေါင်း ညီ၍ ညီတော် သုပညာ နာဂရဆိန္နနှင့် စစ်ဖြစ်ကြလေလျှင် သုပညာ

နာဂရဆိန္နမင်းနိုင်၍ သက္ကရာဇ်တိုငါးခုတွင်
မင်းဖြစ်တော်မူ၏။

....ဟု **ရာဇဝင်သစ်** (စာမျက်နှာ ၄၄)၌ ဆိုလေသည်။ **မှန်နန်း** (စာမျက်နှာ ၂၀၇)က တူဝရီး စစ်ဖြစ်သည်ကို လက်ခံသည်။ သို့သော် မင်း၏အမည်ရင်းမှာ **သုပညာ**ဖြစ်၍ 'ထိုမင်း လက်ထက် ပြည်ကြီးမင်းဆက်ပြတ်လေသည်ကို စွဲ၍ နှောင်းမှ နာဂရဆိန္န တွင်၏'ဟု ဆိုမိန့်ပြန်သည်။

**ရာဇဝင်ကြီး**က ထိုမင်း၏ အရည်အသွေးကို ဆက်လက် ဖော်ပြရာ၌....

အဆင်းအင်္ဂါလက္ခဏာကြီးငယ်နှင့် ပြည့်စုံတော်မူ၏။ သဒ္ဓါ။ သီလ။ သုတ။ စာဂ။ ဟိရီ။ ဩတ္တပ္ပ ပညာနှင့် ပြည့်စုံတော်မူ၏။ ပြည်သူလူရဟန်းတို့အားလည်း ရင်တော်၌ ဖြစ်သော သားကဲ့သို့ သနားကြင်နာတော်မူ၏။ သာသနာတော်၌လည်း ကောင်းစွာ ချီးမြှောက်တော်မူ၏။

....ဟု ဂုဏ်ပုဒ်တို့ကို ဖော်ပြသည်။ ယင်းသည်ကို တွင်းသင်းမင်းကြီးက ခြီ၍ဆို၏။ 'ရင်တော်၌ ဖြစ်သော သားကဲ့သို့' ဆိုသည်မှာ ယခင်က အကြိမ်ကြိမ်ရေးခဲ့သည့် 'ဝမ်းထွက်သားကဲ့သို့' ဟူသော အသုံးအနှုန်းနှင့် အဓိပ္ပာယ်တူ ဖြစ်၏။

ထို့နောက် ရာဇဝင် သုံးစောင် တို့ သည် မင်းကြီး ကမ်းယံပြည်သို့ စစ်အင်္ဂါလေးပါးနှင့် ချီတက်လုပ်ကြံကြ၍ အောင်မြင်သောအခါ အရိမေတ္တေယျဘုရားရှင် ရွှေဆင်းတုတော်ကို သုံးနှစ်တိုင်တိုင် ရှိခိုးပူဇော်နေသဖြင့် ဗိုလ်ပါတို့ နေပြည်တော်ကို ပြန်လိုကြသောကြောင့် ဘုရားရှင်ရုပ်တုတော်ကို ဖျက်ဆီးကြကြောင်းများကို ဆိုကြသည်။ အရေးအသားတွင် ကွဲပြားမှု ရှိကြသော်လည်း အကြောင်းအရာအားဖြင့် တူညီသည်ဖြစ်ရာ.... ဤတွင် ရာဇဝင်တစောင်၏ အဆိုအမိန့်ကိုသာ တင်ပြပါမည်။

ကံရမ်းပြည် သောင်းကျန်းလေသည်ကို လုပ်ကြံတော်မူမည်ဟု နဂါးရစ်တောင်ကို လှည့်၍ ချီတော်မူသည်။

အောင်မြင်တော်မူ၍ ထိုပြည်တွင် မင်္ဂိုမတိုက်သားတို့ လက်တောင်ဖြင့် ရှစ်ဆယ်ရှစ်တောင်ရှိသော ရွှေစင်အတိ သွန်းလုပ်သော မိတည်း ဘုရားသခင် ရုပ်တုတော်ကို တွေ့လေ၍ ဘုရားသခင်ကိုယ်တော်မြတ်ကို ဖူးတွေ့ရသကဲ့သို့ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ သုံးနှစ်တိုင်တိုင် မခွာရက်၊ နေ့ညမပြတ် ရှိခိုးဝတ်တက်တော်မူ၏။ မှူးတော်မတ်တော် အပေါင်းတို့သည်လည်း "ဆင်မြင်းဗိုလ်ပါ ညောင်းညာကြပြီ၊ နေပြည်တော်သို့ ပြန်တော်မူချိန်တန်ပြီ" ဟု လျှောက်ကြကုန်၏။ မင်းကြီးလည်း "ဤဘုရားရှင် ရုပ်တုတော်ကို ခွာ၍ ငါ မသွားရက်၊ ရတနာဖောင်တော်ကြီးစီရင်၍ ရုပ်တုတော်ကို တင်ပြီးသော်.... နဂါးရစ်တောင်ကို လှည့်၍ နေပြည်တော်သို့ ဆောင်ယူမည်" မိန့်တော်မူ၏။

မှူးမတ်တို့လည်း မဖြစ်နိုင်ရာသော အကြံကို ကြံဘိသည်၊ ငါတို့သားမယားကို မတွေ့ရပြီဟု ကြံကြပြီးလျှင် ဘုရားရှင် ရုပ်တုတော်အောက်၌ ဥမင်တူး၍ ရုပ်တုတော်လည်းသည်ကို မင်းကြီးမြင်တော်မူသော် "အဘယ်ကြောင့်လည်းဘိသနည်း"ဟု မေးတော်မူ၏။ မှူးမတ်တို့လည်း "ပရိနိဗ္ဗာန် ပြုတော်မူသည်"ဟု လျှောက်ကုန်၏။ မင်းကြီးလည်း နှလုံးမသာ၍ ခပ်မဆိတ်နေတော်မူ၏။မှူးမတ်တို့လည်းထင်းတယောက်တချောင်းစီ မီးသွေးတယောက်တဆုပ်စီ ထည့်၍ မိုကျင့်ထိုးလေသည်ကို- "အဘယ်ကြောင့် ဘုရားရှင်ကို မီးတိုက်ဘိသနည်း"ဟု မေးတော်မူ၍ "ပရိနိဗ္ဗာန်ဝင်သောကြောင့် နတ်တို့ သင်းဂြိုဟ်သည်" မှူးမတ်တို့ လျှောက်ကုန်လျှင်"မဟုတ်မရာသောစကားကို ဆိုရာသလော"ဟုနှလုံးတော်မသာ၍ ခပ်မဆိတ် နေတော်မူ၏။

မင်းကြီး အမျက်တော် ထွက်သည်ကို မှူးမတ်တို့သိ၍ အမျက်တော် ပြေစိမ့်သော ၄၁ ထက်ဝယ်တော် တတောင်ပြည့်ရှိသော

အဌဝိသ ရုပ် တု တော် နှစ် ကျိပ် ရှစ် ဆူ ရွှေစင်အတိသွန်း၍မင်းကြီးအားဆက်လေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း များစွာ ယူလေကုန်၏။

....ဟူ၍ **ရာဇဝင်သစ်** (စာမျက်နှာ ၄၄ ၅) တွင် လာရှိသည်။ **ရာဇဝင်ကြီး**၌ 'ရွှေလျက်' လည်း သွန်းလုပ်၍မင်းကြီးအားဆက်ကြကြောင်း ပါသည်။

ထို့နောက် ပြည်သူတို့သည် မသုံးစွဲအပ်သော ဘုရားရွှေကို သုံးစွဲကြသောကြောင့်သရေခေတ္တရာ ပြည်ကြီး မငြိမ်မသာရှိကြောင်း အညီအညွတ် ဆိုကြ၏။

ထိုဥစ္စာတို့ကို ပြည်သူတို့ သုံးစွဲသောအခါ သူမြတ် ၇ ယောက်တည်သော ပြည်မြတ်သည် စနောင်စနင် ရှိသည်ဖြစ်၍ လုစား ယက်စား ခိုးသားဓားပြ ထူထပ်သောအားဖြင့် ကွပ်ညှပ်၍ မနိုင်ရှိခဲ့၏။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၄၀)က ဖော်ပြသည်။ ရတနာသုံးပါးနှင့် စပ်ဆိုင်သည့် ပစ္စည်း စားသုံးသဖြင့် ပျက် စီး ရ ကြောင်း ကို ရာဇဝင်တို့သည့် တကြိမ်သာ ဆိုမိန့်ကြသည် မဟုတ်ပေ။ ယခင်ကလည်း ဆရာရဟန်းအား၊ မိ့ုသည် မ လှူသည့်မြေကို ဒွတ္တပေါင်မင်းကြီး သိမ်းယူမိသဖြင့် တန်ခိုးတော်တို့ ကွယ်ပျောက်၍ အဆုံးစွန်၌ပျက်စီးရကြောင်းကို ဆိုခဲ့ပြီးဖြစ်သည်။ ဤတွင် စနောင်စနင်၊ လုစားယက်စားနှင့် ကွပ်ညှပ်ဟုသော အသုံးအနှုန်းများမှာ မှတ်သားဖွယ် ကောင်းသည်။ ရာဇဝင်တို့၏ လက်သုံးစကားများ ဖြစ်သည်။ **စနောင်စနင်** ဆိုသည်မှာ တိုင်းပြည် မငြိမ်မသက်၊ မငြိမ်မဝပ်၊ မငြိမ်မသာ ဖြစ်သည်ကို ဆိုခြင်းဖြစ်သည်။ **လုစားယက်စား**မှာ အဓမ္မလုယူစားသုံးခြင်းကို ဆို၍ **ကွပ်ညှပ်**မှာ နှိပ်ကွပ်ခြင်းကို ဆိုသည်။

ဆက်လက်၍ လေပွေကြီးလာရာမှ သရေခေတ္တရာပြည် စတင်ပျက်စီးကြောင်းကို....

ထိုအခါ လေပွေကြီးလာ၍ စကောလွင့်လေသည်ကို စကောရှင် မိန်းမ သည်။ ငစကော ငစကောဟူ၍ လိုက်လေသည်ကို အစပြု၍ ငစကောစစ်သည်လာသည်ဟု ဟူ၍ တပြည်လုံး ထိတ်လန့်သောအားဖြင့်။ ထိုပြည်၌ နေကုန်သော သူတို့သည် ၃ စု ကွဲကုန်၏။

....ဟု **ရာဇဝင်ကြီး**၌ လာသည်။ စကောလွင့်သည်ကို ငစကော စစ်သည်လာသည် ထင်မှတ်သဖြင့် တိုင်းသူပြည်သားတို့ အထိတ်တလန့် ဖြစ်သည်ဆိုခြင်းမှာ စကား အဆက်အစပ် မရှိဖြစ်သည်။ ကနဦးကပင် ငစကောရန်ကို ကြောက်ရွံ့ပြီး ကျီးလန့် စာစား ဖြစ်နေကြမှသာလျှင် စကောလွင့်၍ စကောပိုင်ရှင်က ငစကော-ငစကော ဆိုကာလိုက် သည်ကို ငစကော စစ်သည် လာသောကြောင့် ပြေးသည်ဟု ပြည်သူတို့ ထင်ရာသည်။ **ရာဇဝင်ကြီး**၌ စကား အဆက်အစပ် လစ်ဟင်းသည်ကို **ရာဇဝင်သစ်** (စာမျက်နှာ ၄၅)က....

ထိုအခါ လေပွေကြီးလာ၍ စကောလွင့်လေသည်ကို စကောရှင်မိန်းမသည် ငါ့စကော ငါ့စကောဟု လိုက်လေသည်ကို အစပြု၍ သရေခေတ္တရာပြည်ကို ငစကောဖျက်၍ ပျက်လတံ့ ဟူ သော သိုက်နိမိတ် ရှိသည်နှင့် ငစကော စစ်လာသည် ဟု အမှတ် ရှိ၍ တပြည်လုံး ထိတ်လန့်သောအားဖြင့် သုံးစု ကွဲခဲ့၏။

....ဟု ဖြည့်စွက် ရေးသားသည်။ တွင်းသင်းမင်းကြီး ထည့်သွင်းရေးသားသည့် သိုက်နိမိတ်မှာ သတိပြုဖွယ်ဖြစ်၏။ သမိုင်းဖြစ်ရပ်၏ အရိပ်အမြွက် ဖြစ်နိုင် ပေ သည်။ မည်သို့ပင် ဖြစ် စေ ရာဇဝင်တို့၏ အဆိုအမိန့်များကို ထောက်လျှင် ထိုအခါက သရေခေတ္တရာပြည်၌ ငစကောစစ်သည်တို့၏ ခြိမ်းချောက်မှု အန္တရာယ်ရှိခဲ့သည်ဟု သမိုင်းဆရာတို့ ယူနိုင်အံ့ထင်သည်။

ထို့နောက် ရာဇဝင်သုံးစောင်တို့က ယင်း အချိန်တွင် မင်းကြီးသည် နာတော်မူ၍ အနိစ္စ ရောက်ကြောင်း၊ ရောက်အံ့သောအခါ လေပွေ လာရာ စကောလွင့်၍ ပြည်သူတို့ သုံးစုကွဲ ကြောင်း၊ မင်းကြီးသည် တနင်းလာသား ဖြစ် ကြောင်းတို့ကို အညီအညွတ် ဆိုကြ သည်။ သို့သော် အိမ်နိမ့်စည်းစိမ်နှင့် သက်တော်တို့ကို ဖော်ပြရာ၌ ကွဲလွဲကြပြန်၏။

| | အိမ်နိမ့် | စည်းစိမ် | သက်တော် |
|---|---|---|---|
| **ရာဇဝင်ကြီး** | ၂၉ | ၁၁ | ၄၀ |
| **ရာဇဝင်သစ်** | ၁၈ | ၁၁ | ၂၉ |
| **မှန်နန်း** | ၁၇ | ၁၁ | ၂၈ |

ဤမင်း အနိစ္စရောက်အံ့သော် ပေါ်ထွန်းသည့် နိမိတ်မှာ သတိထားဖွယ် ဖြစ်၏။ အခြားမင်း များ အနိစ္စရောက်အံ့သည်တွင် ထင်ရှားသည့် နိမိတ်တို့ကို နေနှစ်ခုထွက်၏၊ ကြာသပတေး ကြယ် လ,တွင်ချင်း၏၊ ကြယ်တံခွန်ပြ၏ စသဖြင့် အဆန်းတကြယ် ဖြစ်ရပ်များကို ဖော်ပြနိုင်ခဲ့ သော်လည်း ဤမင်းအတွက်မူ လေပွေလာရာ ဘွင် စကောလွင့်၍ ပြည်သူတို့ သုံးစုကွဲသည်ဟူ၍ သာ ဆိုနိုင်ကြ၏။

**ရာဇဝင်သစ်**တွင် ကျန်ရာဇဝင် နှစ်စောင်၌ မပါသည့် အကြောင်းအရာများ ပါရှိသည်။

ရွှေစင်အတိ သွန်းလုပ်သော ရုပ်တုတော် ကို **ရခိုင်ရာဇဝင်**တို့၌ အရိပ်အမြွက်မျှ မပြ မဆို၊ ငါ့တို့ **မြန်မာရာဇဝင်** အစောင် စောင်တို့၌ အညီအညွတ် လာသည်။

ဤတွင်ရွှေ့ကား ငတပါးမင်းမှ သည် သုပညာနဂဆိန္နမင်း တိုင်အောင် တဆယ် ခြောက်ဆက်သော ငတပါးမင်းမျိုးတည်း၊ ထို့ကြောင့် 'နောင်လာ မှတ်စေ' ချိမင်းစဉ် လက်ာတွင်....

ဒွတ္တပေါင်မျိုး၊ စဉ်ရိုးတလတ်၊ ကိုးဆက် မြတ်သော်၊ မင်းမြတ်တပါး၊ သား ပါပိရန်၊ ဆက်ပြန်ထိုမှ၊ ရန်မုက္ခနှင့်၊ ရန်သိဿမင်း၊ သတင်းဆူမှုန်၊ မုဥ္စလိန္ဒ၊ ဘောရိန္ဒတို့၊ မုဥ္စလ ထင်ရှား၊ သားမင်းပုဏ္ဏ၊ ညီသာခနှင့်၊ ထိုမှသာသီ၊ ညီကန်နုဆို၊ အစ်ကိုကန်တက်၊ လက် ဆက် ပြီး သော်၊ နောင် တော် ဘိ ဋ္ဌ၊ သာလှတသုန်၊ သုမုန္ဒရီ၊ ဆက်ညီစဥ်လာ၊ အတိဗျာက၊ သုပညာနဂရဆိန္န၊ ဤမျှရေ တွက်၊ ဆက်ခြောက်ဆက်ကား၊ တပါးမင်း မျိုး၊ ကျော်ဟိုးလျှံဝေ၊ စံဘူးလေသည်။ ။ သရေခေတ္တရာ စိုးတည်း။ ဟု စပ် ဆိုသည်။

....ဟု တွင်းသင်းမင်းကြီးက (စာမျက်နှာ ၄၅ တွင်) ဖြည့်စွက်ရေးသား၏။

## ပြည်သူတို့ အစုစုကွဲကြခြင်း

သရေခေတ္တရာပြည် ပျက်ရာတွင် ပြည်သူတို့ သုံးစုကွဲရာမှစ၍ အဆင့်ဆင့် ထပ်မံကွဲပြား ကြပြီး သမုဒ္ဒရာဇ်မင်း ယုန်လွှတ်ကျွန်း၌ မင်းမူ သည်အထိ ရာဇဝင်သုံးစောင်တို့သည် ဆက်လက် ရေးသားကြသည်။

သက္ကရာဇ် တို ၁၆- တဆဲ့ခြောက်ခုရေ၁် သောအခါ ၃- သုံးစုကွဲလေ၏။ ပျူတစု၊ ကမ်းယံတစု၊ မြန်မာတစု ဖြစ်သတည်း။

....ဟု **ရာဇဝင်ကြီး** (စာမျက်နှာ ၁၄၁) က လိုရင်းကို ရေးသည်။ **ရာဇဝင်သစ်** (စာမျက်နှာ ၄၆) ကမူ....

သက္ကရာဇ်တို တဆယ့်ခြောက်ခု ရောက် သောအခါ လေပွေလာ၍ စကောလွင့်သည် ကိုစကောစစ်လာသည်ဟုထင်မှတ်၍ပျူတစု ကံရမ်းတစု မြန်မာတစု သုံးစုကွဲကြ၏။

....ဟူ၍ နောက်ကြောင်းကို ဖော်၍ဆိုသည်။ ဆက်လက်၍ ပျူနှင့် ကမ်းယံ စစ်ပြိုင်သည့် အကြောင်းကို ဆိုကြရာ၌....

ထိုသို့ ၃-သုံးစုကွဲးရာတွင် ပြူနှင့် ကမ်းယံ စစ်ပြိုကြ၍၊ဗိုလ်ပါများရာနိုင်ကြစေဟူ၍စကား အမြဲဆိုကြပြီးမှ ဘုရား တဘက်တဆူစီတည်

ကြလေ၏။ ပြူတို့သည် သရေခေတ္တရာပြည် အနောက် ပုထိုးကို တည်ကြကုန်၏။ ကမ်းယံကား သရေခေတ္တရာပြည် မြောက်ပုထိုးကို တည်၏။ ပုထိုးပြီးခင် သသူနိုင်ရမည် စကားရှိသောကြောင့် ကမ်းယံတို့ အပြင်းလုပ်ကြ၍ ပြီးလှူလေသော်။ ပြူတို့ပညာဖြင့်ကြံ၍ ဝါးကို ပုထိုး အယောင်လုပ်၍ပြီးလျှင်။ ပုဆိုးများကို မံ၍ ထီးတင်လေ၏။ ကမ်းယံတို့ကမြင်သော် ငါတို့ ရှုံးချေပြီဟူ၍ ပြေးလေ၏။

....ဟု **ရာဇဝင်ကြီး**တွင် ဆိုမိန့်ဆိုသည်။ **ရာဇဝင်သစ်** နှင့် **မှန်နန်း** တို့သည်လည်း အလားတူ ရေးသားကြ၏။ **ရာဇဝင်ကြီး**တွင် ကတိသစ္စာထားကြသည်အစား သုံးနှုံးသည့် မြန်မာစကား စစ်စစ် **စကားအမြွ**ကို သတိပြုသင့်သည်။

တဖန် ပျူတို့အချင်းချင်း စစ်ဖြစ်သည်မှစ၍ ပျူတို့ ထပ်မံ အစုကွဲကာ ထိုမှသည် ပြောင်းရွှေ့နေထိုင်ရပုံကို....

ကမ်းယံတို့ပြေးပြီးသော် ပြူတို့အချင်းချင်း စစ်ဖြစ်ပြန်ကြ၍ ၃- စုကွဲးပြန်၏။ တစုကို ကြပင်သူတို့ ယူလေ၏။ တစုကို သက်တို့ ယူလေ၏။ တစုကား တောင်ညိုဟူသော အရပ်ကို တည်ထောင်၍ နေလေ၏။ ၃-သုံးနှစ်ရှိသောအခါ တလိုင်းတို့က တိုက်ပြန်လေသောကြောင့် ပျက်ချေ၏။ ထိုကသည် ပန်းတောင်၊ သက်သာ. အရပ်ကို တည်ထောင်၍ နေပြန်လေ၏။ ၆-ခြောက်နှစ်ရှိလျှင် ကမ်းယံတို့က တိုက်ပြန်လေ၍ ပျက်ပြန်ချေ၏။ ထိုကမှ မင်းတုန်းမြို့ကို နေ ပြန် လေ၏။ မင်းတုန်းတွင် ရခိုင်တို့က တိုက်ပြန်၍ ပျက်ပြန်ချေ၏။ ၃-သုံးနှစ်နေမှ။ ။သက္ကရာဇ် ခဆ ပဉ္စကိန်းဝင်၊ ၂၉-နှစ်ဆဲ့ကိုးခုတွင် အရိမဒ္ဒနာမည်သော ပြည်ကို သမုဒ္ဒရာဇ်မင်း ဘည်ထောင်စ ပြု၏။

....ဟု **ရာဇဝင်ကြီး**တွင် လာသည်။ **ရာဇဝင်သစ်** နှင့် **မှန်နန်း**တို့က မင်းတုန်းဘွင် နေစဉ် ရခိုင်တို့တိုက်၍ ပျက်ကြောင်းကို မဆို၊ မင်းတုန်းသွ်၌ သုံးနှစ်နေပြီးမှ ယုန်လွှတ်ကျွန်းသို့ ပြောင်းရွှေ့ကြကြောင်းကိုသာ ဆို၏။ တောင်ညိုအရပ်မှာ မည်သည် တွင်ရှိသည်ကို ရာဇဝင် သုံးစောင်၌ မဆိုမမိန့်သော်လည်း **ရာဇဝင်ကြီး**ကို ဟည်းသူက ပျဉ်းမနားမြို့ အနောက်မြောက် ရိုး၂ေဘာ ငံ အရှေ့ဖက် ရေလဲ၌ ရှိသည်ဆိုသည်။

ရာဇဝင် သုံး စောင် တွင် သရေခေတ္တ ရာ မင်း ဆက်အကြောင်း ဤမျှသာ ပါရှိသည်။

ဒေါက်တာရီရီ